ငယ်,လတ်

တိက-ဒုကမာတိကာ

နှင့်

# ဓာတုကထာအောင်ပန်း



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ - ၂၅၅၁ ခု    ကောဇာ - ၁၃၆၉ ပြည့်

## ဤစာအုပ်၌


| | | |
|---|---|---|
| ၁။ | မာတိကာနိဒါန်း | (က) |
| ၂။ | တိကမာတိကာ အရကောက် | ၁ |
| ၃။ | တိကမာတိကာ အဓိပ္ပါယ်များ | ၁၆ |
| ၄။ | ဒုကမာတိကာ အရကောက် | ၁၉ |
| ၅။ | ဒုကမာတိကာ အဓိပ္ပါယ်များ | ၅၄ |
| ၆။ | သုတ္တန္တိက ဒုကမာတိကာ အရကောက် | ၅၉ |
| ၇။ | ဓာတုကထာ အရကောက် | ၇၅ |
| ၈။ | ပထမနယနိဒ္ဒေသ(ဥဒ္ဒေသ) | ၈၀ |
| ၉။ | ဒုတိယနယနိဒ္ဒေသ | ၈၉ |
| ၁၀။ | တတိယနယနိဒ္ဒေသ | ၉၃ |
| ၁၁။ | စတုတ္ထနယနိဒ္ဒေသ | ၉၆ |
| ၁၂။ | ပဉ္စမနယနိဒ္ဒေသ | ၉၉ |
| ၁၃။ | ဆဋ္ဌနယနိဒ္ဒေသ | ၁၀၃ |
| ၁၄။ | သတ္တမနယနိဒ္ဒေသ | ၁၁၅ |
| ၁၅။ | အဋ္ဌမနယနိဒ္ဒေသ | ၁၁၈ |
| ၁၆။ | နဝမနယနိဒ္ဒေသ | ၁၂၀ |
| ၁၇။ | ဒသမနယနိဒ္ဒေသ | ၁၂၄ |
| ၁၈။ | ဧကာဒသမနယနိဒ္ဒေသ | ၁၂၆ |
| ၁၉။ | ဒွါဒသမနယနိဒ္ဒေသ | ၁၂၈ |
| ၂၀။ | တေရသမနယနိဒ္ဒေသ | ၁၃၀ |
| ၂၁။ | စုဒ္ဒသမနယနိဒ္ဒေသ | ၁၃၂ |
| ၂၂။ | ဓာတုကထာ ယေဇွဲပုံ နယူပဒေသ | ၁၃၄ |


စုံလင်စွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားပါသည်။

ကိုလတ် + မငြိမ်းသဲစု - အောင်သမြေ အော့ဖ်ဆက်နှင့်ပုံနှိပ်လုပ်ငန်း၊ ဖုန်း ၀၉-၅၁၀၀၀၀၀

http://www.dhammadownload.com

http://www.dhammadownload.com

ငယ်,လတ်

တိက-ဒုကမာတိကာ

နှင့်

# ဓာတုကထာအောင်ပန်း



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ - ၂၅၅၁ ခု ကောဇာ - ၁၃၆၉ ပြည့်

http://www.dhammadownload.com

ငယ်,လတ်

တိက-ဒုကမာတိကာ

နှင့်

# ဓာတုကထာအောင်ပန်း



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ - ၂၅၅၁ ခု    ကောဇာ - ၁၃၆၉ ပြည့်

http://www.dhammadownload.com

# ဤစာအုပ်၌


| | | |
|---|---|---|
| ၁။ | မာတိကာနိဒါန်း | (က) |
| ၂။ | တိကမာတိကာ အရကောက် | ၁ |
| ၃။ | တိကမာတိကာ အဓိပ္ပါယ်များ | ၁၆ |
| ၄။ | ဒုကမာတိကာ အရကောက် | ၁၉ |
| ၅။ | ဒုကမာတိကာ အဓိပ္ပါယ်များ | ၅၄ |
| ၆။ | သုတ္တန္တိက ဒုကမာတိကာ အရကောက် | ၅၉ |
| ၇။ | ဓာတုကထာ အရကောက် | ၇၅ |
| ၈။ | ပထမနယနိဒ္ဒေသ(ဥဒ္ဒေသ) | ၈၀ |
| ၉။ | ဒုတိယနယနိဒ္ဒေသ | ၈၉ |
| ၁၀။ | တတိယနယနိဒ္ဒေသ | ၉၃ |
| ၁၁။ | စတုတ္ထနယနိဒ္ဒေသ | ၉၆ |
| ၁၂။ | ပဉ္စမနယနိဒ္ဒေသ | ၉၉ |
| ၁၃။ | ဆဋ္ဌနယနိဒ္ဒေသ | ၁၀၃ |
| ၁၄။ | သတ္တမနယနိဒ္ဒေသ | ၁၁၅ |
| ၁၅။ | အဋ္ဌမနယနိဒ္ဒေသ | ၁၁၈ |
| ၁၆။ | နဝမနယနိဒ္ဒေသ | ၁၂၀ |
| ၁၇။ | ဒသမနယနိဒ္ဒေသ | ၁၂၄ |
| ၁၈။ | ဧကဒသမနယနိဒ္ဒေသ | ၁၂၆ |
| ၁၉။ | ဒွါဒသမနယနိဒ္ဒေသ | ၁၂၈ |
| ၂၀။ | တေရသမနယနိဒ္ဒေသ | ၁၃၀ |
| ၂၁။ | စုဒ္ဒသမနယနိဒ္ဒေသ | ၁၃၂ |
| ၂၂။ | ဓာတုကထာ ယောစွဲပုံ နယုပဒေသ | ၁၃၄ |


စုံလင်စွာဖြင့် ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားပါသည်။

တိုလတ် + မြေသဲစု - အောင်သပြေ အော့ဖ်ဆက်နှင့်ပုံနှိပ်လုပ်ငန်း၊ ဖုန်း ၀၉-၅၁၀၀၀၀၀

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ယော်, လတ်

တိက-ဒုကမာတိကာ

နှင့်

# ဓာတုကထာအောင်ပန်း



ဓမ္မဒါန

အရှင်ဉာဏသာမိ (မြစ်သား)

သာသနာ- ၂၅၅၁ ခု ကောဇာ- ၁၃၆၉ ခု

http://www.dhammadownload.com



၁။ အဘိဓမ္မာတရားဟောရန် တာဝတိံသာနတ်ပြည်သို့ ကြွခါနီးတွင် ဘုရားရှင် တန်ခိုးပြာဋိဟာ ပြတော်မူရာ (က) တန်ခိုးပြာဋိဟာ ပြတော်မူခြင်း၏ ရည်ရွယ်ချက်၊ (ခ) ပြတော်မူရာအရပ်တို့ကို ဖြေဆို၍၊ (ဂ) သမ္ပတ္တနိယတာ ဓမ္မာ၊ (ဃ) အနုပုစ္ဆာ ဓမ္မာ-တို့ကို အနက်ပေးခဲ့ပါ။ [ စာမျက်နှာ-၁၀/၁၂-ကြည့်]

၂။ ဖော်ပြပါတို့ကို အရကောက်ပြ၍ တိကမာတိကာလာ "သဗ္ဗလဒ္ဓနာမတိက်" ၏ တိက်မုတ်တရားတို့ကို ရေးသားခဲ့ပါ။ [ စာမျက်နှာ (၁/၁၇)-ကြည့်]

(က) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော တရား။[ စာမျက်နှာ-၇-ကြည့်]

(ခ) နည်းသော အာနုဘော်ရှိသော တရား။[ စာမျက်နှာ-၈-ကြည့်]

၃။ ဟေတုစေဝ ဓမ္မာ သဟေတုကာစ-ဟူသောပုဒ်ကို အရကောက်၍ သစ္စာမျှသာ ဖွဲ့ပြပါ။ [ စာမျက်နှာ-၂၀-ကြည့်]

* မောဟမူဒွေး၌ မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။

* **သစ္စာအားဖြင့် ၃-ပါးဟူသော်ကား** - လောကီသဟိတ်စိတ် ၆၃-ခု၊ လောဘကြဉ်သော ဟိတ် ၅-ပါးသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမုဒယသစ္စာမည်၏။ မဂ်စိတ် ၄-ခု၌ရှိသော အမောဟ စေတသိက်တည်းဟူသော သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော သောတာပတ္တိမဂ် ၁-ပါး၊ သကဒါဂါမိမဂ် ၁-ပါး၊ အနာဂါမိမဂ် ၁-ပါး၊ အရဟတ္တမဂ် ၁-ပါးသည် မဂ္ဂသစ္စာ မည်၏။မဂ်စိတ် ၄-ခု၌ရှိသော အလောဘ, အဒေါသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော အလောဘ, အဒေါသ, အမောဟ-သည် သစ္စာ-ဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

၄။ "သရဏာ ဓမ္မာ" ကို အနက်ပေးပြ၍ ဖော်ပြပါတို့၏ အရကို မှန်ကန်စွာ ကောက်ပြပါ။ (က) ဥပါဒါ ဓမ္မာ၊ (ခ) ဥပါဒါနာ ဓမ္မာ။

[ စာမျက်နှာ-၄၁/၄၂/၅၃-ကြည့် ]

၅။ "မေတ္တာ" ၏ တရားကိုယ်ကို ဓာတုကထာ ဥဒ္ဒေသနှင့်အညီ ကောက်ပြ၍၊ စတုတ္ထနယ ဥဒါန်းစဉ်ဂါထာကို ပါဠိမျှသာ ရေးသားပါ။[ စာမျက်နှာ-၈၇/၉၆-ကြည့်]

၆။ သမုဒယသစ္စေန ယေ ဓမ္မာ-၌ "ယေ ဓမ္မာ"အရကို တတိယ, စတုတ္ထ, ပဥ္စမနယ တို့နှင့်အညီ ဖွဲ့ပြပါ။ [ စာမျက်နှာ-၁၃၈-ကြည့်]

မေး ။ ။ (က) တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ၊ (ခ) သဘာဂေါ ဝိသဘာဂေါ-ဟူသော မာတိကာပါဠိတို့သည် အဘယ်မာတိကာ ပါဠိတို့ဖြစ်ပါသနည်း၊ အကြောင်းသွင်း၍ ရှင်းပြပါ။[၇၇/၇၈]

ဖြေ ။ ။ (က) လေးပုဒ်တို့ဖြင့် ထားအပ်သောကြောင့် "နယမုခမာတိကာ" မည်ပါသည်။

(ခ) နှစ်ပုဒ်တို့ဖြင့် ထားအပ်သောကြောင့် "လက္ခဏာမာတိကာ" မည်ပါသည်။

http://www.dhammadownload.com



# မာတိကာ နိဒါန်း

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာ မဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။

ဟူသော အဋ္ဌကထာပါဠ်နှင့်အညီ ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာ တသိန်း အလွန်ရှိသော လေးသင်္ချေထက်၌ "သုမေဓာရသေ့" ဖြစ်၍ "ဒီပင်္ကရာ မြတ်စွာ ဘုရား" ခြေတော်ရင်း၌ ကိုယ်တော်အထီးတည်း နိဗ္ဗာန်ဆုကို ယူတော်မူသည်ရှိသော် ရအပ်သော အားအစွမ်းကို မြင်တော်မူသော ယောကျ်ားမြတ်ဖြစ်လျက် တစ်ယောက် အထီးတည်း ကူးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဝေနေယျသတ္တဝါ အပေါင်းတို့ကို သံသရာတည်းဟူသော ရေအလျဉ်မှ ထုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တင်အံ့-ဟု ကြံတော်မူသဖြင့်--

ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်းဟူသော ဩဃ လေးပါး၌ နစ်မွန်း မျောပါးကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူလှ သည်ဖြစ်၍ လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်သဖြင့် "သုမေဓာ ရှင်ရသေ့" အဖြစ်မှသည် "ဝေဿန္တရာမင်း" အဖြစ်တိုင်အောင် မရေတွက်နိုင်သော ဘဝတို့၌---

၁။ ရွှေ, ငွေ, ဆင်, မြင်း အစရှိသော အပဝတ္ထုကို လှူခြင်းတည်းဟူသော ဒါန ပါရမီ၊ ၂။ ခြေ, လက်, နား, နှာခေါင်း အစရှိသည်ကို လှူခြင်းတည်းဟူသော ဒါန ဥပပါရမီ၊ ၃။ ကိုယ်, အသက်ကို လှူခြင်းတည်းဟူသော ဒါနပရမတ္ထပါရမီ အစရှိသော ပါရမီ (၃၀) တို့ကိုရင်း။

၁။ အလွန်ပြုနိုင်ခဲသော ပဒေသရာဇ်, စေကရာဇ်, စကြာမင်းတို့၏ စည်းစိမ် ဥစ္စာ ရတနာကို စွန့်ခြင်းတည်းဟူသော ဓနပရိစ္စာဂ၊ ၂။ သား သမီးကို စွန့်ခြင်းတည်းဟူ သော ပုတ္တပရိစ္စာဂ၊ ၃။ မယားကို စွန့်ခြင်းတည်းဟူသော ဘရိယပရိစ္စာဂ၊ ၄။ ခြေ, လက်,နား,နှာခေါင်း အစရှိသော အင်္ဂါကြီးငယ်ကို စွန့်ခြင်းတည်းဟူသော အင်္ဂပရိစ္စာဂ ၅။ ကိုယ်, အသက်ကို စွန့်ခြင်းတည်းဟူသော ဇီဝိတပရိစ္စာဂ။ ဤစွန့်ခြင်းကြီး ၅-ပါး တို့ကိုရင်း ဖြည့်စွန့်တော်မူပြီး၍--

တုသိတာနတ်ပြည်၌ သေတကေတု အမည်ရှိသော နတ်သားဖြစ်၍ နတ်တကာ တို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော အကြောင်းတို့ဖြင့် လွန်မြတ် လျက် တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်လေးထောင်၊ ယာမာနတ်တို့ ၏ အရေအတွက်အားဖြင့် အနှစ်ရှစ်ထောင်၊ တာဝတိံသာနတ်တို့၏ အရေအတွက် အားဖြင့် အနှစ်တသောင်းခြောက်ထောင်၊ စာတုမဟာရာဇ်နတ်တို့၏ အရေအတွက် အားဖြင့် အနှစ်သုံးသောင်းနှစ်ထောင်၊ လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့် ခုနစ်

http://www.dhammadownload.com



ကုဋေ အနှစ်ခြောက်သန်း ကာလပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီး၍

နတ်တို့၏ စည်းစိမ်ကို ခံစားတော်မူပြီးသော အဆုံး၌ " အလောင်းမင်း၊ ဘုရားဖြစ်အံ့သော အခါ တန်ပါပြီ၊ လောကသုံးပါး၌ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ" ဟု တစ်သောင်းသော စကြဝဠာတိုက်မှ လာ၍ **နတ်ဗြဟ္မာ အပေါင်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍---**

ကာလ, ဒီပ, ဒေသ, ကုလ, မာတု အာယုပရိစ္ဆေဒ-တည်းဟူသော ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်တော်မူပြီး၍ ဝါဆိုလပြည့်နေ့ အာသဠ္ဟီနက္ခတ်နှင့်ယှဉ်လျက် မဟာသမ္မတမင်း မှစ၍ အသမ္ဘိန္န ခတ္တိယ မင်းမျိုး၌ ကပိလဝတ်ပြည်ကြီးရှင် သုဒ္ဓေါဒန မင်းကြီး၏ မင်္ဂလာမဟာဒေဝီ မယ်တော်မယာဝမ်း-၌ ပဋိသန္ဓေနေပြီး၍ ဆယ်လစေ့သဖြင့် ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားတော်မူ၍ တစ်ဆယ့်ခြောက်နှစ်မြောက်သောအခါ မင်းဆက်တကာ မစံဘူးသော "ရမ္မ, သုဘ, သုရမ္မ"တည်းဟူသော ရွှေနန်းသုံးဆောင်၌ ယသောဓရာအမှူးရှိသော ရွှေအဆင်းနှင့်တူသော မင်းသမီးအပေါင်း လေးသောင်းခြံရံလျက် နတ်၏စည်းစိမ်နှင့်တူသော မင်း၏စည်းစိမ်ကို ခံစားစဉ် " သူအို, သူနာ, သူသေ, ရဟန်း" တည်းဟူသော နိမိတ်ကြီးလေးပါး ထင်သဖြင့် ထိုစည်းစိမ်ကို စွန့်၍ ရဟန်းပြုတော်မူလျက် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ--

အဇပါလညောင်ပင်ရင်း၌ သုဇာတာ အမည်ရှိသော သူဌေးသမီးသည် လှူအပ်သော နို့ယနာဆွမ်းကိုခံလျက် နေရဉ္ဇရာ မြစ်ကမ်းနား၌ [လေးဆယ့်ကိုးလုတ် မယုတ်လွေးလွေး] ဘုဉ်းပေးတော်မူ၍ ညချမ်းသောအခါ နတ်တို့သည် စီရင်အပ်သော လမ်းဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၍--

တောင်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍ အနောက်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍၊ မြောက်အရပ်က ဝင်အံ့ဟု ရပ်တော်မူသည်ရှိသော် မြေကြီးစောင်းထောင် ရှိသောကြောင့် မဝင်မူ၍၊ အရှေ့မြောက်ထောင့်အရပ်က ရပ်လျက် (တစ်နည်းလည်း) အရှေ့အရပ်က ရပ်လျက် သောတ္ထိယ မောင်ချမ်းသာ သည် လှူအပ်သော မြက်ရှစ်ဆုပ်ကို ကြဖြန့်သောအခါ ရတနာခုနစ်ပါးဖြင့် ပြီးသော အပရာဇိတပလ္လင်ပေါက်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူလျက် ပုရိမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်ကို ရတော်မူ၍ လောကသုံးပါး၌ အတုမရှိသော သဗ္ဗညု အဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည် လူ, နတ်

http://www.dhammadownload.com



ပြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာ ဆောင်တော်မူလျက် ဘုရားဖြစ်တော်မူ၍ ခုနစ်ဝါမြောက်သော ကာလ သာဝတ္ထိပြည်၏အနီး ကဏ္ဍ အမည်ရှိသော ဥယျာဉ်စောင့် သည် စိုက်အပ်သော သရက်ပင်၏ အရင်း၌ တိတ္ထိတို့ကို နှိပ်နင်းခြင်းငှာ ရေ, မီး အစုံ အစုံ အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသော အဆုံး၌ သုံးဖဝါးသာ နင်း သဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပင်၏ အရင်း၌ ခင်း ထားအပ်သော ပဏ္ဍုကမ္ဗလာ **ကျောက်ဖျာထက်၌** နေမင်းကဲ့သို့ တင့်တယ်စွာ နေ တော်မူလျက် မယ်တော်ဖြစ်ခဲ့ဘူးသော **သန္တုသိတနတ်သား**ကို အကြီးအမှူးပြု၍ တစ် သောင်းသော စကြဝဠာတိုက်မှ တညီတညွတ်တည်း စည်းဝေးလာကုန်သော နတ်, ပြဟ္မာ အပေါင်းတို့အား အစွမ်းသုံးပါးနှင့်ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ဖြင့် လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်စွာသော အဘိဓမ္မာဒေသနာတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

ထိုဝါတွင်းသုံးလပတ်လုံး ဟောတော်မူအပ်သော အဘိဓမ္မာဒေသနာတော်မြတ် သည်လည်း " **ဝိတ္ထာရနယ, သခ်ေပနယ, နာတိဝိတ္ထာရ နာတိသခ်ေပနယ**" အားဖြင့် သုံးပါးအပြားရှိ၏။ [နယ ၃–ပါး]

တာဝတိံသာနတ်ပြည်၌ နတ်အပေါင်းတို့အား ဟောတော်မူအပ်သော ဒေသနာ တော်သည် အလွန်ကျယ်လွန်းသောကြောင့် "**ဝိတ္ထာရနယ**" မည်၏။

စန္ဒကူးတော၌ နေတော်မူသောအခါ အရှင်သာရိပုတ္တရာအား ဟောတော်မူအပ် သော ဒေသနာတော်သည် အလွန်ကျဉ်းလွန်းသောကြောင့် "**သခ်ေပနယ**" မည်၏။

အရှင်သာရိပုတ္တရာသည် လင်းနို့သားဖြစ်ဖူးသော ငါးရာသော ရဟန်းတို့အား ဟောတော်မူအပ်သော ဒေသနာတော်သည် မကျဉ်းမကျယ်လွန်းသောကြောင့် "**နာတိ ဝိတ္ထာရ နာတိသခ်ေပနယ**" မည်၏။

ပါရမီသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး တည်းဟူသော "အဝိဂမနိဒါန်း ဒေသနာနိဒါန်း" ၂-ပါးနှင့် ပြည့်စုံ၏။ [ **နိဒါန်း ၂–ပါး** ]

"ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း" တည်းဟူသော **နိဒါန်း ၃–ပါး**နှင့် လည်း ပြည့်စုံ၏။ [ **အဘိဓမ္မာ ၇–ကျမ်း** ]

ထိုနိဒါန်း ၃-ပါးနှင့် ပြည့်စုံသော အဘိဓမ္မာဒေသနာတော်သည် ပကရဏပရိစ္ဆေဒ အားဖြင့် " ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်း" ဟူ၍ ၇-ပါးအပြားရှိ၏။

ထို ၇-ပါးတို့တွင် "ဓမ္မသင်္ဂဏီကျမ်း" ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဓမ္မသင်္ဂဏီ ကျမ်း၌လည်း ကဏ္ဍအားဖြင့် " စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာ

http://www.dhammadownload.com



ကဏ္ဍ" ဟူ၍ ၄-ပါးအပြားရှိ၏။

ထို ၄-ပါးတို့တွင် " စိတ္တုပ္ပါဒကဏ္ဍ" ကို ရှေးဦးစွာ ဟောတော်မူ၏။ ထို စိတ္တုပ္ပါဒ ကဏ္ဍာ၌လည်း မာတိကာ ပဒဘာဇနီ အားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် မာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုမာတိကာ၌လည်း တိကမာတိကာ, ဒုကမာတိကာ အားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် တိကမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုတိကမာတိကာ ၌လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ၂၂-ပါး အပြားရှိ၏။

ထို ၂၂-ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလတိက် ၌လည်း ပဌမပဒ, ဒုတိယပဒ, တတိယပဒ အားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား------- ကုသလာဓမ္မာ ဟူသည်တည်း။ ထို့နောင် ဒုတိယပဒကို ဟောတော်မူ၏၊ဟောဟန် ကား-- အကုသလာဓမ္မာ ဟူသည်တည်း။ ထို့နောင် တတိယပဒကို ဟောတော်မူ၏၊ ဟောဟန်ကား-- အဗျာကတာ ဓမ္မာ ဟူသည်တည်း။

*** အလောင်းတော် ဖွားမြင်သောအချိန်၌ ယှဉ်သောနက္ခတ် •** ဝိသာခါနက္ခတ်။

*** သုံးဆောင်စံစားသော ရွှေနန်းဆောင်တို့၏ အမည် •** ရမ္မ, သုဘ, သုရမ္မတည်း ဟူသော ရွှေနန်း ၃-ဆောင်။

*** မဟာဓာတ်စေတီမဏ္ဍိုင်သို့ ကြွတော်မူရာ ရှေးဦးစွာဝင်ဖဲ့ဟု ကြံစွယ်သော အရပ်** တောင်အရပ် ဖြစ်ပါသည်။ *** ပါရမီပြည့်ရာ ကမ္ဘာအရေအတွက် •** လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ *** အလောင်းတော်၏အမည် •** သုမေဓာရှင်ရသေ့။

*** ဗျာဒိတ်ပေးသော ဘုရားရှင် •** ဒီပင်္ကရာ မြတ်စွာဘုရား။

*** ဝေနေယျနှင့် သတ္တဝါ အထူး** ။ ။ ယခု ဘုရား ဆုံးမဟောချက်၍ ယခုဘဝ ဖြစ်စေ, နောင်ဘဝ အဆက်ဆက်၌ဖြစ်စေ မဂ်, ဖိုလ်ကို ရထိုက်သော ပုဂ္ဂိုလ်သည် "ဝေနေယျ" မည်၏။ မရထိုက်သော ပုဂ္ဂိုလ်သည် "သတ္တဝါ" မည်၏။

*** ဘုရားလောင်း သေတကေတုနတ်သား နတ်စည်းစိမ်စံစားရာ၌ လူတို့၏ အရေ အတွက်အားဖြင့် အသက်တမ်း •** ၅၇-ကုဋေ အနှစ် ၆-သန်း။

*** လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါရန် နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန် အပ်သော စကားရပ် •** အလောင်းမင်း၊ ဘုရား ဖြစ်ဖို့သောအခါ တန်ပါပြီ၊ လောက သုံးပါး၌ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ် တော်မူပါ။

*** ဘုရားအလောင်း ဖွားတော်မူရာ တိုင်းပြည်, လ, နေ့, နက္ခတ် •** ကပိလဝတ်

http://www.dhammadownload.com



ပြည်၊ ကဆုန်လ၊ သောကြာနေ့၊ ဝိသာခါနက္ခတ်။

* **ယနာန္တီဆွမ်း အလှူခံရာဌာန** - အဇပါလညောင်ပင်ရင်း၊ * **ယနာန္တီဆွမ်းလှူ ခါန်းသူ** - သုဇာတာသူဌေးသမီး၊ * **နို့ယနာဆွမ်း ဘုဉ်းပေးရာဌာန** - နေရဉ္ဇရာမြစ် ကမ်းနား၌ ဘုဉ်းပေးတော်မူပါသည်။

* **တန်ခိုးပြာဋိဟာ ပြတော်မူခြင်း၏ ရည်ရွယ်ချက်** - တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ဖြစ်ပါသည်။ * **ပြတော်မူရာအရပ်** - သာဝတ္ထိပြည်၏အနီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်အပ်သော သရက်ပင်၏အရင်း ဖြစ်ပါသည်။

* **ဉာဏ်တော်သုံးပါးနှင့် ရရာကာလ** - (၁) ပုရိမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်၊ (၂) မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ (၃) ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်။

**မေး ။ ။** ဘုရားရှင်သည် ဖဝါးမည်မျှနင်း၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် အဘယ်အရပ်၌ အဘယ်ကဲ့သို့ နေတော်မူလျက် အဘိဓမ္မာဒေသနာတော်ကို ဟော ကြားတော်မူပါသနည်း။

* ဘုရားရှင်သည် သုံးဖဝါးမျှနင်း၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် ပင်လယ်ကသစ်ပင်၏အရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖြာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် အဘိဓမ္မာဒေသနာတော်ကို ဟောကြား တော်မူပါသည်။

* **အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောတော်မူရာ၌ အကြီးအမှူးပြုသော နတ်သား၏ အမည်နှင့် လ-အပိုင်းအခြား** - သန္တုသိတနတ်သား၊ ဝါတွင်း သုံးလ။

* **မြက်ရှစ်ဆုပ် လှူခါန်းသူ** - သုဗ္ဗိယ ငစင်၊ * **ဥယျာဉ်စောင့်အမည်** - ကဏ္ဍ၊

* **ပဏ္ဍုကမ္ဗလာ ကျောက်ဖျာခင်းရာ ဌာန** - ပင်လယ်ကသစ်ပင်ရင်း။

* **ဝိဇ္ဇာရနုယဒေသနာတော် ဟောကြားရာ နတ်ပြည်** - တာဝတိံသာနတ်ပြည်။

* **ပကရဏာပရိစ္ဆေဒအားဖြင့် အဘိဓမ္မာ ဒေသနာတော် အရေအတွက်** - ဓမ္မ သင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်း-တို့ ဖြစ်ပါသည်။

* **အဘိဓမ္မာ ၇-ကျမ်းတွင် တိက်, ဒုက် ပါဝင်သော ကျမ်းအမည်နှင့် ယင်းကျမ်း ၏ ကဏ္ဍများ** - ကျမ်းအမည်ကား- ဓမ္မသင်္ဂဏီကျမ်း ဖြစ်ပါသည်။

* **ဓမ္မသင်္ဂဏီကျမ်း၏ ကဏ္ဍများကား** -စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာ ကဏ္ဍ-တို့ ဖြစ်ပါသည်။

* **ဝိဇ္ဇာရနုယကို** -- ဟောရာဒေသ - တာဝတိံသာနတ်ပြည်၊ * ဟောသော ပုဂ္ဂိုလ်- မြတ်စွာဘုရား၊ * **တရားနာပရိသတ်** - သန္တုသိတနတ်သား အမှူးရှိသော

http://www.dhammadownload.com



စကြဝဠာတိုက် တစ်သောင်းမှ နတ်, ဗြဟ္မာအပေါင်း။

* **သစ္စာပကာသနယကို** ဟောရာဒေသ = စန္ဒကူးတော၊ * ဟောသောပုဂ္ဂိုလ် = မြတ်စွာဘုရား၊ * တရားနာပရိသတ် = အရှင်သာရိပုတ္တရာ ဖြစ်ပါသည်။

* **နာတိဝိတ္ထာရ နာတိသစ္စာပကာသနယကို**-- ဟောရာဒေသ = သင်္ကာသနဂိုရ်မြို့၊ * သောသောပုဂ္ဂိုလ် = အရှင်သာရိပုတ္တရာ၊ * တရားနာပရိသတ် = လင်းနို့သား ဖြစ်ခဲ့ဖူးသော ရဟန်း ငါးရာ-တို့ ဖြစ်ပါသည်။

* **စရိယ ၃-ပါး** = လောကတ္ထစရိယ, ဉာတတ္ထစရိယ, ဗုဒ္ဓတ္ထစရိယ-တို့ဖြစ်ပါသည်။

* **နိဒါန်း ၂-ပါးနှင့် အဓိပ္ပါယ်** ။ ။ ၁။ အဗ္ဘိဂမနိဒါန်း၊ ၂။ ဒေသနာနိဒါန်း။

အဘိဓမ္မာကို သိကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော်ကို ဖြစ်စေတတ်သော ပါရမီ, စာဂ, စရိယ-တို့သည် "အဗ္ဘိဂမနိဒါန်း" မည်၏။ [ နိယတဗျာဒိတ်ကို ရသည်မှ စ၍ ဗောဓိပင်နှင့် ရွှေပလ္လင်တိုင်အောင်သော ကာလသည် "**အဗ္ဘိဂမနိဒါန်း**" မည်၏]

အဘိဓမ္မာကို ဟောကြောင်းဖြစ်သော ဒေသနာဉာဏ်ကို ဖြစ်စေတတ်သော ပါရမီ, စာဂ, စရိယ-တို့သည် "ဒေသနာနိဒါန်း" မည်၏။[ ဗောဓိပင်နှင့် ရွှေပလ္လင်က စ၍ ပဉ္စဝဂ္ဂီ ငါးဦးတို့ကို ဓမ္မစကြာတရား ဟောတော်မူသည့်တိုင်အောင်သော ကာလသည် "**ဒေသနာနိဒါန်း**" မည်၏။]

➤ **နိဒါန်း ၃-ပါး အထူး** ။ ။ နိယတဗျာဒိတ်ကို ရသည်မှစ၍ တုသိတာနတ်ပြည်၌ တုသိတာနတ်သား ဖြစ်သည်တိုင်အောင်သော ကာလသည် အဘိဓမ္မာဒေသနာတော်၏ ဖြစ်ခြင်း၏ ဝေးသောအကြောင်း ဖြစ်သောကြောင့် "**ဒူရေနိဒါန်း**" မည်၏။

တုသိတာ နတ်ပြည်မှစ၍ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏ အရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက်သို့ ရောက်သည်တိုင်အောင်သော ကာလသည် အဘိဓမ္မာဒေသနာတော် ဖြစ်ခြင်း၏ မနီး မဝေးလွန်းသောကြောင့် "**အဝိဒူရေနိဒါန်း**" မည်၏။

၃။ ကျောက်နေရာထက်သို့ ရောက်သည်မှစ၍ "ကုသလာ ဓမ္မာ" စသည်ဖြင့် ဟောတော်မမူမီ တိုင်အောင်သော ကာလသည် အဘိဓမ္မာဒေသနာ ဖြစ်ခြင်း၏ နီးစွာသော အကြောင်းဖြစ်လေသောကြောင့် "**သန္တိကေနိဒါန်း**" မည်၏။

➤ **ခန္ဓာအားဖြင့် ၅-ပါးဟူသော်ကား**

၁။ ရုပ် အဋ္ဌဝီသ(၂၈) သည် ရူပက္ခန္ဓာ မည်၏။

၂။ စေတသိက် ဒွေပညာသ (၅၂) တို့တွင် ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ ၃။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ၄။ ဝေဒနာ, သညာ မှ ကြွင်းသော စေတသိက် ပညာသ(၅၀) သည် သင်္ခါရက္ခန္ဓာ မည်၏။

http://www.dhammadownload.com



၅။ စိတ်တစ်ခုယုတ် ကိုးဆယ်(၈၉) သည် ဝိညာဏက္ခန္ဓာ မည်၏။ * နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါး ဖြစ်သတည်း။

### ➤ အာယတနအားဖြင့် ၁၂-ပါး ဟူသော်ကား

ရုပ် အဌဝီသ(၂၈) တို့တွင် စက္ခုပသာဒရုပ်သည် စက္ခာယတနမည်၏။ သောတပသာဒရုပ်သည် သောတာယတန မည်၏။ ဃာနပသာဒရုပ်သည် ဃာနာယတန မည်၏။ ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန မည်၏။ ကာယပသာဒရုပ်သည် ကာယာယတန မည်၏။ ရူပါရုံသည် ရူပါယတန မည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတန မည်၏။ ရသာရုံသည် ရသာယတန မည်၏။ ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ စိတ်တစ်ခုယုတ် ကိုးဆယ် (၈၉) သည် မနာယတန မည်၏။ စေတသိက် ဒွေပညာသ(၅၂)၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ် ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ-အားဖြင့် သုခုမရုပ် သောဠသ(၁၆)၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။

ဤသို့လျှင် အာယတနအားဖြင့် ၁၂-ပါး ဖြစ်သတည်း။

### ➤ ဓာတ်အားဖြင့် ၁၈-ပါး ဟူသော်ကား

ရုပ် အဌဝီသ(၂၈) တို့တွင် စက္ခုပသာဒရုပ်သည် စက္ခုဓာတ်မည်၏။ သောတပသာဒရုပ်သည် သောတဓာတ်မည်၏။ ဃာနပသာဒရုပ်သည် ဃာနဓာတ် မည်၏။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဓာတ် မည်၏။ ကာယပသာဒရုပ်သည် ကာယဓာတ် မည်၏။ ရူပါရုံသည် ရူပဓာတ် မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ် မည်၏။ ဂန္ဓာရုံ သည် ဂန္ဓဓာတ် မည်၏။ ရသာရုံသည် ရသဓာတ် မည်၏။ ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏။ စိတ်တစ်ခုယုတ် ကိုးဆယ် (၈၉) တို့တွင် စက္ခုဝိညာဉ်ဒွေးသည် စက္ခုဝိညာဏဓာတ် မည်၏။ သောတဝိညာဉ်ဒွေးသည် သောတဝိညာဏဓာတ် မည်၏။ ဃာနဝိညာဉ်ဒွေးသည် ဃာနဝိညာဏဓာတ် မည်၏။ ဇိဝှါဝိညာဉ်ဒွေးသည် ဇိဝှါဝိညာဏဓာတ် မည်၏။ ကာယဝိညာဉ်ဒွေးသည် ကာယဝိညာဏဓာတ် မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ် မည်၏။ ကြွင်းသော စိတ် (၇၆) ခုသည် မနောဝိညာဏဓာတ် မည်၏။

စေတသိက် ဒွေပညာသ(၅၂)၊ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ် ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ-အားဖြင့် သုခုမရုပ် သောဠသ(၁၆)၊ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈-ပါး ဖြစ်သတည်း။

http://www.dhammadownload.com



**➢ သစ္စာအားဖြင့် ၄-ပါး ဟူသော်ကား**

လောကီစိတ် ကောသိတိ(၈၁)၊ လောဘကြဉ်သော စေတသိက် ကေပညာသ(၅၁) ရုပ် အဋ္ဌဝီသ(၂၈) သည် ဒုက္ခသစ္စာ မည်၏။ * လောဘ စေတသိက်သည် သမုဒယ သစ္စာ မည်၏။ * နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ * မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ သမ္မာသမာဓိ-ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး/၇ပါး၊ သကဒါဂါမိမဂ် ၈-ပါး/၇-ပါး၊ အနာဂါမိမဂ် ၈-ပါး ၇-ပါး၊ အရဟတ္တမဂ် ၈-ပါး/၇-ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါး ဖြစ်သတည်း။

**➢ သောတာပတ္တိမဂ် ၈-ပါး /၇-ပါး** ။ ။ သောတာပတ္တိမဂ် ပထမဈာန်၌ မဂ္ဂင် ၈-ပါး ရသည်ကို ရည်၍ ၈-ပါး ဆိုပါသည်။ ဒုတိယဈာန် စသည်၌ ဝိတက်ကြဉ်၍ မဂ္ဂင် ၇-ပါး ရသည်ကို ရည်၍ ၇-ပါး ဆိုပါသည်။(သကဒါဂါမိမဂ် ၈-ပါး/၇-ပါး၊အနာဂါမိမဂ် ၈-ပါး/၇-ပါး၊ အရဟတ္တမဂ် ၈-ပါး/၇-ပါး နည်းတူ)

**➢ မဂ်စိတ္တုပ္ပါဒ် ၂၉-ပါးကား** ။ ။ မဂ်စိတ်၌ စေတသိက် ၃၆-ခုတို့တွင် မဂ္ဂင် တရားကိုယ် ၈-ပါးကို ကြဉ်၍ ၂၈-ခု ဖြစ်၏၊ စိတ်သည် အာရမ္မဏဝိဇာနန အာရုံကို သိခြင်း လက္ခဏာ တပါးသာဖြစ်၍ မဂ်စိတ် ၄-ခုကို တခုတည်းလုပ်၍ ထည့်သော် မဂ်စိတ္တုပ္ပါဒ် ၂၉-ခု ဖြစ်ပါသည်။

**➢ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါး** ။ ။ ဖိုလ်စိတ် ၄-ခု၌ စေတသိက် ၃၆-ခု ရ၏၊ ၎င်း ဖိုလ်စိတ် ၄-ခုကို တစ်ခုတည်းလုပ်၍ ထည့်သော် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါး ဖြစ်ပါသည်။

**➢ သုခုမရုပ် ၉-ခု ဖြစ်ပုံ** ။ ။ သုခုမရုပ် ၁၆-ခုတွင် ကမ္မဇ မဟုတ်သော ဝိညတ်ဒွေ လဟုတာဒိတ္တယ၊ လက္ခဏာရုပ် ၄-ခုအားဖြင့် ၉-ခုကြဉ်လျှင် ၇-ခုဖြစ်၏၊ ကမ္မဇရုပ်၏ ဥပါဒ် ဌီဖြစ်၍ မကင်းကောင်းသော ဥပစယ, သန္တတိ ၂-ပါးထည့်လျှင် သုခုမရုပ် ၉-ခု ဖြစ်ပါသည်။

**➢ ဆမ္ဗန္ဓသောတိက် (တိက်မုတ်ထုတ်ရသော တိက်)** ။ ။ ၂၂-တိက်တို့တွင် -- ဝေဒနာတိက်, ဝိတက္ကတိက်, ပီတိတိက်, ပရိတ္တာရမ္မဏတိက်, မဂ္ဂါရမ္မဏတိက်, ဥပ္ပန္န တိက်, အတီတတိက်, အတီတာရမ္မဏတိက်, အဇ္ဈတ္တာရမ္မဏတိက်-တို့ ဖြစ်ပါသည်။

**➢ နိပ္ပဒေသတိက် (တိက်မုတ် မထုတ်ရသော တိက်)** ။ ။ ကုသလတိက်၊ ဝိပါက တိက်၊ ဥပါဒိန္နတိက်၊ သံကိလိဋ္ဌတိက်၊ ဒဿနတိက်၊ ဒဿနဟေတုတိက်၊ အာစယဂါမိ တိက်၊ သေက္ခတိက်၊ ပရိတ္တတိက်၊ ဟီနတိက်၊ မိစ္ဆတ္တတိက်၊ အဇ္ဈတ္တတိက်၊ သနိဒဿန တိက်-တို့ ဖြစ်ပါသည်။ (၁၃) တိက်။

http://www.dhammadownload.com



# မာတိကာ အောင်ပန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**တိက်အစရေအတွက်**

ကု, ဝေ, မှာ ဝိ, ဥ ဖက်လို့၊ သံ, တက်နှင့် ပီ, ဒ, ဟေ။
အာ, သေက်တွင် ပ နှစ်ခု၊ ဟောမူ မသွေ။
ဟီ, မိ, မ, ဥပ္ပန္နေ၊ တိနှစ်ထွေ, အင်ဒွေး။
သ-တတန် "ဗာဝီတိက်"ကို၊ ခဲကြိတ်လို့ တွေး။

**တိကမာတိကာ အရကောက်/၁။ ကုသလတိက်**

ပ။ **ကုသလာ ဓမ္မာ** ။ ။ ကုသလာ-အနဝဇ္ဇသုခဝိပါကလက္ခဏာ၊အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား** ။ ။ ကုသိုလ်စိတ် ကေဝီသ(၂၁)၊စေတသိက် အဋ္ဌတိံသ(၃၈) ရ၏။ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး၊ အာယတနအားဖြင့် ၂-ပါး၊ ဓာတ်အားဖြင့် ၂-ပါး၊ သစ္စာအားဖြင့် ၂-ပါးဖြစ်ကုန်၏။ **[သစ္စဝိမုတ်- မဂ်စိတ္တုပ္ပါဒ်-၂၉]**

ဒု။ **အကုသလာ ဓမ္မာ** ။ ။ အကုသလာ-သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊အပြစ်နှင့် တကွဖြစ်ခြင်း, မကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။ဓမ္မာ-နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား** ။ ။ အကုသိုလ်စိတ် ဒွါဒသ(၁၂)၊ စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂×၂)

တ။ **အဗျာကတာ ဓမ္မာ** ။ ။ အဗျာကတာ-ကုသလာကုသလဘာဝေန အကထိတာ အညဘာဝေန ကထိတာ၊ကုသိုလ် အကုသိုလ်တို့၏ အဖြစ်အားဖြင့်ကား မဟောကြားအပ်ကုန်, တစ်ပါးသောအဖြစ်အားဖြင့်သာ ဟောကြားအပ်ကုန်သော။ ဓမ္မာ-နိဿတ္တ နိဇ္ဇီဝ သဘာဝါ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။ **[သစ္စဝိမုတ်- ဖိုလ်စိတ္တုပ္ပါဒ်-၃၇]**

**အရကား** ။ ။ ဝိပါက်စိတ် ဆတ္တိံသ(၃၆)၊ ကြိယာစိတ်ဝီသ(၂၀)၊ စေတသိက်အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (၅× ၁၂× ၁၈× ၂)

**၂။ ဝေဒနာတိက် (သမ္ပလန္ဓနာမတိက်)**

ပ။ **သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ။ ။ သုခါယ၊သုခဖြစ်သော။ဝေဒနာယ၊ ဝေဒနာနှင့်။သမ္ပယုတ္တာ၊အညီအညွတ် ကေ့ပ္ပါဒ အစရှိသော အပြားတို့ဖြင့်ယှဉ်ကုန်သော ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘော

http://www.dhammadownload.com



တရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား** ။ ။ သုခသဟဂုတ်စိတ် ၆၃-ခု၊ ဝေဒနာ, ဒေါသ, ကုက္ကုစ္စ, မစ္ဆရိယ, ကု ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစ္တ္တာလီသ(၄၆) ရ၏။ (၃× ၂× ၃× ၃)

ဒု။ **ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ။ ။ ဒုက္ခာယ၊ဒုက္ခဖြစ်သော။ဝေဒနာယ၊ ဝေဒနာနှင့်။သမ္ပယုတ္တာ၊ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

**အရကား** ။ ။ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ဝေဒနာ, ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိ ကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသ(၂၁) ရ၏။ (၃× ၂× ၃× ၁)

တ။ **အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ။ ။ အဒုက္ခမသုခါယ၊ဒုက္ခလည်း မဟုတ်, သုခလည်းမဟုတ်သော။ (ဝါ) ဒုက္ခမှလည်းတစ်ပါး, သုခမှလည်းတစ်ပါးသော။ ဝေဒနာယ၊ဝေဒနာနှင့်။သမ္ပယုတ္တာ၊ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

**အရကား** ။ ။ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ဝေဒနာ, ပီတိ, ဒေါသ, ကုက္ကုစ္စ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ဆစ္တ္တာလီသ(၄၆) ရ၏။ (၃× ၂× ၇× ၃)

**[သစ္စဝိမုတ်- မဂ်စိတ္တုပ္ပါဒ်-၂၆/ဖိုလ်စိတ္တုပ္ပါဒ်-၃၃]** ➤ **တိက်မှတ်** ။ ။ သုခ ဝေဒနာ ၆၃-ခု၊ ဒုက္ခဝေဒနာ ၃-ခု၊ ဥပေက္ခာ ဝေဒနာ ၅၅-ခု၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။

## ၃။ ဝိပါကတိက်

ပ။ **ဝိပါကာ ဓမ္မာ** ။ ။ ဝိပါကာ၊အချင်းချင်း ထူးကုန်သော ကုသိုလ်, အကုသိုလ်တို့ ၏ အကျိုးဖြစ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား [အကျိုးတရား]** ။ ။ ဝိပါက်စိတ် ဆတ္တိံသ(၃၆)၊ စေတသိက် အဋ္ဌတိံသ (၃၈) ရ၏။(၄× ၂× ၈× ၁) **[သစ္စဝိမုတ်- ဖိုလ်စိတ္တုပ္ပါဒ်-၃၇]**

ဒု။ **ဝိပါကဓမ္မဓမ္မာ** ။ ။ ဝိပါကဓမ္မဓမ္မာ၊အကျိုးကိုဖြစ်စေခြင်းသဘော ရှိကုန်သော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

**အရကား [အကြောင်းတရား]** ။ ။ အကုသိုလ်စိတ် ဒွါဒသ(၁၂)၊ ကုသိုလ်စိတ် ဧကဝီသ(၂၁)၊စေတသိက် ဒွေပညာသ(၅၂) ရ၏။ (၄× ၂× ၂× ၃)

တ။ **နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ** ။ ။ နေဝဝိပါက န ဝိပါကဓမ္မဓမ္မာ၊အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကိုဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

**အရကား [ အကြောင်း အကျိုးမှ လွတ်သောတရား ]** ။ ။ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် ပဉ္စတိံသ(၃၅) ၊ ရုပ်အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (၅× ၁၂× ၁၃× ၂)

http://www.dhammadownload.com



## ၄။ ဥပါဒိန္နတိက်

ပ။ ဥပါဒိန္နုပါဒါနိယာ ဓမ္မာ ။ ။ ဥပါဒိန္နုပါဒါနိယာ၊အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောက်သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန် တို့၏ အစီးအပွားဖြစ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊သတ္တလည်းမဟုတ် ဇီဝ လည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

အရကား ။ ။ လောကီဝိပါက်စိတ် ဗာတ္တိံသ(၃၂)၊စေတသိက် ပဥ္စတိံသ(၃၅)၊ ကမ္မဇရုပ်ဝီသ(၂၀) ရ၏။ (၅× ၁၁× ၁၇× ၁)

ဒု။ အနုပါဒိန္နုပါဒါနိယာ ဓမ္မာ ။ ။ အနုပါဒိန္နုပါဒါနိယာ၊အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောက်သည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ် ၍ ဥပါဒါန်တို့၏ အစီးအပွားသော ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

အရကား ။ ။ အကုသိုလ် ဒွါဒသ(၁၂)၊လောကီကုသိုလ် သတ္တရသ(၁၇)၊ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် ဒွေပညာသ(၅၂)၊စိတ္တဇရုပ် သတ္တရသ(၁၇)၊ဥတုဇရုပ် ပန္နရသ (၁၅)၊အာဟာရဇရုပ် စုဒ္ဒသ(၁၄) ရ၏။ (၅-၇-၈-၂)

တ။ အနုပါဒိန္န အနုပါဒါနိယာ ဓမ္မာ။ ။အနုပါဒိန္န အနုပါဒါနိယာ၊အာရုံပြုသောအား ဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောက်သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်လည်း မဟုတ်, ဥပါဒါန်တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ ကုန်၏။

အရကား ။ ။ လောကုတ္တရာစိတ် ၈-ခု၊စေတသိက် ဆတ္တိံသ၊နိဗ္ဗာန်ရ၏။(၄-၂-၂-၂)

## ၅။ သံကိလိဋ္ဌတိက်

ပ။ သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ ။ ။ သံကိလိဋ္ဌ သံကိလေသိကာ၊ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန် စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှာ ထိုက်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝ သဘာဝါ၊သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အရကား ။ ။အကုသိုလ်စိတ် ဒွါဒသ၊စေတသိက် သတ္တဝီသ ရ၏။ (၄-၂-၂-၂)

ဒု။ အသံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ ။ ။ အသံကိလိဋ္ဌ သံကိလေသိကာ၊ပူပန် စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာသာ ထိုက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

အရကား ။ ။ လောကီကုသိုလ် သတ္တရသ(၁၇)၊လောကီဝိပါက် ဗာတ္တိံသ(၃၂)၊

http://www.dhammadownload.com


ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။ (၅-၁၂-၁၈-၁)

**တ။ အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ ။** ။ အသံကိလိဋ္ဌ အသံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာထိုက်သည်လည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား ။** ။ လောကုတ္တရာစိတ် ၈-ခု၊စေတသိက် ဆတ္တိံသ၊နိဗ္ဗာန်ရ၏။(၄-၂-၂-၂)

## ၆။ ဝိတက္ကတိက်

**ပ။ သဝိတက္ကသဝိစာရာ ဓမ္မာ ။** ။သဝိတက္ကသဝိစာရာ၊ဝိတက်နှင့်လည်းတကွ, ဝိစာရ နှင့်လည်းတကွဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား ။** ။ သဝိတက္ကသဝိစာရစိတ် ၅၅-ခု၊ဝိတက်, ဝိစာရကြဉ်သော စေတသိက် ပဉ္စာသ(၅၀) ရ၏။ (၄-၂-၃-၃) [**သစ္စဝိဘင်္ဂ** မဂ်စိတ္တုပ္ပါဒ်-၂၈/ဖိုလ်စိတ္တုပ္ပါဒ်-၃၅]

**ဒု။ အဝိတက္ကဝိစာရမတ္တာ ဓမ္မာ ။** ။ အဝိတက္ကဝိစာရမတ္တာ၊ဝိတက်ကားမရှိ, ဝိစာရမျှသာရှိကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။ **အရကား ။** ။ ဒုတိယဈာန်စိတ် ကောဒသ(၁၁)၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ(၃၆)၊ သဝိတက္ကသဝိစာရစိတ် ၅၅-ခု ၌ရှိသော ဝိတက်စေတသိက် ၅၅-ခု ရ၏။ (၄-၂-၂-၂)

[**သစ္စဝိဘင်္ဂ** မဂ်စိတ္တုပ္ပါဒ်-၂၈-ခု/ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခု၊ဖိုလ်ပဋ္ဌမဈာန်စိတ် ၄-ခု၌ရှိသော ဝိတက်စေတသိက် ၄-ခု]

**တ။ အဝိတက္ကအဝိစာရာ ဓမ္မာ ။** ။ အဝိတက္ကအဝိစာရာ၊ဝိတက်လည်းမရှိ ဝိစာရလည်း မရှိကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား ။** ။ အဝိတက္ကအဝိစာရစိတ် ၅၅-ခု၊ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ(၃၆)၊ ဒုတိယဈာန်စိတ် ကောဒသ၌ရှိသော ဝိစာရစေတသိက် ၁၁-ခု၊ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅-၁၂-၁၇-၃) [**သစ္စဝိဘင်္ဂ** မဂ်စိတ္တုပ္ပါဒ်-၂၈-ခု၊ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခု၊လောကုတ္တရာဒုတိယဈာန် ၈-ခု၌ရှိသော ဝိစာရ စေတသိက် ၈-ခု]

**ဓါက်မှတ် ။** ။ သဝိတက္က သဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိစာရစေတသိက် ၅၅-ခု။

## ၇။ ပီတိတက်

**ပ။ ပီတိသဟဂတာ ဓမ္မာ ။** ။ ပီတိသဟဂတာ၊ပီတိနှင့်တကွဖြစ်ကုန်သော။(ဝါ) ပီတိ နှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ) ပီတိနှင့်တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ရောက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

**အရကား ။** ။ ပီတိသဟဂုတ်စိတ် ၅၁-ခု၊ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ(၄၆) ရ၏။ (၄-၂-၂-၃)

http://www.dhammadownload.com



ဒ။ သုခသဟဂတာ ဓမ္မာ ။ ။ သုခသဟဂတာ၊သုခဝေဒနာနှင့် တကွဖြစ်ကုန်သော။(ဝါ) သုခဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ) သုခဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ရောက်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

အရကား ။ ။ သုခသဟဂုတ်စိတ် ၆၃-ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆဝဏ္ဏာလီသ(၄၆) ရ၏။ (၃× ၂× ၃× ၃)

တ။ ဥပေက္ခာသဟဂတာ ဓမ္မာ ။ ။ ဥပေက္ခာသဟဂတာ၊ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်သော။(ဝါ)ဥပေက္ခာဝေဒနာနှင့် ကေပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ) ဥပေက္ခာဝေဒနာနှင့်တကွ ကေပ္ပါဒ အစရှိသော အဖြစ်သို့ရောက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

အရကား ။ ။ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ဆဝဏ္ဏာလီသ(၄၆) ရ၏။ (၃× ၂× ၇× ၃)

တိက်မှတ် (မပါဝင်သော ပရမတ္ထအရေး) ။ ။ သုခသဟဂုတ်ကာယဝိညာဉ်၊စတုတ္ထဈာန် ကောဒသဉ်ရှိသော သုခဝေဒနာ ၁၁-ခု၊ဥပေက္ခာဝေဒနာ ၅၅-ခု၊ဒုက္ခသဟဂုတ်စိတ် ၃-ခု၊စေတသိက် ဇာဝီသ၊ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန်။

## ၈။ ဒဿနတိက်

ပ။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ ။ ။ ဒဿနေန ပဟာတဗ္ဗာ၊သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝ သဘာဝါ၊သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

အရကား ။ ။ သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊မာန, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စကြဉ်သော စေတသိက် ဇာဝီသ၊ သောတာပတ္တိမဂ်သည် တစ္စကရအားဖြင့် ပယ်အပ်သော အပါယဂမနီဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ဒေါသမူဒွေး။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပဥ္စဝီသ ရ၏။ (၄-၂-၂-၂)

ဒု။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ ။ ။ ဘာဝနာယ ပဟာတဗ္ဗာ၊အထက်မဂ် ၃-ခုသည် ပယ်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

အရကား ။ ။ သကဒါဂါမိမဂ်သည် တစ္စကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ဒေါသမူဒွေး။ အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ဒေါသမူဒွေး၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဥ္စဝီသ။ အရဟတ္တမဂ်သည် အကြွင်းမရှိသောအား

http://www.dhammadownload.com



ဖြင့် ပယ်အပ်သော ရူပရာဂ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၈၀ဝိသ ရ၏။ (၄-၂-၂-၂)

တ။ **နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ** ။ ။ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ၊သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည်လည်း မဟုတ်, အထက်မဂ် ၃-ခုသည် ပယ်အပ်ကုန်သည်လည်းမဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

**အရကား** ။ ။ ကုသိုလ် ၈၀ဝိသ(၂၁)၊ဝိပါက် ဆတ္တိံသ(၃၆)၊ကြိယာစိတ် ဝိသ(၂၀)၊စေတသိက် အဋ္ဌတိံသ(၃၈)၊ရုပ် အဋ္ဌဝိသ(၂၈)၊နိဗ္ဗာန် ရ၏။(၅-၁၂-၁၈-၃)

## ၉။ ဒဿနဟေတုတိက်

ပ။ **ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ။ ။ ဒဿနေန ပဟာတဗ္ဗဟေတုကာ၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

* **အရကား** ။ ။ **သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအား**ဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် ဗာဝိသ၊ သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝိသ ရ၏။ (၄× ၂× ၂× ၂)

➤ **ပထမပုဒ်အရ၌ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟကို ကြဉ်ခြင်းအကြောင်း**

သမ္ပယုတ်ဟိတ် တပါး မရှိသောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟကို ကြဉ်ရပါသည်။

ဒု။ **ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ။ ။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား ▫ **သကဒါဂါမိမဂ်သည်** တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ **အနာဂါမိမဂ်သည်** အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝိသ(၂၅)၊ **အရဟတ္တမဂ်သည်** အကြွင်း မရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော

http://www.dhammadownload.com



ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် ဧကဝီသ(၂၁) ရ၏။ (၄× ၂× ၂× ၂)

➤ **ဒုတိယပုစ်အရဖြေ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကို ကြဉ်ခြင်းအကြောင်း**

သမ္ပယုတ်ဟိတ် တပါး မရှိသောကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကို ကြဉ်ရပါသည်။

ဃ /**နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ။ ။ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်, အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ။ ။ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာ ဝီသ(၂၀) စေတသိက် အဋ္ဌတိံသ(၃၈)၊ မောဟမူဒွေ၌ မောဟ၊ ရုပ်အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

## ၁၀။ **အာစယဂါမိတိက်**

ပ။ **အာစယဂါမိနော ဓမ္မာ** ။ ။ အာစယဂါမိနော၊စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ▫ အကုသိုလ်စိတ် ဒွါဒသ(၁၂)၊ လောကီကုသိုလ်စိတ် သတ္တရသ (၁၇)၊ စေတသိက် ဒွေပညာသ(၅၂) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **အပစယဂါမိနော ဓမ္မာ** ။ ။ အပစယဂါမိနော၊နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ▫ မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ(၃၆) ရ၏။(၄-၂-၂-၁)

တ။ **နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ** ။ ။ နေဝါစယဂါမိ နာပစယဂါမိနော၊စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ▫ ဝိပါက်စိတ် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (၅-၁၂-၁၈-၂)

## ၁၁။ **သေက္ခတိက်**

ပ။ **သေက္ခာ ဓမ္မာ** ။ ။ သေက္ခာ၊သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ▫ အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊ စေတသိက်

http://www.dhammadownload.com



ဆတ္တိံသ(၃၆) ရ၏။ (၄× ၂× ၂× ၁)

'K အသေက္ခာ ဓမ္မာ ။ ။ အသေက္ခာ၊ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား = အရဟတ္တဖိုလ်စိတ် ၁-ခု၊ စေတသိက် ဆတ္တိံသရ၏။(၄-၂-၂-၂)

တ။ နေဝသေက္ခာ နာသေက္ခာ ဓမ္မာ ။ ။ နေဝ သေက္ခာ နာသေက္ခာ၊သေက္ခ ပုဂ္ဂိုလ် ၇-ယောက်တို့၏ ဥစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ် ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား = လောကီစိတ် ကောသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅×၁၂× ၁၈× ၃)

၁၂။ ပရိတ္တတိက်

ပ။ ပရိတ္တာ ဓမ္မာ ။ ။ ပရိတ္တာ၊နည်းသော အာနုဘော်ရှိကုန်သော။ဓမ္မာ--။

* အရကား = ကာမစိတ် စတုပညာသ(၅၄)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ မဟဂ္ဂတာ ဓမ္မာ ။ ။ မဟဂ္ဂတာ၊မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သော။ (ဝါ) မြတ်ကုန်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သော။ဓမ္မာ--။

* အရကား = မဟဂ္ဂုတ်စိတ် သတ္တဝီသ (၂၇)၊ စေတသိက် ပဉ္စတိံသ(၃၅) ရ၏။ (၄× ၂× ၂× ၁)

တ။ အပ္ပမာဏာ ဓမ္မာ ။ ။ အပ္ပမာဏာ၊နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂ အစ ရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား = လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)၊ နိဗ္ဗာန်ရ၏။ (၄× ၂× ၂× ၂)

၁၃။ ပရိတ္တာရမ္မဏတိက်

ပ။ ပရိတ္တာရမ္မဏာ ဓမ္မာ ။ ။ ပရိတ္တာရမ္မဏာ၊ပရိတ္တတရားလျှင် အာရုံရှိကုန်သော (ဝါ) ပရိတ္တတရားကို အာရုံပြုကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား = ပရိတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈-ခု၊ ဟသိတုပ္ပါဒ်စိတ် ၁-ခု၊ စေတသိက် တေတ္တိံသ(၃၃)။ ပရိတ္တတရားကို အာရုံပြုနိုင် အကုသိုလ် ဒွါဒသ(၁၂)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ(၅၀) ရ၏။ (၄× ၂× ၈× ၂)

ဒု။ မဟဂ္ဂတာ ရမ္မဏာ ဓမ္မာ ။ ။ မဟဂ္ဂတာရမ္မဏာ၊မဟဂ္ဂုတ်တရားလျှင် အာရုံ

http://www.dhammadownload.com



ရှိကုန်သော။(ဝါ) မဟဂ္ဂုတ်တရားကို အာရုံပြုကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား ။ **မဟဂ္ဂုတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော** ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာ နာသညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ(၃၀)၊ **မဟဂ္ဂုတ်တရားကို အာရုံပြုနိုင်** အကုသိုလ် ဒွါဒသ(၁၂)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ (၄၇) ရ၏။ (၄× ၂× ၂× ၂)

တ။ **အပ္ပမာဏာရမ္မဏာ ဓမ္မာ** ။ ။ အပ္ပမာဏာရမ္မဏာ၊အပ္ပမာဏတရားလျှင် အာရုံရှိကုန်သော။(ဝါ) အပ္ပမာဏတရားကို အာရုံပြုကုန်သော။ဓမ္မာ--။

* အရကား ။ **အပ္ပမာဏတရားကို မြဲသောအားဖြင့် အာရုံပြုသော** လောကုတ္တရာ-စိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)။ **အပ္ပမာဏတရားကို အာရုံပြုနိုင်** မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ဆတ္တိံသ(၃၆) ရ၏။ (၄× ၂× ၂× ၂)

➤ **တိက်မုတ်** ။ ။ * **ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော** အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေမှတပါး ရူပစိတ် ၁၅-ခု၊ စေတသိက် ပဉ္စတိံသ(၃၅)။ * **ပညတ်တရားကို အာရုံပြုနိုင်** အကုသိုလ် ဒွါဒသ (၁၂)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီကြဉ်သော စေတသိက် ဧကူနပဉ္စာသ(၄၉)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်။

## ၁၄။ ဟီနတိက်

(သံကိလိဋ္ဌတိက်နှင့် အရကောက်တူသော တိက်)

ပ။ **ဟီနာ ဓမ္မာ** ။ ။ ဟီနာ၊ယုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ။ ။အကုသိုလ်စိတ် ဒွါဒသ၊စေတသိက် သတ္တဝီသ ရ၏။ (၄-၂-၂-၂)

ဒု။ **မဇ္ဈိမာ ဓမ္မာ** ။ မဇ္ဈိမာ၊အလတ်ဖြစ်ကုန်သော။(ဝါ) အယုတ်, အမြတ်တို့၏ အလယ်၌ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

**အရကား** ။ ။ လောကီကုသိုလ် သတ္တရသ(၁၇)၊လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ ရ၏။ (၅-၁၂-၁၈-၁)

တ။ **ပဏီတာ ဓမ္မာ** ။ ။ ပဏီတာ၊မြတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

**အရကား** ။ ။ လောကုတ္တရာစိတ် ၈-ခု၊စေတသိက် ဆတ္တိံသ၊နိဗ္ဗာန်ရ၏။(၄-၂-၂-၂)

## ၁၅။ မိစ္ဆတ္တတိက်

ပ။ **မိစ္ဆတ္တနိယတာ ဓမ္မာ** ။ ။ မိစ္ဆတ္တနိယတာ၊ဖောက်ပြန်သော သဘော ရှိကုန်သည်

http://www.dhammadownload.com



ဖြစ်၍ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲကုန်သော။ဓမ္မာ--။

*** အရကား ▪** နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသ(၂၁)၊ မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက သံဃဘေဒက-တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဒွာဝီသ(၂၂) ရ၏။ (၄× ၂× ၂× ၂)

ဒ၊ **သမ္မတ္တနိယတာ ဓမ္မာ ။** ။ မဖောက် မပြန်သော သဘောရှိကုန်သည်ဖြစ်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲကုန်သော။ဓမ္မာ--။

*** အရကား ▪** မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ ရ၏။ (၄× ၂× ၂× ၁)

တ။ **အနိယတာ ဓမ္မာ ။** ။အနိယတာ၊နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန် သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား ▪** နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု သတ္တမဇော၊ "မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက သံဃဘေဒက" တည်းဟူသော **ပဉ္စာနန္တရိယကံ၏** အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇော-မှတပါး,အကုသိုလ် ဒွါဒသ(၁၂)၊ လောကီကုသိုလ် သတ္တရသ(၁၇)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀) စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

**➤ မိစ္ဆတ္တတိက် ပဌမပဒ၌ နိယတမိစ္ဆာဒိဋ္ဌိကံ–အရ ကံ ၃–ပါးကား ▪**

၁။ သတ္တဝါတို့မှာ အကြောင်းမရှိဟု ယူသော အဟေတုက ဒိဋ္ဌိ၊ ၂။ ကုသိုလ်, အကုသိုလ်ကို ပြုသော်လည်း ခံစားရသည် မရှိဟု ယူသော အကိရိယဒိဋ္ဌိ၊

၃။ သတ္တဝါတို့ သေလျှင် ပြတ်၏ဟု ယူသော နတ္ထိကဒိဋ္ဌိ-တို့ ဖြစ်ပါသည်။

**➤ မိစ္ဆတ္တတိက် ပဌမပုစ္ဆ၌ ဒိဋ္ဌိဂတသမ္ပယုတ် သတ္တမဇော, ဒေါသမူသတ္တမဇော ကိုသာ ကောက်ခြင်းအကြောင်း** ။ ။ ဇော ၇-ချက်တို့တွင် သတ္တမဇောစေတနာသာလျှင် အနန္တရဘဝ၌ အကျိုးပေးခြင်း လက္ခဏာရှိသောကြောင့် ကောက်ရပါသည်။

## ၁၆။ မဂ္ဂါရမ္မဏတိက်

ပ။ **မဂ္ဂါရမ္မဏာ ဓမ္မာ ။** ။ မဂ္ဂါရမ္မဏာ၊မဂ်လျှင် အာရုံရှိကုန်သော။ (ဝါ) မဂ်ကို အာရုံပြုကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား ▪ **သောတာပတ္တိမဂ်ကို အာရုံပြုသော သောတာပန်** ပုဂ္ဂိုလ်၏ မနော ဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်။ * သော

http://www.dhammadownload.com


တာပတ္တိမဂ် သကဒါဂါမိမဂ် ၂-ပါးကို အာရုံပြုသော **သကဒါဂါမ်ပုဂ္ဂိုလ်၏** မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်။ * သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် ၃-ပါးကို အာရုံပြုသော **အနာဂါမ်ပုဂ္ဂိုလ်၏** မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသိုလ် အဘိညာဉ်။ * မဂ် ၄-ပါးကို **အာရုံပြုသော** ရဟန္တာပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကြိယာ အဘိညာဉ်၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ(၃၃) ရ၏။ (၄× ၂× ၂× ၁)

ဒ။ **မဂ္ဂဟေတုကာ ဓမ္မာ** ။ ။ မဂ္ဂဟေတုကာ၊မဂ်-ဟုဆိုအပ်သော အကြောင်းရှိကုန်သော၊ဓမ္မာ၊တို့သည်၊သံဝိဇ္ဇန္တိ၊ကုန်၏။

(တစ်နည်းကား) မဂ္ဂဟေတုကာ၊မဂ်နှင့်ယှဉ်သော ဟိတ်ရှိကုန်သော၊ဓမ္မာ--။

(တစ်နည်းကား) မဂ္ဂဟေတုကာ၊မဂ်၌တည်သော ဟိတ်ရှိကုန်သော၊ဓမ္မာ--။

(ပ-ယောဇနာနည်းအလို) * **အရကား** • မဂ်စိတ် ၄-ခု၊ မဂ္ဂင် ၈-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ(၂၈) ရ၏။ (၄× ၂× ၂× သစ္စာ မရှိ)

(ဒု-ယောဇနာနည်းအလို) * အရကား • မဂ်စိတ် ၄-ခု၊ အလောဘ, အဒေါသ ကြဉ်သော စေတသိက် စတုတ္တိံသ(၃၄) ရ၏။

(တ-ယောဇနာနည်းအလို) * အရကား • မဂ်စိတ် ၄-ခု၊ အမောဟကြဉ်သော စေတသိက် ပဉ္စတိံသ(၃၅) ရ၏။ (၄×၂× ၂× ၁)

တ။ **မဂ္ဂါဓိပတိနော ဓမ္မာ** ။ ။ မဂ္ဂါဓိပတိနော၊မဂ်-ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း ရှိကုန်သော၊ဓမ္မာ၊တို့သည်၊သံဝိဇ္ဇန္တိ၊ကုန်၏။

(တစ်နည်းကား) မဂ္ဂါဓိပတိနော၊မဂ်-ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း ရှိကုန်သော၊ဓမ္မာ၊တို့သည်၊သံဝိဇ္ဇန္တိ၊ကုန်၏။

(တစ်နည်းကား) မဂ္ဂါဓိပတိနော၊မဂ်လျှင် သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော ဓမ္မာ၊တို့သည်၊သံဝိဇ္ဇန္တိ၊ကုန်၏။

(ပ-ယောဇနာနည်းအလို) * အရကား • **သောတာပတ္တိမဂ်ကို အလေးအမြတ်အားဖြင့် အာရုံပြုသော သောတာပန်ပုဂ္ဂိုလ်၏** မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ **သကဒါဂါမိမဂ်ကို** အလေးအမြတ်အားဖြင့် အာရုံပြုသော သကဒါဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ **အနာဂါမိမဂ်ကို** အလေးအမြတ်အားဖြင့် အာရုံပြုသော အနာဂါမ်ပုဂ္ဂိုလ်၏ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ **အရဟတ္တမဂ်ကို** အလေးအမြတ်အားဖြင့် အာရုံပြုသော ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ၄-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။(၄-၂-၂-၁)

http://www.dhammadownload.com



(ဒု-ယောဇနာနည်းအလို) * အရကား • မဂ်စိတ် ၄-ခု၊ ဝီရိယတပ်ခိုက် ဝီရိယကြဉ်သော စေတသိက် ပဉ္စတိံသ၊ ဝီမံသတပ်ခိုက် ဝီမံသကြဉ်သော စေတသိက် ပဉ္စတိံသ(၃၅) ရ၏။ (၄× ၂× ၂× ၁)

(တ-ယောဇနာနည်းအလို)* အရကား • အဓိပတိတပ်ခိုက် ဝီရိယ, ဝီမံသလည်း ရ၏။ (၄× ၂× ၂× ၂)

➤ တိက်မှတ် ။ ။ * မဂ်ကို အာရုံ မပြုနိုင် အကုသိုလ်ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်းမှတပါး အဟိတ်စိတ် သတ္တရသ၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေမှတပါး ရူပစိတ် ၁၅-ခု၊ အရူပစိတ် ၁၂-ခု၊ ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဒွေပညာသ။ * မဂ်ကို အာရုံ မပြုနိုင်-မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

၁၇။ ဥပ္ပန္နတိက်

ပ။ ဥပ္ပန္နာ ဓမ္မာ ။ ။ ဥပ္ပန္နာ၊ဥပါဒ်, ဌီ, ဘင်-ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • ပစ္စုပ္ပန်ဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃)

ဒု။ အနုပ္ပန္နာ ဓမ္မာ ။ ။ အနုပ္ပန္နာ၊ဥပါဒ်, ဌီ, ဘင်-ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်းမဟုတ်, ရောက်ဆဲလည်း မဟုတ်ကုန်သော။ဓမ္မာ--။

* အရကား • အနာဂတ်ဖြစ်သော အကုသိုလ်ဒွါဒသ(၁၂)၊ ကုသိုလ် ဧကဝီသ(၂၁)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် ဒွေပညာသ(၅၂)၊ စိတ္တဇရုပ် သတ္တရသ(၁၇) ဥတုဇရုပ် ပန္နရသ(၁၅)၊ အာဟာရဇရုပ် စုဒ္ဒသ(၁၄) ရ၏။ (၅× ၇× ၈× ၃)

တ။ ဥပ္ပါဒိနော ဓမ္မာ ။ ။ ဥပ္ပါဒိနော၊ပြီးပြီးသော အကြောင်းတစိတ် ရှိသည်၏ အဖြစ်ကြောင့် မချွတ် ဖြစ်လတ္တံ့ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • အနာဂတ်ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ(၃၆)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ကမ္မဇရုပ် ဝီသ(၂၀) ရ၏။ (၅× ၁၁× ၁၇× ၁)

➤ တိက်မှတ် ။ ။ နိဗ္ဗာန်။

၁၈။ အတီတတိက်

ပ။ အတီတာ ဓမ္မာ ။ ။ အတီတာ၊အတိတ်ဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား • အတိတ်ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃)

http://www.dhammadownload.com



ဒု။ အနာဂတာ ဓမ္မာ ။ ။ အနာဂတာ၊အနာဂတ်ဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

Ä အရကား ▪ အနာဂတ်ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃)

တ။ ပစ္စုပ္ပန္နာ ဓမ္မာ ။ ။ ပစ္စုပ္ပန္နာ၊ပစ္စုပ္ပန်ဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

✱ အရကား ▪ ပစ္စုပ္ပန်ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃)

➤ (ကာလ ၃-ပါးမှ လွတ်သောတရား) တိက်မုတ် ။ ။ နိဗ္ဗာန်။

✱ ခဏ ၃-ပါးကား ▪ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ-တို့ဖြစ်ပါသည်။

၁၉။ အတီတာရမ္မဏတိက်

ပ။ အတီတာရမ္မဏာ ဓမ္မာ ။ ။ အတီတာရမ္မဏာ၊အတိတ်တရားလျှင် အာရုံရှိကုန်သော။(ဝါ) အတိတ်တရားကို အာရုံပြုကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

✱ အရကား ▪ အတိတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ။ ✱ အတိတ်တရားကို အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်၊ တဒါရုံ ဧကာဒသ(၁၁)၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ(၄၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ အနာဂတာရမ္မဏာ ဓမ္မာ ။ ။ အနာဂတာရမ္မဏာ၊အနာဂတ်တရားလျှင် အာရုံရှိကုန်သော။(ဝါ) အနာဂတ်တရားကို အာရုံပြုကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

✱ အရကား ▪ အနာဂတ်တရားကို အာရုံပြုခိုက် -- မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်၊ တဒါရုံ ဧကာဒသ(၁၁)၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ(၅၀) ရ၏။ (၄× ၂× ၂× ၂)

တ။ ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ ။ ။ ပစ္စုပ္ပန္နာရမ္မဏာ၊ပစ္စုပ္ပန်တရားလျှင် အာရုံရှိကုန်သော။ (ဝါ) ပစ္စုပ္ပန်တရားကို အာရုံပြုကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

✱ အရကား ▪ ပစ္စုပ္ပန်တရားကို မြဲသောအားဖြင့် အာရုံပြုသော --ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်း စေတသိက်-၁၀။ ✱ ပစ္စုပ္ပန်တရားကို အာရုံပြုခိုက်-- မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်၊ တဒါရုံ ဧကာဒသ(၁၁)၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ(၅၀) ရ၏။ (၄× ၂× ၈× ၂)

➤ တိက်မုတ် ။ ။ ပညတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော အာကာသာနဉ္စာယတနစိတ် ၃-ခု၊ အာကိဉ္စညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေ-မှတပါး ရူပ

http://www.dhammadownload.com



စိတ် ၁၅-ခု၊ စေတသိက် ပဥ္စတိသ(၃၅)။ *** ပညတ်တရားကို အာရုံပြုနိုင်** -- အကုသိုလ် ဒွါဒသ(၁၂)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီကြဉ်သော စေတသိက် စတုပညာသ(၄၉)။ *** အပ္ပမာဏ တရားကို မြဲသောအားဖြင့် အာရုံပြုသော** -- လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)။ *** အပ္ပမာဏတရားကို အာရုံပြုနိုင်**-- မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ(၃၃)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

➤ **အတီတာရမ္မဏတိက် ၃-ပုဒ်လုံး၌ ပါဝင်နိုင်သော စိတ်များ** - မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် သုံးဆယ်- တဒါရုံ ဧကာဒသ၊ အဘိညာဉ်ဒွေ၊ ပေါင်း ၄၃-ပါး။

## ၂၀။ အဇ္ဈတ္တတိက်

ပ။ **အဇ္ဈတ္တာ ဓမ္မာ** ။ ။ အဇ္ဈတ္တာ၊အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။

*** အရကား** - အဇ္ဈတ္တသန္တာန်၌ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃)

ဒု။ **ဗဟိဒ္ဓါ ဓမ္မာ** ။ ။ ဗဟိဒ္ဓါ၊ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ဓမ္မာ၊သံဝိဇ္ဇန္တိ။

*** အရကား** - ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄)

တ။ **အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ** ။ ။ အဇ္ဈတ္တဗဟိဒ္ဓါ၊အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - **အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် ၂-ပါး၌ဖြစ်သော** စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃)

## ၂၁။ အဇ္ဈတ္တာရမ္မဏတိက်

ပ။ **အဇ္ဈတ္တာရမ္မဏာ ဓမ္မာ** ။ ။ အဇ္ဈတ္တာရမ္မဏာ၊အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော။ (ဝါ) အဇ္ဈတ္တတရားကို အာရုံပြုကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - **အဇ္ဈတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော** ဝိညာဏဉ္စာယတန စိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ (၃၀)၊ *** အဇ္ဈတ္တ တရားကို အာရုံပြုနိုင်** ကာမစိတ် စတုပညာသ (၅၄)၊ အဘိညာဉ်ဒွေ၊ ကရုဏာ, အပ္ပမညာကြဉ်သော စေတသိက် ဧကူနပညာသ (၄၉)၊ ရ၏။ (၄× ၂× ၈× ၂)

ဒု။ **ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ** ။ ။ ဗဟိဒ္ဓါရမ္မဏာ၊ဗဟိဒ္ဓတရားလျှင် အာရုံရှိကုန်သော (ဝါ) ဗဟိဒ္ဓတရားကို အာရုံပြုကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား**--- **ဗဟိဒ္ဓတရားကို မြဲသောအားဖြင့် အာရုံပြုသော** အဘိညာဉ်ဒွေမှ

http://www.dhammadownload.com



တပါး ရူပစိတ် ၁၅-ခု၊ အာကာသာနဉ္စာယတနစိတ် ၃-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် အဌတိံသ (၃၈)။ * ဗဟိဒ္ဓတရားကို အာရုံပြုနိုင်က် ကာမစိတ် စတုပညာသ (၅၄)၊ အဘိညာဉ်ဒွေ၊ မစ္ဆရိယကြဉ်သော စေတသိက် ဧကပညာသ (၅၁) ရ၏။ (၄× ၂× ၂× ၃)

တ။ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ ။ ။ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ၊အဇ္ဈတ္တ ဗဟိဒ္ဓ တရား ၂-ပါးလျှင် အာရုံရှိကုန်သော (ဝါ) အဇ္ဈတ္တ ဗဟိဒ္ဓ တရား ၂-ပါးကို အာရုံပြုကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - အဇ္ဈတ္တတရား, ဗဟိဒ္ဓတရားကို အာရုံပြုနိုက်-- ကာမစိတ် စတုပညာသ (၅၄)၊ အဘိညာဉ်ဒွေ၊ ဣဿာ, မစ္ဆရိယ, အပ္ပမညာကြဉ်သော စေတသိက် အဌစတ္တာလီသ(၄၈) ရ၏။ (၄× ၂× ၂× ၂)

➢ တိတ်မုတ် ။ ။ အာကိဉ္စညာယတနစိတ် ၃-ခု၊ စေတသိက် တိံသ။ ထို အာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုနိုက်- အကုသိုလ်စိတ် ၁၂-ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေ၊ ဝိရတီ, အပ္ပမညာ, ဣဿာ, မစ္ဆရိယကြဉ်သော စေတသိက် ပဥ္စစတ္တာလီသ ရုပ် အဌဝီသ၊ နိဗ္ဗာန်။

## ၂၂။ သနိဒဿနတိက်

ပ။ သနိဒဿန သပ္ပဋိဃာ ဓမ္မာ ။ ။ သနိဒဿန သပ္ပဋိဃာ၊မြင်ခြင်းနှင့်လည်း တကွ, ထိပါးခြင်းနှင့်လည်း တကွဖြစ်ကုန်သော၊ (ဝါ) မြင်အပ်သည်၏ အဖြစ်နှင့်လည်း တကွ, ထိပါးတတ်သည်၏ အဖြစ်နှင့်လည်း တကွ ဖြစ်ကုန်သော။ (ဝါ) မြင်အပ်သည်နှင့်လည်း တကွ, ထိပါးတတ်သည်နှင့်လည်း တကွ ဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား - ရူပါရုံ ရ၏။(၁× ၁× ၁× ၁)

ဒု။ အနိဒဿန သပ္ပဋိဃာ ဓမ္မာ ။ ။ အနိဒဿန သပ္ပဋိဃာ၊မြင်ခြင်း မရှိ, ထိပါးခြင်းနှင့် တကွဖြစ်ကုန်သော။(ဝါ) မြင်အပ်သည်၏အဖြစ် မရှိ, ထိပါးတတ်သည်၏ အဖြစ်နှင့် တကွဖြစ်ကုန်သော။ (ဝါ) မြင်အပ်သည် မရှိ ထိပါးတတ်သည်နှင့် တကွ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - ရူပါရုံကြဉ်သော ဩဠာရိကရုပ် ဧကာဒသ ရ၏။(၁× ၉× ၉× ၁)

တ။ အနိဒဿန အပ္ပဋိဃာ ဓမ္မာ ။ ။ အနိဒဿန အပ္ပဋိဃာ၊မြင်ခြင်းလည်း မရှိ, ထိပါးခြင်းလည်း မရှိကုန်သော။ (ဝါ) မြင်အပ်သည်၏ အဖြစ်လည်း မရှိ, ထိပါးတတ်သည်၏ အဖြစ်လည်း မရှိကုန်သော။ (ဝါ) မြင်အပ်သည်လည်း မရှိ, ထိပါးတတ်သည်လည်း မရှိကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

http://www.dhammadownload.com



* အရကား = စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ သုခုမ ရုပ် သောဠသ(၁၆)၊ နိဗ္ဗာန် ရ၏။ (၅× ၂× ၈× ၄)

➤ **မာတိကာ မည်ပုံ** ။ ။ အမိနှင့် တူသောကြောင့် " မာတိကာ" မည်ပါသည်။ (တစ်နည်း) ရေမြောင်းနှင့် တူသောကြောင့် "မာတိကာ" မည်ပါသည်။

➤ **အမိနှင့် တူပုံ** ။ ။ အမိသည် သား, သမီးတို့ကို ဖြစ်စေသကဲ့သို့ ထို့အတူ မာတိကာသည်လည်း နိဒ္ဒေသကို ဖြစ်စေပါသည်။

➤ **ရေမြောင်းနှင့် တူပုံ** ။ ။ ရေမြောင်းသည် ကန်, လယ် အစရှိသည်တို့ကို သက်ဝင်သကဲ့သို့ ထို့အတူ မာတိကာသည်လည်း အနက်သဘောအားဖြင့် နိဒ္ဒေသသို့ သက်ဝင်တတ်ပါသည်။ (တစ်နည်း) ရေမြောင်းသည် ကန်, လယ် အစရှိသည်တို့နှင့် စပ်၍ ဖြစ်သကဲ့သို့ မာတိကာသည်လည်း နိဒ္ဒေသနှင့် စပ်၍ ဖြစ်ပါသည်။

➤ **ခန္ဓာ မည်ပုံ** ။ ။ ပေါင်းရသောကြောင့် "ခန္ဓာ" မည်၏။

➤ **အာယတန မည်ပုံ** ။ ။ သတ္တဝါတို့ကို သံသရာဝဋ်၌ လွှမ်းမိုး ဘိစီး၍ ချဲ့တတ်သောကြောင့် "အာယတန" မည်ပါသည်။

➤ **ဓာတ်မည်ပုံ** ။ ။ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲ၌ ရှည်မြင့်စွာ ဆောင်ရွက်တတ်သောကြောင့် "ဓာတ်" မည်ပါသည်။

➤ **သစ္စာ မည်ပုံ** ။ ။ မှန်သောကြောင့် "သစ္စာ" မည်ပါသည်။

➤ **တိက(တိက်) မည်ပုံ** ။ ။ ပရမတ္ထတရားကို သုံးစုပြု၍ ဟောကြောင်းဖြစ်သောကြောင့် တိက(တိက်) မည်၏။

➤ **ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူရခြင်း အကြောင်း** ။ ။ အလုံးစုံသော ပရမတ္ထတရားကို သိမ်းမိသောကြောင့်ရင်း၊ ကုသိုလ်, အကုသိုလ်, အဗျာကတတို့၏ မရောမယှက် အခြားအနား ဖြစ်သောကြောင့်ရင်း၊ ကုသိုလ်ဟူသော အာဒိကလျာဏနှင့် ယှဉ်သောကြောင့်ရင်း ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူသည်။

➤ **သံကိလိဋ္ဌတိက် ပထမပုဒ်၌ ပွဲပန်စေတတ် နှိပ်စက်တတ်သော တရား** = ကိလေသာ ၁၀-ပါး ဖြစ်ပါသည်။ * **ပွဲပန်စေအပ် နှိပ်စက်အပ်သော တရား** = ထို ကိလေသာ ၁၀-ပါးနှင့် အတူတကွဖြစ်သော အကုသိုလ် ၁၂-ပါး၊ ကိလေသာ ၁၀ ပါး ကြဉ်သော စေတသိက် ၁၇-ပါး ဖြစ်ပါသည်။

➤ **သံကိလေသ, သံကိလိဋ္ဌ, သံကိလေသိက အထူး** ။ ။ သံကိလေသ-အရ ကိလေသာ ၁၀-ပါး ရ၏၊ သံကိလိဋ္ဌ-အရ ကိလေသာ ၁၀-ပါးနှင့် တကွဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ် ရ၏၊ သံကိလေသိက-အရ ကိလေသာ၏ အာရုံဖြစ်ထိုက်သော လောကီတရား ရ၏၊ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



➤ **ဒဿန မည်ပုံ ။** ။ ကိလေသာကို ပယ်ခြင်းကိစ္စနှင့်တကွ နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် သောတာပတ္တိမဂ်သည် "ဒဿန" မည်ပါသည်။

➤ **ဂေါတြဘုသည် ဒဿန အမည် မရခြင်းအကြောင်း ။** ။ ဂေါတြဘုသည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သော်လည်း) ကိလေသာကို ပယ်ခြင်းကိစ္စ မရှိသောကြောင့် ဒဿန အမည် မရပါ။

➤ **ဥပ္ပန္နတိက် ပဒ္ဓမပုဒ်၌ ပစ္စုပ္ပန်အပြား ။** ။ (၁) အဒ္ဓါပစ္စုပ္ပန်၊ (၂) သန္တတိပစ္စုပ္ပန်၊ (၃) သမယပစ္စုပ္ပန်၊ (၄) ခဏပစ္စုပ္ပန်-တို့ ဖြစ်ပါသည်။

➤ **ဤ၌ယူရမည့် ပစ္စုပ္ပန် -** ခဏပစ္စုပ္ပန်ကို ယူရပါမည်။

➤ **သဗ္ဗလဒ္ဓနာမတိက် ။** ။ သုံးပုဒ်လုံး၌တည်သော ဝေဒနာ-သဒ္ဒါဖြင့် ဝေဒနာတိက်ဟူ၍ ရအပ်သော အမည်ရှိသည်၏ အဖြစ်ကြောင့် "ဝေဒနာတိက်" သည် "သဗ္ဗလဒ္ဓနာမတိက်" မည်၏။

➤ **အာဒိလဒ္ဓနာမတိက် မည်ပုံ ။** ။ အစ၌တည်သော ကုသလ-သဒ္ဒါ, ဝိပါကသဒ္ဒါဖြင့် ကုသလတိက်, ဝိပါကတိက်ဟူ၍ ရအပ်သော အမည်ရှိသည်၏အဖြစ်ကြောင့် (ဝေဒနာတိက်မှ တပါး) ကုသလတိက်, ဝိပါကတိက်-စသော (၂၁)တိက်သည် "အာဒိလဒ္ဓနာမတိက်" မည်ပါသည်။

➤ **ယခုခေတ် သိန်းပေါင်းများစွာ လှူဒါန်းကြသော ကုသိုလ်မျိုးသည် သေ သည်၏ အခြားမဲ့၌ အကျိုးပေးမြဲသော တရားမျိုး ဖြစ်/မဖြစ် -** နိယတမိစ္ဆာဒိဋ္ဌိကံ, ပဉ္စာနန္တရိယကံတို့၏အစွမ်းအားဖြင့်ဖြစ်သော မိစ္ဆတ္တနိယတကံမျိုးသာ သေသည်၏အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် -- ယခုခေတ် သိန်းပေါင်းများစွာ လှူဒါန်းကြသော ကုသိုလ်မျိုးသည် သေသည်၏ အခြားမဲ့၌ အကျိုးပေးမြဲသော တရားမျိုး မဖြစ်ပါ။

* **ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရား ဖြစ်/မဖြစ် ။** ။ မဂ်တရားမျိုးသာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း နိယျာနိကတရားမျိုး ဖြစ်သောကြောင့် ယခုခေတ် သိန်းပေါင်းများစွာ လှူဒါန်းကြသော ကုသိုလ်မျိုးသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားမျိုး မဖြစ်ပါ။

➤ **စေတသိက်ကို တိက်မှတ်ထုတ်သောတိက် -** ဝိတက္ကတိက် ဖြစ်ပါသည်။

➤ **နိဗ္ဗာန်ကိုသာ တိက်မှတ်ထုတ်သော တိက် -** (၁) ဥပ္ပန္နတိက်၊ (၂) အတီတတိက်-တို့ ဖြစ်ပါသည်။ * အတီတ, ဥပ္ပန်၊ ထိုနှစ်တန်၊ နိဗ္ဗာန် တိက်မှတ်ထုတ်။

➤ **နာမ်တရားသက်သက်ကိုသာ တိက်မှတ်ထုတ်သော တိက်=** (၁) ဝိတက္ကတိက် (၂) ဥပ္ပန္နတိက်၊ (၃) အတီတတိက်-တို့ ဖြစ်ပါသည်။

➤ **သုံးပဒလုံး နာမ်တရားကိုသာ အရကောက်ရသောတိက်များ**

http://www.dhammadownload.com



> **နာမ်နှင့်ရုပ် ရောစနှာ၍ တိက်မုတ်ထုတ်သော တိက်များ**

(၁) ဝေဒနာတိက်၊ (၂) ပီတိတိက်၊ (၃) ပရိတ္တာရမ္မဏတိက်၊ (၄) မဂ္ဂါရမ္မဏတိက် (၅) အတီတာရမ္မဏတိက်၊ (၆) အဇ္ဈတ္တာရမ္မဏတိက်-တို့ ဖြစ်ပါသည်။

> **မဂ်တရားသက်သက်ကိုသာ အရကောက်ရသော တိက-ပဒ**

အာစယဂါမိနော ဓမ္မာ၊ သမ္ပယုတ္တနိယတာ ဓမ္မာ၊ မဂ္ဂဟေတုကာ ဓမ္မာ။

> **သုံးပဒလုံး နာမ်နှင့်ရုပ် ရောစနှာ၍ အရကောက်ရသောတိက်များ**

(၁) ဥပ္ပန္နတိက်၊ (၂) အတီတတိက်၊ (၃) အဇ္ဈတ္တတိက်-တို့ ဖြစ်ပါသည်။

> **ပရမတ္ထတရား ၄-ပါးလုံးကို အရကောက်ရသော တိကပဒ •**

> **စက္ခု အာယတန ဓာတ် သစ္စာ အကျုန်ပွဲ့သော တိကပဒ**

အဇ္ဈတ္တတိက်/ဗဟိဒ္ဓါ ဓမ္မာ

> **စက္ခု အာယတန ဓာတ် သစ္စာ ၁-ပါးစီသာ ပွဲ့သော တိကပဒ**

သနိဒဿနတိက်/သနိဒဿန သပ္ပဋိဃာ ဓမ္မာ

> **သစ္စာ ၄-ပါးလုံးပွဲ့သော တိကပဒ** = အဇ္ဈတ္တတိက်•ဗဟိဒ္ဓါ ဓမ္မာ/သနိဒဿန တိက်• အနိဒဿန အပ္ပဋိဃာ ဓမ္မာ။

> **သစ္စာ မပွဲ့ရသော တိက်ပဒ** • သေက္ခတိက်-- အသေက္ခာ ဓမ္မာ။

> **ပထမပုဂ်အရ အကုသိုလ်တရားကိုသာ ကောက်နိုင်သော တိက်တို့၏အမည်**

သံကိလိဋ္ဌတိက်၊ ဒဿနတိက်၊ ဒဿနဟေတုတိက်၊ ဟီနတိက်၊ မိစ္ဆတ္တတိက်-တို့ ဖြစ်ပါသည်။

> **စိတ်တစ်ခုနှင့် စေတသိက်ကိုသာ ကောက်ရသော တိကပဒ** • အသေက္ခာ ဓမ္မာ ဖြစ်ပါသည်။ * **ရုပ်တစ်ပါးတည်းကိုသာ ကောက်ရသော တိကပဒ**• သနိဒဿန သပ္ပဋိဃာ ဓမ္မာ ဖြစ်ပါသည်။ * **ရုပ်သက်သက်ကိုသာ ကောက်ရသော တိကပဒ**• သနိဒဿနသပ္ပဋိဃာ ဓမ္မာ၊ အနိဒဿန သပ္ပဋိဃာ ဓမ္မာ-တို့ ဖြစ်ပါသည်။

> **လောကုတ္တရာစိတ်-၈၊ စေတသိက်-၃၆၊ နိဗ္ဗာန်ကို အရကောက်ရသော တိကပဒ**

အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ၊ အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ၊ အပ္ပမာဏာ ဓမ္မာ၊ ပဏီတာ ဓမ္မာ-တို့ ဖြစ်ပါသည်။

> **အကုသိုလ် ဒွါဒသ(၁၂) စေတသိက် သတ္တဝီသ(၂၇) ကောက်ရသော တိကပဒ** • ကုလတိက်• အကုသလာ ဓမ္မာ၊ သံကိလိဋ္ဌတိက်• သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ၊ ဟီနတိက်• ဟီနာ ဓမ္မာ။

**တိကမာတိကာ အရကောက် ပြီး၏။**

http://www.dhammadownload.com



➤ ဂေါစ္ဆက ၁၃-ပါး ॥ ॥ (၁) ဟေတုဂေါစ္ဆက၊ (၂) စူဠန္တရဒုက်၊ (၃) အာသဝ ဂေါစ္ဆက၊ (၄) သညောဇနဂေါစ္ဆက၊ (၅) ဂန္ထဂေါစ္ဆက၊ (၆) ဩဃဂေါစ္ဆက၊ (၇) ယောဂ ဂေါစ္ဆက၊ (၈) နီဝရဏဂေါစ္ဆက၊ (၉) ပရာမာသဂေါစ္ဆက၊ (၁၀) မဟန္တရဒုက်၊ (၁၁) ဥပါဒါနဂေါစ္ဆက၊ (၁၂) ကိလေသဂေါစ္ဆက၊ (၁၃) ပိဋ္ဌိဒုက်-တို့ ဖြစ်ပါသည်။

၁။ ဟေတုဂေါစ္ဆက (၆) ဒုက်

**၁။ ဟေတုဒုက်**

ပ။ ဟေတူ ဓမ္မာ ॥ ॥ ဟေတူ၊ဟိတ်မည်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ◦ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ-ဟု ဆိုအပ်သော ဟိတ် ၆-ပါးရ၏။(သင်-၁း ဓမ္မ-၁၊ ဓမ္မ-၁၊ သစ်-၃) [**သန္တိမှတ်**◦မဂ်စိတ် ၄-ခုဌ်ရှိသော အလောဘ,အဒေါသ၊ ဖိုလ်စိတ် ၄-ခုဌ်ရှိသော အလော,အဒေါ,အမော]

ဒု။ န ဟေတူ ဓမ္မာ ॥ ॥ န ဟေတူ၊ဟိတ် မမည်ကုန်သော။(ဝါ) ဟိတ်မှတပါးကုန် သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။ [ **သန္တိမှတ်**◦မဂ်-၂၇၊ ဖိုလ်-၃၄ ]

* **အရကား** ◦ စိတ်တစ်ခုယုတ်ကိုးဆယ်၊ဟိတ် ၆-ပါးကြဉ်သော စေတသိက် ဆ ဝတ္တာလီသ(၄၆)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (ခန်-၅၊အာ-၁၂၊ဓာ-၁၈၊သစ်-၃)

**၂။ သဟေတုကဒုက်**

ပ။ သဟေတုကာ ဓမ္မာ ॥ ॥ သဟေတုကာ၊သမ္ပယုတ်ဟိတ်ရှိကုန်သော။ဓမ္မာ၊တို့ သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ◦ သဟိတ်စိတ် ဧကသတ္တတိ(၇၁)၊ မောဟမူဒွေ့ဌ် မောဟကြဉ်သော စေတသိက် ဒွေပညာသ(၅၂) ရ၏။ (၄ × ၂ × ၂ × ၃)

ဒု။ အဟေတုကာ ဓမ္မာ ॥ ॥ အဟေတုကာ၊သမ္ပယုတ်ဟိတ် မရှိကုန်သော။ဓမ္မာ၊တို့ သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ◦ အဟိတ်စိတ် အဋ္ဌာရသ(၁၈)၊ ဆန္ဒကြဉ်သော အညသမာန်း စေ တသိက် ဒွါဒသ(၁၂)၊ မော်ဟမူဒွေ့ဌ် မောဟ၊ ရုပ်အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (ခန်-၅ အာ-၁၂ ဓာတ်-၁၈၊ သစ္စာ-၂)

**၃။ ဟေတုသမ္ပယုတ္တဒုက်**

ပ။ ဟေတုသမ္ပယုတ္တာ ဓမ္မာ ॥ ॥ ဟေတုသမ္ပယုတ္တာ၊ဟိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ◦ သဟိတ်စိတ် ဧကသတ္တတိ(၇၁)၊ မောဟမူဒွေ့ဌ် မောဟကြဉ်သော စေတသိက် ဒွေပညာသ(၅၂) ရ၏။ (၄ × ၂ × ၂ × ၃)

http://www.dhammadownload.com



ဒု။ **ဟေတုဝိပ္ပယုတ္တာ ဓမ္မာ** ။ ။ ဟေတုဝိပ္ပယုတ္တာ၊ဟိတ်နှင့် မယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ။ အဟိတ်စိတ် အဋ္ဌာရသ(၁၈)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ(၁၂)၊ မောဟမူဒွေ၌ မောဟ၊ ရုပ်အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (ခန်-၅ အာ-၁၂ ဓာတ်-၁၈၊ သစ္စာ-၂)

**၄။ ဟေတုသဟေတုကဒုက် (သပ္ပဒေသဒုက်)**

ပ။ **ဟေတူစေဝ ဓမ္မာ သဟေတုကာစ** ။ ။ ဟေတူစေဝ၊ဟိတ်လည်း မည်ကုန်သော သဟေတုကာစ၊သမ္ပယုတ်ဟိတ်လည်း ရှိကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ။ မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။(၁×၁×၁×၃)

ဒု။ **သဟေတုကာစေဝ ဓမ္မာ နစ ဟေတူ** ။ ။ သဟေတုကာစေဝ၊သမ္ပယုတ်ဟိတ် လည်းရှိကုန်သော။နစ ဟေတူ၊ဟိတ်လည်း မမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊၏။

* **အရကား** ။ သဟိတ်စိတ် ဧကသတ္တတိ(၇၁)၊ ဟိတ် ၆-ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ(၄၆) ရ၏။ (၄× ၂× ၂× ၂ )| **သန္ဓိဝိမုတ်**-မဂ်-၂၇၊ ဖိုလ်-၃၄ |

➤ **ခုက်မှတ်(ဤဒုက်တွင် မပါဝင်သော ပရမတ္ထတရားများ)** ။ ။ အဟိတ်စိတ် အဋ္ဌာရသ(၁၈)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ(၁၂)၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်။

**၅။ ဟေတုဟေတုသမ္ပယုတ္တဒုက် (သပ္ပဒေသဒုက်)**

ပ။ **ဟေတူစေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာစ** ။ ။ ဟေတူစေဝ၊ဟိတ်လည်း မည်ကုန် သော ဟေတုသမ္ပယုတ္တာစ၊ဟိတ်နှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

* **အရကား** ။ မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။(၁×၁×၁×၃)

ဒု။ **ဟေတုသမ္ပယုတ္တာစေဝ ဓမ္မာ နစ ဟေတူ** ။ ။ ဟေတုသမ္ပယုတ္တာစေဝ၊ဟိတ် နှင့်လည်း ယှဉ်ကုန်သော။ နစ ဟေတူ၊ဟိတ်လည်း မမည်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** ။ သဟိတ်စိတ် ဧကသတ္တတိ(၇၁)၊ ဟိတ် ၆-ပါးကြဉ်သော စေတသိက် ဆစတ္တာလီသ(၄၆) ရ၏။ (၄× ၂× ၂× ၂ )

➤ **ခုက်မှတ်(ဤဒုက်တွင် မပါဝင်သော ပရမတ္ထတရားများ)** ။ ။ အဟိတ်စိတ် အဋ္ဌာရသ(၁၈)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ(၁၂)၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်။

**၆။ န ဟေတု သဟေတုကဒုက် (သပ္ပဒေသဒုက်)**

ပ။ **နဟေတူ ခေါပန ဓမ္မာ သဟေတုကာပိ** ။ ။ နဟေတူ ခေါပန၊ဟိတ် မမည် ကုန်သော။ သဟေတုကာပိ၊သမ္ပယုတ်ဟိတ်လည်း ရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

http://www.dhammadownload.com



* **အရကား** = သဟိတ်စိတ် ဧကသတ္တတိ(၇၁)၊ ဟိတ် ၆-ပါးကြဉ်သော စေတသိက် ဆဝဏ္ဏာလီသ(၄၆) ရ၏။ (၄× ၂× ၂× ၂ )

ဒု။ န ဟေတူ ခေါပန ဓမ္မာ အဟေတုကာပိ ။ ။ နဟေတူ ခေါပန၊ဟိတ် မမည်ကုန်သော။ အဟေတုကာပိ၊သမ္ပယုတ်ဟိတ်လည်း မရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** = အဟိတ်စိတ် အဋ္ဌာရသ(၁၈)၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ(၁၂)၊ ရုပ်အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (၅× ၁၂ ×၁၈× ၂)

➤ **ဒုက်မှတ်** ။ ။ ဟိတ် ၆-ပါး။

## ၂။ စူဠန္တရဒုက် (၇-ဒုက်)

### ၁။ သပ္ပစ္စယဒုက်

ပ။ သပ္ပစ္စယာ ဓမ္မာ ။ ။ သပ္ပစ္စယာ၊ကံ စိတ် ဥတု အာဟာရ-တည်းဟူသော အကြောင်း ၄-ပါးတို့နှင့် တကွဖြစ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ (၅၂)၊ ရုပ်အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃ )

ဒု။ အပ္ပစ္စယာ ဓမ္မာ ။ ။ အပ္ပစ္စယာ၊ကံ စိတ် ဥတု အာဟာရ-တည်းဟူသော အကြောင်း ၄-ပါး မရှိကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** = နိဗ္ဗာန်ရ၏။ (ခန္ဓာ မရှိ× ဓမ္မာယတန၊ ဓမ္မဓာတ်၊ နိရောဓသစ္စာ)

### ၂။ သင်္ခတဒုက်

ပ။ သင်္ခတာ ဓမ္မာ ။ ။ သင်္ခတာ၊ကံ စိတ် ဥတု အာဟာရ-တည်းဟူသော အကြောင်း ၄-ပါးတို့သည် ပေါင်း၍ ပြုပြင်အပ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** = စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ (၅၂)၊ ရုပ်အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၃ )

ဒု။ အသင်္ခတာ ဓမ္မာ ။ ။ အသင်္ခတာ၊ကံ စိတ် ဥတု အာဟာရ-တည်းဟူသော အကြောင်း ၄-ပါးတို့သည် ပေါင်း၍ မပြုပြင်အပ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** = နိဗ္ဗာန်ရ၏။ (ခန္ဓာ မရှိ× ဓမ္မာယတန၊ ဓမ္မဓာတ်၊ နိရောဓသစ္စာ)

### ၃။ သနိဒဿနဒုက်

ပ။ သနိဒဿနာ ဓမ္မာ ။ ။ သနိဒဿနာ၊မြင်ခြင်းနှင့်တကွ ဖြစ်ကုန်သော။ (ဝါ) မြင်အပ်သည်၏အဖြစ်နှင့် တကွဖြစ်ကုန်သော။ (ဝါ) မြင်အပ်သည်နှင့် တကွဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။ * **အရကား** = ရူပါရုံရ၏။ (၁× ၁× ၁× ၁)

ဒု။ အနိဒဿနာ ဓမ္မာ ။ ။ အနိဒဿနာ၊မြင်ခြင်း မရှိကုန်သော။ (ဝါ) မြင်အပ်

http://www.dhammadownload.com



သည်၏အဖြစ် မရှိကုန်သော။ (ဝါ) မြင်အပ်သည် မရှိကုန်သော။ ဓမ္မာ။ သံဝိဇ္ဇန္တိ။

*** အရကား •** စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ခွေပညာသ (၅၂)၊ ရူပါရုံ ကြဉ်သော ရုပ် သတ္တဝီသ(၂၇)၊ နိဗ္ဗာန်ရ၏။ (၅× ၁၁× ၁၇× ၄)

## ၄။ သပ္ပဋိဃဒုက်

ပ။ **သပ္ပဋိဃာ ဓမ္မာ** ။ ။ သပ္ပဋိဃာ၊ထိပါးခြင်းနှင့်တကွ ဖြစ်ကုန်သော။(ဝါ) ထိပါး တတ်သည်၏ အဖြစ်နှင့်တကွ ဖြစ်ကုန်သော။ (ဝါ) ထိပါးတတ်သည်နှင့် တကွဖြစ်ကုန် သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား •** ဩဠာရိကရုပ် ဒွါဒသ(၁၂) ရ၏။(၁× ၁၀× ၁၀× ၁ )

ဒု။ **အပ္ပဋိဃာ ဓမ္မာ** ။ ။ အပ္ပဋိဃာ၊ထိပါးခြင်း မရှိကုန်သော။ (ဝါ) ထိပါးတတ်သည် ၏ အဖြစ် မရှိကုန်သော။ (ဝါ) ထိပါးတတ်သည် မရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

*** အရကား •** စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ သုခုမ ရုပ် သောဠသ(၁၆)၊ နိဗ္ဗာန်ရ၏။ (၅× ၂× ၈× ၄ )

## ၅။ ရူပီဒုက်

ပ။ **ရူပိနော ဓမ္မာ** ။ ။ ရူပိနော၊ဖောက်ခြင်းသဘောရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

*** အရကား •** ရုပ် အဋ္ဌဝီသ (၂၈) ရ၏။ (၁× ၁၁× ၁၁× ၁ )

ဒု။ **အရူပိနော ဓမ္မာ** ။ ။ အရူပိနော၊ဖောက်ပြန်ခြင်းသဘော မရှိကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား •** စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂) နိဗ္ဗာန် ရ၏။ (၄× ၂× ၈× ၄ )

## ၆။ လောကိယဒုက်

ပ။ **လောကိယာ ဓမ္မာ** ။ ။ လောကိယာ၊ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

*** အရကား •** လောကီစိတ် ဧကာသီတိ (၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) ရ၏။ (၅× ၁၂× ၁၈× ၂ )

ဒု။ **လောကုတ္တရာ ဓမ္မာ** ။ ။ လောကုတ္တရာ၊ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ အကျုံးမဝင်သည်၏အဖြစ်ဖြင့် ပျက်တတ် ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောကမှ ထွက်မြောက်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

*** အရကား •** လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)၊ နိဗ္ဗာန်ရ၏။ (၄× ၂× ၂× ၂)

http://www.dhammadownload.com



## ၇။ ကေနစိ ဝိညေယျဒုက်

ပ။ ကေနစိ ဝိညေယျာ ဓမ္မာ ။ ။ ကေနစိ ဝိညေယျာ၊စက္ခုဝိညာဉ် အစရှိသော တစုံတခုသော စိတ်သည် သိအပ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - စက္ခုဝိညာဉ် အစရှိသော တစုံတခုသော စိတ်သည် သိအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄ )

ဒု။ ကေနစိ နဝိညေယျာ ဓမ္မာ ။ ။ ကေနစိ နဝိညေယျာ၊စက္ခုဝိညာဉ် အစရှိသော တစုံတခုသော စိတ်သည် မသိအပ်ကုန်သော။ ဓမ္မာ၊တို့သည်၊ သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - စက္ခုဝိညာဉ် အစရှိသော တစုံတခုသော စိတ်သည် မသိအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄ )

## ၃။ အာသဝဂေါစ္ဆက (၆-ဒုက်)

## ၁။ အာသဝဒုက်

ပ။ အာသဝါ ဓမ္မာ ။ ။ အာသဝါ၊အာသဝမည်ကုန်သော။ (ဝါ) ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်ကုန်သော။(ဝါ) ကြာမြင့်စွာ ထုံအပ်သော အရက်နှင့်တူကုန်သော၊ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - လောဘ, ဒိဋ္ဌိ, မောဟ-ဟုဆိုအပ်သော အာသဝ တရားကိုယ် ၃ ပါးရ၏။ (သဒ္ဒါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာ-၂)

ဒု။ နော အာသဝါ ဓမ္မာ ။ ။ နော အာသဝါ၊အာသဝ မမည်ကုန်သော။ (ဝါ) ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် မယိုစီးတတ်ကုန်သော။ (ဝါ) ကြာမြင့်စွာ ထုံအပ်သော အရက်နှင့် မတူကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - စိတ် တစ်ခုယုတ်ကိုးဆယ်၊ အာသဝ တရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ဧကူနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန် ရ၏။(၅-၁၂-၁၈-၃)

## ၂။ သာသဝဒုက်

ပ။ သာသဝါ ဓမ္မာ ။ ။ သာသဝါ၊အာသဝတရားတို့၏ အာရုံဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* အရကား - လောကီစိတ် ဧကာသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ အနာသဝါ ဓမ္မာ ။ ။ အနာသဝါ၊အာသဝတရားတို့၏ အာရုံ မဟုတ်ကုန်သော ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

http://www.dhammadownload.com



*** အရကား** ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)၊ နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

**၃။ အာသဝသမ္ပယုတ္တဒုက်**

[illegible] ဓမ္မာ ။ ။ အာသဝသမ္ပယုတ္တာ၊အာသဝနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** ။ အကုသိုလ် ဒွါဒသ(၁၂)၊ ဒေါသမူဒွေ၊ မောဟမူဒွေ့၌ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **အာသဝဝိပ္ပယုတ္တာ ဓမ္မာ** ။ ။ အာသဝဝိပ္ပယုတ္တာ၊အာသဝနှင့် မယှဉ်ကုန်သော

[illegible]

*** အရကား** ။ ကုသိုလ ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ (၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ (၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

**၄။ အာသဝ သာသဝဒုက်** (သပ္ပဒေသဒုက်)

ပ။ **အာသဝါ စေဝ ဓမ္မာ သာသဝါစ** ။ ။ အာသဝါစေဝ၊အာသဝလည်း မည်ကုန်သော။ သာသဝါစ၊အာသဝတရားတို့၏ အာရုံလည်းဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

*** အရကား** ။ လောဘ, ဒိဋ္ဌိ, မောဟ-ဟုဆိုအပ်သော အာသဝ တရားကိုယ် ၃ ပါးရ၏။ (သဒ္ဒိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာ-၂)

ဒု။ **သာသဝါ စေဝ ဓမ္မာ နောစ အာသဝါ** ။ ။ သာသဝါစေဝ၊အာသဝတရားတို့၏ အာရုံလည်း ဖြစ်ကုန်သော။နောစ အာသဝါ၊အာသဝလည်း မမည်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** ။ လောကီစိတ် ကေသီတိ(၈၁)၊ အာသဝတရားကိုယ် ၃-ပါးကြဉ် သော စေတသိက် ဧကူနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။(၅× ၁၂× ၁၈× ၁)

➤ **ဒုက်မှတ်** ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်။

**၅။ အာသဝ အာသဝသမ္ပယုတ္တဒုက်** (သပ္ပဒေသဒုက်)

ပ။ **အာသဝါစေဝ ဓမ္မာ အာသဝသမ္ပယုတ္တာစ** ။ ။ အာသဝါစေဝ၊အာသဝလည်း မည်ကုန်သော။ အာသဝသမ္ပယုတ္တာစ၊အာသဝနှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ--။

*** အရကား** ။ လောဘမူစိတ် ၈-ခု၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ-ဟု ဆိုအပ် သော အာသဝတရားကိုယ် ၃-ပါး ရ၏။ (၄× ၂× ၂× ၂ )

ဒု။ **အာသဝသမ္ပယုတ္တာစေဝ ဓမ္မာ နောစ အာသဝါ** ။ ။ အာသဝသမ္ပယုတ္တာ စေဝ၊အာသဝနှင့်လည်း ယှဉ်ကုန်သော။နောစ အာသဝါ၊အာသဝလည်း မမည်ကုန်

http://www.dhammadownload.com



သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = အကုသိုလ် ဒွါဒသ(၁၂)၊ အာသဝတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် စတုဝီသ(၂၄) ရ၏။ (၄× ၂× ၂× ၂)

➤ **ဒုက်မှတ်** ။ ။ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဒွိ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

၆။ **အာသဝဝိပ္ပယုတ္တ သာသဝဒုက် (သပ္ပဒေသဒုက်)**

ပ။ **အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ** ။ ။ အာသဝဝိပ္ပယုတ္တာ ခေါပန၊ အာသဝနှင့် မယှဉ်ကုန်သော။သာသဝါပိ၊အာသဝတရားတို့၏ အာရုံလည်းဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗာတ္တိံသ(၃၂) ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဒေါသမူဒွေ၊ မောဟမူဒွေဒွိ မောဟ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၁)

ဒု။ **အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ အနာသဝါပိ** ။ ။ အာသဝဝိပ္ပယုတ္တာ ခေါပန၊ အာသဝနှင့် မယှဉ်ကုန်သော။အနာသဝါပိ၊အာသဝတရားတို့၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

➤ **ဒုက်မှတ်** ။ ။ အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဒွိ မောဟကြဉ်သော စေတသိက် သတ္တဝီသ။

၄။ **သညောဇနဂေါစ္ဆက (၆-ဒုက်)**

၁။ **သညောဇနဒုက်**

ပ။ **သညောဇနာ ဓမ္မာ** ။ ။ သညောဇနာ၊သံယောဇဉ် မည်ကုန်သော။ဓမ္မာ-နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟ- ဟု ဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါးရ၏။(၁× ၁× ၁× ၂)

ဒု။ **နော သညောဇနာ ဓမ္မာ** ။ ။ နော သညောဇနာ၊သံယောဇဉ် မမည်ကုန်သော ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = စိတ်တစ်ခုယုတ်ကိုးဆယ်၊ သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် စတုစတ္တာလီသ(၄၆)၊ ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန်ရ၏။(၅-၁၂-၁၈-၃)

http://www.dhammadownload.com


## ၂။ သညောဇနိယဒုက်

ပ။ **သညောဇနိယာ ဓမ္မာ** ။ ။ သညောဇနိယာ၊သံယောဇဉ်တရားတို့၏ အာရုံ ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** - လောကီစိတ် ဧကာသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ **အသညောဇနိယာ ဓမ္မာ** ။ ။ အသညောဇနိယာ၊သံယောဇဉ်တရားတို့၏ အာရုံ မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။ * **အရကား** - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

## ၃။ သညောဇနသမ္ပယုတ္တဒုက်

ပ။ **သညောဇနသမ္ပယုတ္တာ ဓမ္မာ** ။ ။ သညောဇနသမ္ပယုတ္တာ၊သံယောဇဉ်နှင့် ယှဉ် ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** - အကုသိုလ် ဒွါဒသ(၁၂)၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **သညောဇနဝိပ္ပယုတ္တာ ဓမ္မာ** ။ ။ သညောဇနဝိပ္ပယုတ္တာ၊သံယောဇဉ်နှင့် မယှဉ် ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** - ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ (၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

## ၄။ သညောဇန သညောဇနိယဒုက် (သပ္ပဒေသဒုက်)

ပ။ **သညောဇနာ စေဝ ဓမ္မာ သညောဇနိယာစ** ။ ။ သညောဇနာ၊စေဝ၊သံယော ဇဉ်လည်း မည်ကုန်သော။သညောဇနိယာစ၊သံယောဇဉ်၏ အာရုံလည်းဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** - လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟ ဟု ဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါးရ၏။ (၁× ၁× ၁× ၂)

ဒု။ **သညောဇနိယာ စေဝ ဓမ္မာ နောစ သညောဇနာ** ။ ။ သညောဇနိယာ စေဝ၊ သံယောဇဉ်၏ အာရုံလည်းဖြစ်ကုန်သော။နောစ သညောဇနာ၊သံယောဇဉ်လည်း မမည်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** - လောကီစိတ် ဧကာသီတိ(၈၁)၊ သံယောဇဉ်တရားကိုယ် ၈-ပါး ကြဉ်သော စေတသိက် စတုစတ္တာလီသ(၄၆)၊ ရုပ် အဋ္ဌဝီသ ရ၏။(၅-၁၂-၁၈-၁)

➤ **ဒုက်မှတ်** ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်။

http://www.dhammadownload.com



### ၅။ သညောဇန သညောဇနသမ္ပယုတ္တဒုက် (သပ္ပဒေသဒုက်)

ပ။ **သညောဇနာ စေဝ ဓမ္မာ သညောဇနသမ္ပယုတ္တာ စ** ။ ။ သညောဇနာ စေဝ၊ သံယောဇဉ်လည်းမည်ကုန်သော။သညောဇနသမ္ပယုတ္တာစ၊သံယောဇဉ်နှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** • ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟ ဟု ဆိုအပ်သော သံယောဇဉ်တရားကိုယ် ၈-ပါးရ၏။ (၁× ၁× ၁× ၂)

ဒု။ **သညောဇနသမ္ပယုတ္တာ စေဝ ဓမ္မာ နော စ သညောဇနာ** ။ ။ သညောဇနသမ္ပယုတ္တာစေဝ၊သံယောဇဉ်နှင့်လည်း ယှဉ်ကုန်သော။နောစ သညောဇနာ၊သံယောဇဉ် မမည်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** • အကုသိုလ် ဒွါဒသ(၁၂)၊ သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ဧကူနဝီသ(၁၉) ရ၏။ (၄× ၂× ၂× ၁)

➤ **ဒုက်မှတ်** ။ ။ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

### ၆။ သညောဇနဝိပ္ပယုတ္တ သညောဇနိယဒုက် (သပ္ပဒေသဒုက်)

ပ။ **သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သညောဇနိယာပိ** ။ ။ သညောဇနဝိပ္ပယုတ္တာ ခေါ ပန၊သံယောဇဉ်နှင့်လည်း မယှဉ်ကုန်သော။သညောဇနိယာပိ၊သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** • လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ ( ၅× ၁၂× ၁၈× ၁)

ဒု။ **သညောဇနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အသညောဇနိယာပိ** ။ ။ သညောဇနဝိပ္ပယုတ္တာ ခေါ ပန၊သံယောဇဉ်နှင့် မယှဉ်ကုန်သော။အသညောဇနိယာပိ၊သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၈)၊ နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂) ➤ **ဒုက်မှတ်** ။ ။ အကုသိုလ် ဒွါဒသ၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ။

### ၅။ ဂန္ထဂေါစ္ဆက (၆-ဒုက်)

#### ၁။ ဂန္ထဒုက်

ပ။ **ဂန္ထာ ဓမ္မာ** ။ ။ ဂန္ထာ၊ဂန္ထမည်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝ၊ သတ္တလည်း

http://www.dhammadownload.com



မဟုတ် ဇိဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** • လောဘ, ဒေါသ, ဒိဋ္ဌိ-ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၃-ပါး ရ၏။ (သဗ်ိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **နော ဂန္ထာ ဓမ္မာ** ။ ။ နော ဂန္ထာ၊ဂန္ထ မမည်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** • စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဂန္ထတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ကျေနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ (၅× ၁၂× ၁၈× ၃)

## ၂။ ဂန္ထနိယဒုက်

ပ။ **ဂန္ထနိယာ ဓမ္မာ** ။ ။ ဂန္ထနိယာ၊ဂန္ထ၏ အာရုံဖြစ်ကုန်သော။ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** • လောကီစိတ် ကောသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ **အဂန္ထနိယာ ဓမ္မာ** ။ ။ အဂန္ထနိယာ၊ဂန္ထ၏ အာရုံ မဟုတ်ကုန်သော။ ဓမ္မာ--

* **အရကား** • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

## ၃။ ဂန္ထသမ္ပယုတ္တဒုက်

ပ။ **ဂန္ထသမ္ပယုတ္တာ ဓမ္မာ** ။ ။ ဂန္ထသမ္ပယုတ္တာ၊ဂန္ထနှင့် ယှဉ်ကုန်သော။ဓမ္မာ---

* **အရကား** • လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ(၂၅) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **ဂန္ထဝိပ္ပယုတ္တာ ဓမ္မာ** ။ ။ ဂန္ထဝိပ္ပယုတ္တာ၊ဂန္ထနှင့် မယှဉ်ကုန်သော။ ဓမ္မာ--။

* **အရကား** • မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန မိဒ္ဓ-ကြဉ်သော စေတသိက် တေစတ္တာလီသ(၄၃)၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ လောဘ၊ ဒေါသမူဒွေ၌ ဒေါသ၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။(၅× ၁၂× ၁၈× ၄)

## ၄။ ဂန္ထ ဂန္ထနိယဒုက် (သပ္ပဒေသဒုက်)

ပ။ **ဂန္ထာစေဝ ဓမ္မာ ဂန္ထနိယာစ** ။ ။ ဂန္ထာစေဝ၊ဂန္ထလည်းမည်ကုန်သော။ဂန္ထနိယာစ၊ဂန္ထ၏ အာရုံလည်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** • လောဘ, ဒေါသ, ဒိဋ္ဌိ-ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၃-ပါး ရ၏။ (သဗ်ိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **ဂန္ထနိယာစေဝ ဓမ္မာ နောစ ဂန္ထာ** ။ ။ ဂန္ထနိယာစေဝ၊ဂန္ထ၏ အာရုံလည်းဖြစ်ကုန်သော။နောစ ဂန္ထာ၊ဂန္ထလည်း မမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

http://www.dhammadownload.com



* အရကား ။ လောကီစိတ် ၈၁ ကောသီတိ(၈၁)၊ဂန္ထတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ၈ဂူနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသ ရ၏။ (၅× ၁၂× ၁၈× ၁)

➤ ဒုက်မှတ် ။ ။လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

၅။ ဂန္ထ ဂန္ထသမ္ပယုတ္တဒုက် (သပ္ပဒေသဒုက်)

ပ။ ဂန္ထာစေဝ ဓမ္မာ ဂန္ထသမ္ပယုတ္တာစ ။ ။ ဂန္ထာစေဝ၊ဂန္ထလည်းမည်ကုန်သော။ ဂန္ထသမ္ပယုတ္တာစ၊ဂန္ထနှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* အရကား ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုဉ်ရှိသော လောဘ, ဒိဋ္ဌိ-ဟု ဆိုအပ်သော ဂန္ထတရားကိုယ် ၂-ပါးရ၏။(သစ်ရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စာ-၂)

ဒု။ ဂန္ထသမ္ပယုတ္တာစေဝ ဓမ္မာ နောစ ဂန္ထာ ။ ။ ဂန္ထသမ္ပယုတ္တာစေဝ၊ဂန္ထနှင့်လည်း ယှဉ်ကုန်သော။နောစ ဂန္ထာ၊ဂန္ထလည်း မမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား ။ လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ ဂန္ထတရားကိုယ် ၃-ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် တေဝီသ(၂၃) ရ၏။ (၄× ၂× ၂× ၁)

➤ ဒုက်မှတ် ။ ။ မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ၊ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန မိဒ္ဓ-ကြဉ်သော စေတသိက် တေစတ္တာလီသ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဉ် လောဘ၊ဒေါသမူဒွေဉ် ဒေါသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

၆။ ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် (သပ္ပဒေသဒုက်)

ပ။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဂန္ထနိယာပိ ။ ။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန၊ဂန္ထနှင့် မယှဉ်ကုန်သော။ဂန္ထနိယာပိ၊ဂန္ထ၏ အာရုံလည်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

* အရကား ။ မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ ကြိယာ ဝီသ(၂၀) လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ-ကြဉ်သော စေတသိက် တေစတ္တာလီသ(၄၃)၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဉ် လောဘ၊ ဒေါသမူ ဒွေဉ် ဒေါသ၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အဂန္ထနိယာပိ ။ ။ ဂန္ထဝိပ္ပယုတ္တာ ခေါ ပန၊ဂန္ထနှင့် မယှဉ်ကုန်သော။အဂန္ထနိယာပိ၊ဂန္ထ၏ အာရုံလည်းမဟုတ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား ။လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

➤ ဒုက်မှတ် ။ ။ လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဉ် လောဘ၊ ဒေါသမူဒွေဉ် ဒေါသ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဥ္စဝီသ။

http://www.dhammadownload.com



## ၆။ ဩဃဂေါစ္ဆက (၆-ဒုက်)

### ၁။ ဩဃဒုက်

ပ။ ဩဃာ ဓမ္မာ ။ ။ ဩဃာ၊ဩဃမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** - လောဘ, ဒိဋ္ဌိ, မောဟ-ဟု ဆိုအပ်သော ဩဃတရားကိုယ် ၃-ပါး ရ၏။ (သဠာရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ နော ဩဃာ ဓမ္မာ ။ ။ နော ဩဃာ၊ဩဃ မမည်ကုန်သော။ ဓမ္မာ--။

*** အရကား** - စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဩဃတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ဧကူနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။(၅×၁၂× ၁၈× ၃)

### ၂။ ဩဃနိယဒုက်

ပ။ ဩဃနိယာ ဓမ္မာ ။ ။ ဩဃနိယာ၊ဩဃ၏ အာရုံဖြစ်ကုန်သော။ ဓမ္မာ--။

*** အရကား** - လောကီစိတ် ကောသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ အနောဃနိယာ ဓမ္မာ ။ ။ အနောဃနိယာ၊ဩဃ၏ အာရုံ မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

### ၃။ ဩဃသမ္ပယုတ္တဒုက်

ပ။ ဩဃသမ္ပယုတ္တာ ဓမ္မာ ။ ။ ဩဃသမ္ပယုတ္တာ၊ဩဃနှင့် ယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** - အကုသိုလ် ဒွါဒသ(၁၂)၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ(၂၇) ရ၏။ ( ၄× ၂× ၂× ၂)

ဒု။ ဩဃဝိပ္ပယုတ္တာ ဓမ္မာ ။ ။ ဩဃဝိပ္ပယုတ္တာ၊ဩဃနှင့် မယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** - ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀) စေတသိက် အဋ္ဌတိံသ(၃၈)၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ(၂၈) နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

### ၄။ ဩဃ ဩဃနိယဒုက် (သပ္ပဒေသဒုက်)

ပ။ ဩဃာစေဝ ဓမ္မာ ဩဃနိယာစ ။ ။ ဩဃာစေဝ၊ဩဃလည်း မည်ကုန်သော ဩဃနိယာစ၊ဩဃ၏ အာရုံလည်း ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** - လောဘ, ဒိဋ္ဌိ, မောဟ-ဟု ဆိုအပ်သော ဩဃတရားကိုယ် ၃-ပါး

http://www.dhammadownload.com



ရ၏။ (သခ်ီရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

၃။ ဩဃနိယာစေဝ ဓမ္မာ နောစ ဩဃာ ။ ။ ဩဃနိယာစေဝ၊ဩဃ၏ အာရုံလည်း ဖြစ်ကုန်သော၊နောစ ဩဃာ၊ဩဃလည်း မမည်ကုန်သော။ဓမ္မာ--။

* အရကား • လောကီစိတ် ကောသိတ်(၈၁)၊ ဩဃတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ဒေ့ကနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသရ၏။(၅-၁၂-၁၈-၁)

➤ ခုက်မှတ် ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

## ၅။ ဩဃ ဩဃသမ္ပယုတ္တဒုက်

ပ။ ဩဃာစေဝ ဓမ္မာ ဩဃသမ္ပယုတ္တာစ ။ ။ ဩဃာစေဝ၊ဩဃလည်း မည်ကုန်သော။ဩဃသမ္ပယုတ္တာစ၊ဩဃနှင့်လည်း ယှဉ်ကုန်သော။ ဓမ္မာ---။

* အရကား • လောဘမူစိတ် ၈-ခုဉ်ရှိသော လောဘ, ဒိဋ္ဌိ, မောဟ-ဟုဆိုအပ်သော ဩဃတရားကိုယ် ၃-ပါး ရ၏။ (သခ်ီရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

၃။ ဩဃသမ္ပယုတ္တာစေဝ ဓမ္မာ နောစ ဩဃာ ။ ။ ဩဃသမ္ပယုတ္တာစေဝ၊ဩဃနှင့်လည်း ယှဉ်ကုန်သော။နောစ ဩဃာ၊ဩဃလည်း မမည်ကုန်သော။ ဓမ္မာ--။

* အရကား • အကုသိုလ် ဒွါဒသ(၁၂)၊ ဩဃတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် စတုဝီသ(၂၄) ရ၏။ (၄× ၂× ၂× ၁)

➤ ခုက်မှတ် ။ ။ ကုသိုလ် ကေဝီသ၊ဝိပါက် ဆတ္တိံသ၊ကြိယာစိတ် ဝီသ၊စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဋ္ဌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

## ၆။ ဩဃဝိပ္ပယုတ္တ ဩဃနိယဒုက် (သပ္ပဒေသဒုက်)

ပ။ ဩဃဝိပ္ပယုတ္တာ ခေါပန ဓမ္မာ ဩဃနိယာပိ ။ ။ ဩဃဝိပ္ပယုတ္တာ ခေါ ပန၊ ဩဃနှင့် မယှဉ်ကုန်သော။ဩဃနိယာပိ၊ဩဃ၏ အာရုံလည်း ဖြစ်ကုန်သော။ဓမ္မာ-။

* အရကား • လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗာတ္တိံသ(၃၂) ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဒေါသမူဒွေ၊ မောဟမူဒွေဋ္ဌ မောဟ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၁)

၃။ ဩဃဝိပ္ပယုတ္တာ ခေါပန ဓမ္မာ အနောဃနိယာပိ ။ ။ ဩဃဝိပ္ပယုတ္တာ ခေါ ပန၊ ဩဃနှင့် မယှဉ်ကုန်သော။အနောဃနိယာပိ၊ဩဃ၏ အာရုံလည်း မဟုတ်ကုန်သော။ဓမ္မာ။တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂) ခုက်မှတ် ။ ။ အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေဋ္ဌ မောဟကြဉ်သော စေတသိက် သတ္တဝီသ။

http://www.dhammadownload.com



## ၇။ ယောဂဂေါစ္ဆက (၆-ဒုက်)

### ၁။ ယောဂဒုက်

ပ။ **ယောဂါ ဓမ္မာ** ။ ။ ယောဂါ၊ယောဂမည်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • လောဘ, ဒိဋ္ဌိ, မောဟ-ဟုဆိုအပ်သော ယောဂတရားကိုယ် ၃-ပါး ရ၏။ (သဝိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **နော ယောဂါ ဓမ္မာ** ။ ။ နော ယောဂါ၊ယောဂ မမည်ကုန်သော။ဓမ္မာ--။

*** အရကား** • စိတ်တစ်ခုယုတ်ကိုးဆယ်၊ ယောဂ တရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ဧကူနပညာသ(၄၉)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ (၅-၁၂-၁၈-၃)

### ၂။ ယောဂနိယဒုက်

ပ။ **ယောဂနိယာ ဓမ္မာ** ။ ။ ယောဂနိယာ၊ယောဂ၏ အာရုံဖြစ်ကုန်သော။ဓမ္မာ-။

*** အရကား** • လောကီစိတ် ဧကာသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ **အယောဂနိယာ ဓမ္မာ** ။ ။ အယောဂနိယာ၊ယောဂ၏ အာရုံ မဟုတ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

### ၃။ ယောဂသမ္ပယုတ္တဒုက်

ပ။ **ယောဂသမ္ပယုတ္တာ ဓမ္မာ** ။ ။ ယောဂသမ္ပယုတ္တာ၊ယောဂနှင့် ယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • အကုသိုလ် ဒွါဒသ(၁၂)၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **ယောဂဝိပ္ပယုတ္တာ ဓမ္မာ** ။ ။ ယောဂဝိပ္ပယုတ္တာ၊ယောဂနှင့် မယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ်ဝီသ (၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ (၂၈)၊ နိဗ္ဗာန် ရ၏။ ( ၅× ၁၂× ၁၈× ၃)

### ၄။ ယောဂ ယောဂနိယဒုက် (သပ္ပဒေသဒုက်)

ပ။ **ယောဂါစေဝ ဓမ္မာ ယောဂနိယာစ** ။ ။ ယောဂါစေဝ၊ယောဂလည်း မည်ကုန် သော။ယောဂနိယာစ၊ယောဂ၏ အာရုံလည်း ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

http://www.dhammadownload.com



* **အရကား** • လောဘ, ဒိဋ္ဌိ, မောဟ-ဟုဆိုအပ်သော ယောဂတရားကိုယ် ၃-ပါး ရ၏။ (သခ်ီရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **ယောဂနိယာစေဝ ဓမ္မာ နောစ ယောဂါ** ။ ။ ယောဂနိယာစေဝ၊ယောဂ၏ အာရုံလည်း ဖြစ်ကုန်သော။နောစ ယောဂါ၊ယောဂလည်း မမည်ကုန်သော။ဓမ္မာ--။

* **အရကား** • လောကီစိတ် ကောသီတိ(၈၁)၊ ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် ဧကူနပဉ္စာသ(၄၉)၊ ရုပ် အဋ္ဌဝီသ၊ရ၏။(၅× ၁၂× ၁၈× ၁)

➤ **ခုက်မှတ်** ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

## ၅။ ယောဂ ယောဂသမ္ပယုတ္တခုက် (သပ္ပဒေသဒုက်)

ပ။ **ယောဂါစေဝ ဓမ္မာ ယောဂသမ္ပယုတ္တာစ** ။ ။ ယောဂါစေဝ၊ယောဂလည်း မည်ကုန်သော။ယောဂသမ္ပယုတ္တာစ၊ယောဂနှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ--။

* **အရကား** • လောဘမူစိတ် ၈-ခု၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ-ဟုဆိုအပ်သော ယောဂတရားကိုယ် ၃-ပါး ရ၏။ (သခ်ီရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **ယောဂသမ္ပယုတ္တာစေဝ ဓမ္မာ နောစ ယောဂါ** ။ ။ယောဂသမ္ပယုတ္တာစေဝ၊ ယောဂနှင့်လည်း ယှဉ်ကုန်သော။နောစ ယောဂါ၊ယောဂလည်း မမည်ကုန်သော။ဓမ္မာ၊ တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** • အကုသိုလ် ဒွါဒသ(၁၂)၊ ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက် စတုဝီသ(၂၄) ရ၏။ (၄× ၂× ၂× ၁)

➤ **ခုက်မှတ်** ။ ။ ကုသိုလ် ဧကဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

## ၆။ ယောဂဝိပ္ပယုတ္တ ယောဂနိယဒုက် (သပ္ပဒေသဒုက်)

ပ။ **ယောဂဝိပ္ပယုတ္တာ ခေါပန ဓမ္မာ ယောဂနိယာပိ** ။ ။ ယောဂဝိပ္ပယုတ္တာ ခေါပန၊ယောဂနှင့် မယှဉ်ကုန်သော။ယောဂနိယာပိ၊ယောဂ၏ အာရုံလည်း ဖြစ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** • လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗတ္တိံသ(၃၂) ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၁)

ဒု။ **ယောဂဝိပ္ပယုတ္တာ ခေါပန ဓမ္မာ အယောဂနိယာပိ** ။ ။ ယောဂဝိပ္ပယုတ္တာ ခေါပန၊ယောဂနှင့် မယှဉ်ကုန်သော။အယောဂနိယာပိ၊ယောဂ၏ အာရုံလည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

http://www.dhammadownload.com



*** အရကား** - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂) .

**ဓုက်မှတ်** ॥ ॥ အကုသိုလ် ဒွါဒသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ။

## ၈-နိဝရဏဂေါစ္ဆက (၆-ဒုက်)

### ၁။ နိဝရဏဒုက်

ပ။ **နိဝရဏာ ဓမ္မာ** ॥ ॥ နိဝရဏာ၊နိဝရဏ မည်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝ သဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** - လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ-ဟု ဆိုအပ်သော နိဝရဏ တရားကိုယ် ၈-ပါးရ၏။ (သဒ္ဒိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **နော နိဝရဏာ ဓမ္မာ** ॥ ॥ နော နိဝရဏာ၊နိဝရဏ မမည်ကုန်သော၊ဓမ္မာ--။

*** အရကား** - စိတ်တစ်ခုယုတ်ကိုးဆယ်၊ နိဝရဏတရားကိုယ် ၈-ပါးကြဉ်သော စေတသိက် စတုစတ္တာလီသ(၄၆)၊ ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန်ရ၏။(၅-၁၂-၁၈-၃)

### ၂။ နိဝရဏီယဒုက်

ပ။ **နိဝရဏီယာ ဓမ္မာ** ॥ ॥ နိဝရဏီယာ၊နိဝရဏ၏ အာရုံဖြစ်ကုန်သော၊ဓမ္မာ-။

*** အရကား** - လောကီစိတ် ဧကာသီတိ(၈၁)၊ စေတသိက် ဒွေပဉ္ဉာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ **အနိဝရဏီယာ ဓမ္မာ** ॥ ॥ အနိဝရဏီယာ၊နိဝရဏ၏ အာရုံ မဟုတ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

### ၃။ နိဝရဏသမ္ပယုတ္တဒုက်

ပ။ **နိဝရဏသမ္ပယုတ္တာ ဓမ္မာ** ॥ ॥ နိဝရဏသမ္ပယုတ္တာ၊နိဝရဏနှင့် ယှဉ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** - အကုသိုလ် ဒွါဒသ(၁၂) စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **နိဝရဏဝိပ္ပယုတ္တာ ဓမ္မာ** ॥ ॥ နိဝရဏဝိပ္ပယုတ္တာ၊နိဝရဏနှင့် မယှဉ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

http://www.dhammadownload.com



* အရကား ‌• ကုသိုလ် ဧကဝိသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ (၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ (၅-၁၂-၁၈-၃)

၄။ နီဝရဏ နီဝရဏီယဒုက် (သပ္ပဒေသဒုက်)

ပ။ နီဝရဏာစေဝ ဓမ္မာ နီဝရဏီယာစ ။ ။ နီဝရဏာစေဝ၊နီဝရဏလည်း မည် ကုန်သော။ နီဝရဏီယာစ၊နီဝရဏ၏ အာရုံလည်းဖြစ်ကုန်သော။ဓမ္မာ၊ သဘောတို့။

* အရကား • လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ- ဟု ဆိုအပ်သော နီဝရဏ တရားကိုယ် ၈-ပါးရ၏။ (သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ နီဝရဏီယာစေဝ ဓမ္မာ နောစ နီဝရဏာ ။ ။ နီဝရဏီယာစေဝ၊နီဝရဏ၏ အာရုံလည်းဖြစ်ကုန်သော။ နောစ နီဝရဏာ၊နီဝရဏလည်း မမည်ကုန်သော။ဓမ္မာ--။

* အရကား • လောကီစိတ် ဧကာသီတိ(၈၁)၊ နီဝရဏတရားကိုယ် ၈-ပါးကြဉ် သော စေတသိက် စတုစတ္တာလီသ(၄၄)၊ ရုပ် အဋ္ဌဝီသ ရ၏။ (၅-၁၂-၀၈-၁)

➤ ဒုက်မှတ် ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

၅။ နီဝရဏ နီဝရဏသမ္ပယုတ္တဒုက် (သပ္ပဒေသဒုက်)

ပ။ နီဝရဏာစေဝ ဓမ္မာ နီဝရဏသမ္ပယုတ္တာစ ။ ။ နီဝရဏာစေဝ၊နီဝရဏလည်း မည်ကုန်သော။နီဝရဏသမ္ပယုတ္တာစ၊နီဝရဏနှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ--။

* အရကား •လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ- ဟု ဆိုအပ်သော နီဝရဏ တရားကိုယ် ၈-ပါးရ၏။ (သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ နီဝရဏသမ္ပယုတ္တာစေဝ ဓမ္မာ နောစ နီဝရဏာ ။ ။ နီဝရဏသမ္ပယုတ္တာ စေဝ၊နီဝရဏနှင့်လည်း ယှဉ်ကုန်သော။နောစ နီဝရဏာ၊နီဝရဏလည်း မမည်ကုန် သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • အကုသိုလ် ဒွါဒသ(၁၂)၊ နီဝရဏတရားကိုယ် ၈-ပါးကြဉ်သော စေတသိက် ဧကူနဝီသ(၁၉) ရ၏။ (၄× ၂× ၂× ၁)

➤ ဒုက်မှတ် ။ ။ ကုသိုလ် ဧကဝီသ၊ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

၆။ နီဝရဏဝိပ္ပယုတ္တ နီဝရဏီယဒုက် (သပ္ပဒေသဒုက်)

ပ။ နီဝရဏဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ နီဝရဏီယာပိ ။ ။ နီဝရဏဝိပ္ပယုတ္တာ ခေါ ပန၊နီဝရဏနှင့် မယှဉ်ကုန်သော။နီဝရဏီယာပိ၊နီဝရဏ၏ အာရုံလည်း ဖြစ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

http://www.dhammadownload.com



* **အရကား** ● လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် တတ္တိံသ(၃၂) ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၁)

ဒု။ နိဗ္ဗာနပစ္စယုတ္တာ ခေါ ပန ဓမ္မာ အနိဗ္ဗာနိကာပိ ။ ။ နိဗ္ဗာနပစ္စယုတ္တာ ခေါ ပန၊နိဗ္ဗာန်နှင့် မယှဉ်ကုန်သော။အနိဗ္ဗာနိကာပိ၊နိဗ္ဗာန၏ အာရုံလည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ● လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

**ခုက်မှတ်** ။ ။ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ။

## ၉-ပရာမာသဂေါစ္ဆက (၅-ဒုက်)

### ၁။ ပရာမာသဒုက်

ပ။ **ပရာမာသာ ဓမ္မာ** ။ ။ ပရာမာသာ၊ပရာမာသ မည်ကုန်သော။(ဝါ) မှားသော အားဖြင့် သုံးသပ်တတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ● ဒိဋ္ဌိ-ဟု ဆိုအပ်သော ပရာမာသ တရားကိုယ် ၁-ပါး ရ၏။ထို ပရာမာသ တရားကိုယ် ၁-ပါးသည် သဠာရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခသစ္စာ

ဒု။ **နော ပရာမာသာ ဓမ္မာ** ။ ။ နော ပရာမာသာ၊ပရာမာသ မမည်ကုန်သော။ (ဝါ) မှားသောအားဖြင့် မသုံးသပ်တတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ● စိတ်တစ်ခုယုတ် ကိုးဆယ်၊ ပရာမာသ တရားကိုယ် ၁-ပါးကြဉ်သော စေတသိက် ဧကပညာသ(၅၁)၊ ရုပ် အဋ္ဌဝီသ(၂၈) နိဗ္ဗာန်ရ၏။(၅-၁၂-၁၈-၄)

### ၂။ ပရာမဋ္ဌဒုက်

ပ။ **ပရာမဋ္ဌာ ဓမ္မာ** ။ ။ ပရာမဋ္ဌာ၊ပရာမာသ၏ အာရုံဖြစ်ကုန်သော။(ဝါ) မှားသော အားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် သုံးသပ်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ● လောကီစိတ် ဧကာသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ **အပရာမဋ္ဌာ ဓမ္မာ** ။ ။ အပရာမဋ္ဌာ၊ပရာမာသ၏ အာရုံ မဟုတ်ကုန်သော။ (ဝါ) မှားသောအားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ● လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

http://www.dhammadownload.com



## ၃။ ပရာမာသသမ္ပယုတ္တဒုက်

ပ။ ပရာမာသ သမ္ပယုတ္တာ ဓမ္မာ ။ ။ ပရာမာသသမ္ပယုတ္တာ၊ပရာမာသနှင့် ယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကောက်** • ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဝီသ(၂၀) ရ၏။(၄× ၂× ၂× ၂)

ဒု။ ပရာမာသဝိပ္ပယုတ္တာ ဓမ္မာ ။ ။ ပရာမာသဝိပ္ပယုတ္တာ၊ပရာမာသနှင့် မယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကောက်** • ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ ဒိဋ္ဌိကြဉ်သော စေတသိက် ဧကပညာသ(၅၁)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄)

## ၄။ ပရာမာသ ပရာမဋ္ဌဒုက် (သပ္ပဒေသဒုက်)

ပ။ ပရာမာသာ စေဝ ဓမ္မာ ပရာမဋ္ဌာစ ။ ။ ပရာမာသာစေဝ၊ပရာမာသလည်း မည်ကုန်သော။ပရာမဋ္ဌာစ၊ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်သော။ဓမ္မာ--။

* **အရကောက်** • ဒိဋ္ဌိ-ဟု ဆိုအပ်သော ပရာမာသ တရားကိုယ် ၁-ပါး ရ၏။ထို ပရာမာသ တရားကိုယ် ၁-ပါးသည် သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခသစ္စာ

ဒု။ ပရာမဋ္ဌာစေဝ ဓမ္မာ နောစ ပရာမာသာ ။ ။ ပရာမဋ္ဌာစေဝ၊ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်သော။နောစ ပရာမာသာ၊ပရာမာသလည်း မမည်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကောက်** • လောကီစိတ် ဧကာသီတိ(၈၁)၊ ပရာမာသ တရားကိုယ် ၁-ပါး ကြဉ်သော စေတသိက် ဧကပညာသ(၅၁)၊ ရုပ် အဋ္ဌဝီသ ရ၏။ (၅-၁၂-၁၈-၂)

➢ **ဒုက်မှတ်** ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

## ၅။ ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် (သပ္ပဒေသဒုက်)

ပ။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ပရာမဋ္ဌာပိ။ ။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန၊ပရာမာသနှင့် မယှဉ်ကုန်သော။ပရာမဋ္ဌာပိ၊ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကောက်** • ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီ ကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ ကြိယာစိတ် ဝီသ(၂၀)၊ ဒိဋ္ဌိကြဉ်သော စေတသိက် ဧကပညာသ(၅၁)၊ ရုပ် အဋ္ဌဝီသရ၏။(၅× ၁၂× ၁၈× ၂)

ဒု။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အပရာမဋ္ဌာပိ ။ ။ ပရာမာသဝိပ္ပယုတ္တာ ခေါ ပန၊ပရာမာသနှင့် မယှဉ်ကုန်သော။အပရာမဋ္ဌာပိ၊ပရာမာသ၏ အာရုံလည်း မဟုတ်

http://www.dhammadownload.com



ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂) **-ခုက်မှတ်** ။ ။ ဝိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသ။

**၁၀- မဟာန္တရဒုက် (၁၄-ဒုက်)**

**၁။ သာရမ္မဏဒုက်**

ပ။ **သာရမ္မဏာ ဓမ္မာ** ။ ။ သာရမ္မဏာ၊အာရုံပြုခြင်းရှိကုန်သော။ဓမ္မာ--။

*** အရကား** - စိတ်-၈၉၊ စေတသိက် ဒွေပညာသ(၅၂) ရ၏။ (၄× ၂× ၂× ၃)

ဒု။ **အနာရမ္မဏာ ဓမ္မာ** ။ ။ အနာရမ္မဏာ၊အာရုံပြုခြင်း မရှိကုန်သော။ဓမ္မာ--။

*** အရကား** - ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ (၁× ၁၁× ၁၁× ၂)

**၂။ စိတ္တဒုက်**

ပ။ **စိတ္တာ ဓမ္မာ** ။ ။ စိတ္တာ၊စိတ်မည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** - စိတ်တစ်ခုယုတ် ကိုးဆယ် ရ၏။(၁× ၁× ၇× ၁)

ဒု။ **နော စိတ္တာ ဓမ္မာ** ။ ။ နော စိတ္တာ၊စိတ် မမည်ကုန်သော။ဓမ္မာ--။

*** အရကား** - စေတသိက် ဒွေပညာသ(၅၂)၊ ရုပ်အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၄× ၁၁× ၁၁× ၄) [**သစ္စဝိမှတ်**- မဂ်စိတ် ၄-ခုဌ်ရှိသော မဂ္ဂင် ၈-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခုဌ်ရှိသော စေတသိက် ဆတ္တိံသ။]

**၃။ စေတသိကဒုက်**

ပ။ **စေတသိကာ ဓမ္မာ** ။ ။ စေတသိကာ၊စေတသိက် မည်ကုန်သော။ဓမ္မာ--။

*** အရကား** - စေတသိက်(၅၂) ရ၏။ (၃× ၁× ၁× ၃) [**သစ္စဝိမှတ်**- မဂ်စိတ် ၄-ခုဌ်ရှိသော မဂ္ဂင် ၈-ပါးကြဉ်သော စေ-၂၈၊ ဖိုလ်စိတ် ၄-ခုဌ်ရှိသော စေ-၃၆။]

ဒု။ **အစေတသိကာ ဓမ္မာ** ။ ။ အစေတသိကာ၊စေတသိက် မမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။ *** အရကား** - စိတ်တစ်ခုယုတ် ကိုးဆယ်၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။(၂× ၁၂× ၁၈× ၂)

**၄။ စိတ္တသမ္ပယုတ္တဒုက် (သပ္ပဒေသဒုက်)**

ပ။ **စိတ္တသမ္ပယုတ္တာ ဓမ္မာ** ။ ။ စိတ္တသမ္ပယုတ္တာ၊စိတ်နှင့်ယှဉ်ကုန်သော။ဓမ္မာ--။

*** အရကား** -စေတသိက် ဒွေပညာသ ရ၏။(၃× ၁× ၁× ၃)

ဒု။ **စိတ္တဝိပ္ပယုတ္တာ ဓမ္မာ** ။ ။ စိတ္တဝိပ္ပယုတ္တာ၊စိတ်နှင့် မယှဉ်ကုန်သော။ဓမ္မာ-။

*** အရကား** - ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၁× ၁၁× ၁၁× ၂)

➤ **ခုက်မှတ်** ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်။

http://www.dhammadownload.com



### ၅။ စိတ္တသံသဋ္ဌဒုက် (သပ္ပဒေသဒုက်)

ပ။ **စိတ္တသံသဋ္ဌာ ဓမ္မာ** ။ ။ စိတ္တသံသဋ္ဌာ၊စိတ်နှင့် နှီးနှောကုန်သော။ဓမ္မာ--။

*** အရကား** ▫စေတသိက် ဒွေပညာသ ရ၏။(၃× ၁× ၁× ၃)

ဒု။ **စိတ္တဝိသံသဋ္ဌာ ဓမ္မာ** ။ ။ စိတ္တဝိသံသဋ္ဌာ၊စိတ်နှင့် မနှီးနှောကုန်သော။ဓမ္မာ-။

*** အရကား** ▫ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၁× ၁၁× ၁၁× ၂)

➤ **ခုက်မှတ်** ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်။

### ၆။ စိတ္တသမုဋ္ဌာနဒုက်

ပ။ **စိတ္တသမုဋ္ဌာနာ ဓမ္မာ** ။ ။ စိတ္တသမုဋ္ဌာနာ၊စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော။ (ဝါ) စိတ်ကြောင့်ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။ သံဝိဇ္ဇန္တိ၊ကုန်၏။

**အရကား** စေတသိက် ဒွေပညာသ(၅၂)၊ စိတ္တဇရုပ် သတ္တရသ(၁၇) ရ၏။ ၆× ၆× ၃) | **အာယတန/ဓာတ်အားဖြင့် ၆-ပါးကား** ။ ။ စိတ္တဇရုပ် သတ္တရသတို့တွင် ရူ ပါရုံသည် ရူပါယတန မည်၏။သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏။ ဂန္ဓာရုံသည် ဂန္ဓာ ယတန မည်၏။ ရသာရုံသည် ရသာယတန မည်၏။ ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။ စေတသိက် ဒွေပညာသ၊ အာပေါ, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ-အားဖြင့် (တစ်နည်း) ဇရတာ, အနိစ္စတာ အားဖြင့် သုခုမရုပ် ၁၀-ခု၊ ၁၂-ခုသည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၆-ပါး ဖြစ်သတည်း။] [**သစ္စဝိမုတ်**▫ မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် ၈-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော စေတသိက်-၃၆။]

ဒု။ **နော စိတ္တသမုဋ္ဌာနာ ဓမ္မာ** ။ ။ နော စိတ္တသမုဋ္ဌာနာ၊စိတ်လျှင် ဖြစ်ကြောင်း မရှိကုန်သော။(ဝါ) စိတ်ကြောင့် မဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ▫ စိတ်တစ်ခုယုတ် ကိုးဆယ်၊ ကမ္မဇရုပ် ဝီသ(၂၀)၊ ဥတုဇရုပ် ပန္နရသ(၁၅)၊ အာဟာရဇရုပ် စုဒ္ဒသ(၁၄)၊ နိဗ္ဗာန် ရ၏။( ၂× ၁၂× ၁၈× ၂)

### ၇။ စိတ္တသဟဘုဒုက်

ပ။ **စိတ္တသဟဘုနော ဓမ္မာ** ။ ။ စိတ္တသဟဘုနော၊စိတ်နှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ▫ စေတသိက်(၅၂)၊ ဝိညတ်ဒွေ ရ၏။(၄-၁-၁-၃) [**သစ္စဝိမုတ်**▫ မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် ၈-ပါးကြဉ်သော စေ-၂၈၊ ဖိုလ်စိတ် ၄-ခု၌ရှိသော စေ-၃၆]

ဒု။ **နော စိတ္တသဟဘုနော ဓမ္မာ** ။ ။ နော စိတ္တသဟဘုနော၊စိတ်နှင့်တကွ မဖြစ် ကုန်သော။ (ဝါ) စိတ်နှင့်တကွ ဖြစ်သည် မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

http://www.dhammadownload.com


*** အရကား** ◦ စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဝိညာဏ်ဒွေကြဉ်သော ရုပ် ဆဗ္ဗီသ(၂၆) နိပ္ဖန်္န ရ၏။ (၂× ၁၂× ၁၈× ၂) [သဗ္ဗဝိမုတ်း လောကုတ္တရာစိတ် ၈-ခု။]

## ၈။ စိတ္တာနုပရိဝတ္တိဒုက်

ပ။ **စိတ္တာနုပရိဝတ္တိနော ဓမ္မာ**။ ။ စိတ္တာနုပရိဝတ္တိနော၊စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ စေတသိက် ဒွေပညာသ(၅၂)၊ ဝိညာဏ်ဒွေ ရ၏။(၄-၁-၁-၃)

ဒု။ **နော စိတ္တာနုပရိဝတ္တိနော ဓမ္မာ** ။ ။ နော စိတ္တာနုပရိဝတ္တိနော၊စိတ်သို့ အစဉ်လိုက်၍ ဖြစ်သည် မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဝိညာဏ်ဒွေကြဉ်သော ရုပ် ဆဗ္ဗီသ(၂၆) နိပ္ဖန်္န ရ၏။ (၂× ၁၂× ၁၈× ၂)

## ၉။ စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

ပ။ **စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ** ။ ။ စိတ္တသံသဋ္ဌသမုဋ္ဌာနာ၊စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်း ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ စေတသိက် ဒွေပညာသ ရ၏။ (၃× ၁× ၁× ၃)

ဒု။ **နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ ဓမ္မာ** ။ ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနာ၊စိတ်နှင့်လည်း မနှီးနှော စိတ်ကြောင့်လည်း မဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ စိတ်တစ်ခုယုတ် ကိုးဆယ်၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။(၂× ၁၂× ၁၈× ၂)

## ၁၀။ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

ပ။ **စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ** ။ ။ စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော စိတ်နှင့်လည်း နှီးနှော စိတ်ကြောင့်လည်းဖြစ် စိတ်နှင့်လည်း တကွဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ စေတသိက် ဒွေပညာသ ရ၏။ (၃× ၁× ၁× ၃)

ဒု။ **နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော ဓမ္မာ** ။ ။ နော စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုနော၊စိတ်နှင့်လည်း မနှီးနှော, စိတ်ကြောင့်လည်း မဖြစ်, စိတ်နှင့်လည်း တကွ မဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။*** အရကား** ◦ စိတ်တစ်ခုယုတ်ကိုးဆယ်၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။(၂× ၁၂× ၁၈× ၂)

## ၁၁။ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

ပ။ **စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ** ။ ။ စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော၊စိတ်နှင့်လည်း နှီးနှော, စိတ်ကြောင့်လည်းဖြစ်, စိတ်သို့ အစဉ်လိုက်၍လည်း ဖြစ်

http://www.dhammadownload.com



ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဠ္ဌာကုန်၏။

*** အရကား** • စေတသိက် ဒွေပညာသ ရ၏။ (၃× ၁× ၁× ၃)

ဒု။ **နော စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိနော ဓမ္မာ** ။ ။ နော စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိနော၊စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်းမဖြစ်၊ စိတ်သို့ အစဉ်လိုက်၍လည်း မဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဠ္ဌာကုန်၏။

*** အရကား** • စိတ်-၈၉၊ ရုပ် (၂၈)၊ နိဗ္ဗာန် ရ၏။(၂× ၁၂× ၁၈× ၂)

## ၁၂။ အဇ္ဈတ္တိကဒုက်

ပ။ **အဇ္ဈတ္တိကာ ဓမ္မာ** ။ ။ အဇ္ဈတ္တိကာ၊အတွင်းသန္တာန်၌ဖြစ်ကုန်သော။ဓမ္မာ-။

*** အရကား** • စိတ်တစ်ခုယုတ် ကိုးဆယ်၊ ပသာဒရုပ် ၅-ခုရ၏။(၂-၆-၁၂-၁)

ဒု။ **ဗာဟိရာ ဓမ္မာ** ။ ။ ဗာဟိရာ၊အပသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မာ--။

*** အရကား** • စေတသိက် ဒွေပညာသ(၅၂)၊ ပသာဒရုပ် ၅-ခုကြဉ်သော ရုပ်တေဝီသ(၂၃)၊ နိဗ္ဗာန် ရ၏။ (၄× ၆× ၆× ၄) [သစ္စဝိဘင်း- မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် ၈-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော စေ-ဆတ္တိံသ]

## ၁၃။ ဥပါဒါဒုက်

ပ။ **ဥပါဒါ ဓမ္မာ** ။ ။ ဥပါဒါ၊မှီ၍သာ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဠ္ဌာကုန်၏။

*** အရကား** • ဥပါဒါရုပ် စတုဝီသ ရ၏။ (၁× ၁၀× ၁၀× ၁)

ဒု။ **နော ဥပါဒါ ဓမ္မာ** ။ ။ နော ဥပါဒါ၊မှီ၍သာ ဖြစ်သည် မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဠ္ဌာကုန်၏။

*** အရကား** • စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ(၅၂)၊ ဘူတရုပ် ၄-ခု၊ နိဗ္ဗာန် ရ၏။ (၅× ၃× ၉× ၄)

## ၁၄။ ဥပါဒိန္နဒုက်

ပ။ **ဥပါဒိန္နာ ဓမ္မာ** ။ ။ ဥပါဒိန္နာ၊အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သော။ဓမ္မာ--။

*** အရကား** ။ ။ လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ စေတသိက် ပဉ္စတိံသ(၃၅)၊ ကမ္မဇရုပ် ဝီသ(၂၀) ရ၏။( ၅× ၁၁× ၁၇× ၁)

ဒု။ **အနုပါဒိန္နာ ဓမ္မာ** ။ ။ အနုပါဒိန္နာ၊အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သော။ဓမ္မာ--။

*** အရကား** • အကုသိုလ် ဒွါဒသ(၁၂)၊ ကုသိုလ် ဧကဝီသ(၂၁)၊ ကြိယာစိတ် ဝီသ (၂၀)၊ ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဒွေပညာသ(၅၂)၊ စိတ္တဇရုပ် သတ္တရသ(၁၇) ဥတုဇရုပ် ပန္နရသ(၁၅)၊ အာဟာရဇရုပ် စုဒ္ဒသ(၁၄)၊ နိဗ္ဗာန် ရ၏။ (၅× ၇× ၈× ၄)

http://www.dhammadownload.com



## ၁၁-ဥပါဒါနဂေါစ္ဆက (၆-ဒုက်)

### ၁။ ဥပါဒါနဒုက်

ပ။ ဥပါဒါနာ ဓမ္မာ ။ ။ ဥပါဒါနာ၊ဥပါဒါန်မည်ကုန်သော။ (ဝါ) ပြင်းစွာ စွဲလမ်းတတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - လောဘ, ဒိဋ္ဌိ-ဟုဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး ရ၏။ (သဒ်ိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ နော ဥပါဒါနာ ဓမ္မာ ။ ။ နော ဥပါဒါနာ၊ဥပါဒါန်မမည်ကုန်သော။ (ဝါ) ပြင်းစွာ မစွဲလမ်း တတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ပညာသ(၅၀)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

### ၂။ ဥပါဒါနိယဒုက်

ပ။ ဥပါဒါနိယာ ဓမ္မာ ။ ။ ဥပါဒါနိယာ၊ဥပါဒါန်၏ အာရုံဖြစ်ကုန်သော။ဓမ္မာ--။

* အရကား - လောကီစိတ် ဧကာသီတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ အနုပါဒါနိယာ ဓမ္မာ ။ ။ အနုပါဒါနိယာ၊ဥပါဒါန်၏ အာရုံ မဟုတ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

### ၃။ ဥပါဒါနသမ္ပယုတ္တဒုက်

ပ။ ဥပါဒါနသမ္ပယုတ္တာ ဓမ္မာ ။ ။ ဥပါဒါနသမ္ပယုတ္တာ၊ဥပါဒါန်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဒွာဝီသ (၂၂) ရ၏။ (၄× ၂× ၂× ၂)

ဒု။ ဥပါဒါနဝိပ္ပယုတ္တာ ဓမ္မာ ။ ။ ဥပါဒါနဝိပ္ပယုတ္တာ၊ဥပါဒါန်နှင့် မယှဉ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ (၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိက် ဧကူနပညာသ (၄၉)၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

http://www.dhammadownload.com



### ၄။ ဥပါဒါန ဥပါဒါနိယဒုက် (သပ္ပဒေသဒုက်)

ပ။ ဥပါဒါနာစေဝ ဓမ္မာ ဥပါဒါနာနိယာစ ။ ။ ဥပါဒါနာစေဝ၊ဥပါဒါန်လည်း မည်ကုန်သော။ဥပါဒါနိယာစ၊ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်သော။ဓမ္မာ--။

* **အရကား** ▪. လောဘ, ဒိဋ္ဌိ-ဟုဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး ရ၏။ (သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ ဥပါဒါနိယာ စေဝ ဓမ္မာ နောစ ဥပါဒါနာ ။ ။ ဥပါဒါနိယာစေဝ၊ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်သော။နောစ ဥပါဒါနာ၊ဥပါဒါန်လည်း မမည်ကုန်သော။ဓမ္မာ-။

* **အရကား** ▪ လောကီစိတ် ကောသီတိ(၈၁)၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ပညာသ(၅၀)၊ ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅×၁၂× ၁၈× ၁)

➢ **ခုက်မှတ်** ။ ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

### ၅။ ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် (သပ္ပဒေသဒုက်)

ပ။ ဥပါဒါနာစေဝ ဓမ္မာ ဥပါဒါနသမ္ပယုတ္တာစ ။ ။ ဥပါဒါနာစေဝ၊ဥပါဒါန်လည်း မည်ကုန်သော။ဥပါဒါနသမ္ပယုတ္တာစ၊ဥပါဒါန်နှင့်လည်း ယှဉ်ကုန်သော။ဓမ္မာ--။

* **အရကား** ▪ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခုၣ်ရှိသော လောဘ, ဒိဋ္ဌိ-ဟုဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး ရ၏။ (သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ ဥပါဒါနသမ္ပယုတ္တာစေဝ ဓမ္မာ နောစ ဥပါဒါနာ ။ ။ ဥပါဒါနသမ္ပယုတ္တာစေဝ၊ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်သော။နောစ ဥပါဒါနာ၊ဥပါဒါန်လည်း မမည်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ▪ လောဘမူစိတ် ၈-ခု၊ ဥပါဒါန်တရားကိုယ် ၂-ပါးကြဉ်သော စေတသိက် ဝီသ(၂၀) ရ၏။ (၄× ၂× ၂× ၁)

➢ **ခုက်မှတ်** ။ ။ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတသိက် ဧကူနပညာသ(၄၉)၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုၣ်ရှိသော လောဘ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

### ၆။ ဥပါဒါနဝိပ္ပယုတ္တ ဥပါဒါနိယဒုက်

ပ။ ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ ဥပါဒါနိယာပိ ။ ။ ဥပါဒါနဝိပ္ပယုတ္တာ ခေါပန၊ဥပါဒါန်နှင့် မယှဉ်ကုန်သော။ဥပါဒါနိယာပိ၊ဥပါဒါန်၏ အာရုံလည်းဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ▪ ဒေါသမူဒွေ၊ မောဟမူဒွေ၊ လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီဝိပါက် ဗာတ္တိံသ(၃၂)၊ ကြိယာစိတ် ဝီသ(၂၀)၊ လောဘ, ဒိဋ္ဌိ, မာနကြဉ်သော စေတ

http://www.dhammadownload.com



သိက် စေကနပညာသ(၄၉)၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဒ္ဒ်ရှိသော လောဘ၊ ရုပ် အဌဝီသ ရ၏။ (၅× ၁၂× ၁၈× ၂)

၃။ ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အနုပါဒါနိယာပိ ။ ။ ဥပါဒါနဝိပ္ပယုတ္တာ ခေါ ပန၊ဥပါဒါန်နှင့် မယှဉ်ကုန်သော၊အနုပါဒါနိယာပိ၊ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

➤ **ခုက်မှတ်** ။ ။ လောဘမူစိတ် ၈-ခု၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုဒ္ဒ်ရှိသော လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဗာဝီသ။

## ၁၂-ကိလေသဂေါစ္ဆက (၈-ဒုက်)

### ၁။ ကိလေသဒုက်

ပ။ **ကိလေသာ ဓမ္မာ** ။ ။ ကိလေသာ၊ကိလေသာ မည်ကုန်သော။(ဝါ) ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** ။ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟု ဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀-ပါးရ၏။ (သင်္ဂါရကွန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

၃။ **နော ကိလေသာ ဓမ္မာ** ။ ။ နော ကိလေသာ၊ကိလေသာ မမည်ကုန်သော။ (ဝါ) ပူပန်စေတတ် နှိပ်စက်တတ်သည် မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ ကိလေသာတရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက် ဒွေစတ္တာလီသ(၄၂)၊ ရုပ် အဌဝီသ၊ နိဗ္ဗာန် ရ၏။(၅-၁၂-၁၈-၃)

### ၂။ သံကိလေသိကဒုက်

ပ။ **သံကိလေသိကာ ဓမ္မာ** ။ ။ သံကိလေသိကာ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှာ ထိုက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** ။ လောကီစိတ် ကောသိတိ(၈၁)၊ စေတသိက် ဒွေပညာသ(၅၂) ရုပ် အဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

၃။ **အသံကိလေသိကာ ဓမ္မာ** ။ ။ အသံကိလေသိကာ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှာ မထိုက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

* **အရကား** ။ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

http://www.dhammadownload.com



## ၃။ သံကိလိဋ္ဌဒုက်

ပ။ သံကိလိဋ္ဌာ ဓမ္မာ ။ ။ သံကိလိဋ္ဌာ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

* **အရကား** - အကုသိုလ် ဒွါဒသ(၁၂) စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ အသံကိလိဋ္ဌာ ဓမ္မာ ။ ။ အသံကိလိဋ္ဌာ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည် မဟုတ်ကုန်သော။ဓမ္မာ--။

* **အရကား** - ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ (၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅×၁၂× ၁၈× ၃)

## ၄။ ကိလေသသမ္ပယုတ္တဒုက်

ပ။ ကိလေသသမ္ပယုတ္တာ ဓမ္မာ ။ ။ ကိလေသသမ္ပယုတ္တာ၊ကိလေသာနှင့် ယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။ * **အရကား** - အကုသိုလ် ဒွါဒသ(၁၂) စေတသိက် သတ္တဝီသ(၂၇) ရ၏။ (၄× ၂× ၂× ၂)

ဒု။ ကိလေသဝိပ္ပယုတ္တာ ဓမ္မာ ။ ။ ကိလေသဝိပ္ပယုတ္တာ၊ကိလေသာနှင့် မယှဉ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** - ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ (၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅×၁၂× ၁၈× ၃)

## ၅။ ကိလေသ သံကိလေသိကဒုက် (သပ္ပဒေသဒုက်)

ပ။ ကိလေသာ စေဝ ဓမ္မာ သံကိလေသိကာစေဝ ။ ။ ကိလေသာစ၊ကိလေသာလည်း မည်ကုန်သော။ သံကိလေသိကာစ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှာလည်း ထိုက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** - လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟု ဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀-ပါးရ၏။ (သင်္ခါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ သံကိလေသိကာစေဝ ဓမ္မာ နောစ ကိလေသာ ။ ။ သံကိလေသိကာစေဝ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှာလည်း ထိုက်ကုန် သော။နောစ ကိလေသာ၊ကိလေသာလည်း မမည်ကုန်သော။ဓမ္မာ--။

* **အရကား** - လောကီစိတ် ကောသီတိ(၈၁)၊ ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော စေတသိက် ဒွေစတ္တာလီသ(၄၂)၊ ရုပ် အဋ္ဌဝီသ ရ၏။(၅-၁၂-၁၈-၁)

➢ **ခုက်မှတ်** ။ ။လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန်။

http://www.dhammadownload.com



**၆။ ကိလေသ သံကိလိဋ္ဌဒုက်** (သပ္ပဒေသဒုက်)

ပ။ **ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာစ** ။ ။ ကိလေသာစေဝ၊ကိလေသာလည်း မည်ကုန်သော။သံကိလိဋ္ဌာစ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်လည်း ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ။

*** အရကား** ◦ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟု ဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀-ပါးရ၏။ (သဒ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **သံကိလိဋ္ဌာစေဝ ဓမ္မာ နောစ ကိလေသာ** ။ ။ သံကိလိဋ္ဌာစေဝ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်လည်း ဖြစ်ကုန်သော။နောစ ကိလေသာ၊ကိလေသာလည်း မမည်ကုန်သော။ဓမ္မာ--။

*** အရကား** ◦ အကုသိုလ် ဥပ္ပါဒ်(၁၂)၊ ကိလေသာ တရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက် သတ္တရသ(၁၇) ရ၏။ (၄× ၂× ၂× ၁)

➤ **ဒုက်မှတ်** ။ ။ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၇။ ကိလေသ ကိလေသသမ္ပယုတ္တဒုက်** (သပ္ပဒေသဒုက်)

ပ။ **ကိလေသာ စေဝ ဓမ္မာ ကိလေသသမ္ပယုတ္တာစ** ။ ။ ကိလေသာစေဝ၊ကိလေသာ လည်းမည်ကုန်သော။ကိလေသသမ္ပယုတ္တာစ၊ကိလေသာနှင့်လည်း ယှဉ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ-ဟု ဆိုအပ်သော ကိလေသာ တရားကိုယ် ၁၀-ပါးရ၏။ (သဒ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဒုက္ခ+သမုဒယသစ္စာ-၂)

ဒု။ **ကိလေသသမ္ပယုတ္တာစေဝ ဓမ္မာ နောစ ကိလေသာ** ။ ။ ကိလေသသမ္ပယုတ္တာစေဝ၊ကိလေသာနှင့်လည်း ယှဉ်ကုန်သော။နောစ ကိလေသာ၊ကိလေသာလည်း မမည်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** ◦ အကုသိုလ် ဥပ္ပါဒ်(၁၂)၊ ကိလေသာ တရားကိုယ် ၁၀-ပါးကြဉ်သော စေတသိက် သတ္တရသ(၁၇) ရ၏။ (၄× ၂× ၂× ၁)

➤ **ဒုက်မှတ်** ။ ။ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၈။ ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက်** (သပ္ပဒေသဒုက်)

ပ။ **ကိလေသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သံကိလေသိကာပိ** ။ ။ ကိလေသ ဝိပ္ပ-

http://www.dhammadownload.com



ယုတ္တာ ခေါပန၊ကိလေသာနှင့် မယှဉ်ကုန်သော။သံကိလေသိကာပိ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှာလည်း ထိုက်ကုန်သော။ဓမ္မာ--။

* အရကား • လောကီကုသိုလ် သတ္တရသ(၁၇)၊ လောကီ ဝိပါက် တတ္တိံသ(၃၂)၊ ကြိယာစိတ် ဝီသ(၂၀) စေတသိက် အဋ္ဌတိံသ(၃၈) ရုပ် အဋ္ဌဝီသရ၏။(၅-၁၂-၁၈-၁)

ဒု။ ကိလေသဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ အသံကိလေသိကာပိ ။ ။ ကိလေသ ဝိပ္ပ ယုတ္တာ ခေါပန၊ကိလေသာနှင့် မယှဉ်ကုန်သော။အသံကိလေသိကာပိ၊ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော ကိလေသာတို့ကို ရခြင်းငှာလည်း မထိုက်ကုန်သော။ဓမ္မာ--။

* အရကား • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၂)

➤ ခုက်မှတ် ။ ။ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ။

### ၁၃။ ပိဋ္ဌိဒုက် (၁၈-ဒုက်)

### ၁။ ဒဿနေန ပဟာတဗ္ဗဒုက်

ပ။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ ။ ။ ဒဿနေန ပဟာတဗ္ဗာ၊သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအား၊ဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စကြဉ်သော စေတသိက် ဒွာဝီသ(၂၂)၊ သောတာပတ္တိမဂ်သည် တနုကရအား၊ ဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူ‌ ၂၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ(၂၅) ရ၏။ (၄× ၂× ၂× ၂)

ဒု။ န ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ ။ ။ န ဒဿနေန ပဟာတဗ္ဗာ၊သောတာပတ္တိမဂ် သည် မပယ်အပ်ကုန်သော(ဝါ) သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သည် မဟုတ် ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • သောတာပတ္တိမဂ်သည် ပယ်အပ်သည်မှတပါး အပါယဂမနီယ မဟုတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူ‌ ၂။ သောတာပတ္တိမဂ်သည် စင်စစ် မပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆) ကြိယာစိတ် ဝီသ(၂၀)၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသ(၅၀)၊ ရုပ် အဋ္ဌ ဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄)

### ၂။ ဘာဝနာယ ပဟာတဗ္ဗဒုက်

ပ။ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ ။ ။ ဘာဝနာယ ပဟာတဗ္ဗာ၊အထက်မဂ် ၃-ခု သည် ပယ်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

http://www.dhammadownload.com



* **အရကား** = သကာဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရှုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ(၂၅)၊ အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသ(၂၁) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ** ။ ။ န ဘာဝနာယ ပဟာတဗ္ဗာ၊အထက်မဂ် ၃-ခု သည် မပယ်အပ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* **အရကား** = အထက်မဂ် ၃-ခုသည် ပယ်အပ်သည်မှတပါး အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ အထက်မဂ် ၃-ခုသည် စင်စစ် မပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် ဒွေပညာသ(၅၂) ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄)

## ၃။ ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်

ပ။ **ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ။ ။ ဒဿနေန ပဟာတဗ္ဗဟေတုကာ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** = **သောတာပတ္တိမဂ်သည်** အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် ဗာဝီသ (၂၂)၊ - **သောတာပတ္တိမဂ်သည်** တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသ(၂၅) ရ၏။ (၄× ၂× ၂× ၂)

ဒု။ **န ဒဿနေန ပဟာတဗ္ဗဟေတုကာ ဓမ္မာ** ။ ။ န ဒဿနေန ပဟာတဗ္ဗဟေတုကာ၊သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည် မဟုတ်ကုန်သော။ဓမ္မာ--။

* **အရကား** = သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်မှတပါး အပါယဂမနီယ မဟုတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ။ သောတာပတ္တိမဂ်သည် စင်စစ် မပယ်အပ်သော ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ကုသိုလ် ဧကဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆) ကြိယာစိတ် ဝီသ(၂၀)၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မောဟ၊ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄)

http://www.dhammadownload.com



## ၄။ ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်

ပ။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ ။ ။ ဘာဝနာယ ပဟာတဗ္ဗဟေတုကာ အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား • သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဥ္စဝီသ(၂၅)၊ အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ၊ အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁-ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟကြဉ်သော စေတသိက် ဧကဝီသ(၂၁) ရ၏။ (၄× ၂× ၂× ၂)

ဒု။ န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ ။ ။ န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ၊အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိသည် မဟုတ်ကုန်သော။ဓမ္မာ--။

* အရကား • အထက်မဂ် ၃-ခုသည် ပယ်အပ်သော ဟိတ်ရှိသည်မှတပါး အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒွေ၊ အထက်မဂ် ၃-ခုသည် စင်စစ်မပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ကုသိုလ် ဧကဝီသ (၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀)၊ စေတသိက် ဒွေပညာသ(၅၂) ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄)

## ၅။ သဝိတက္ကဒုက်

ပ။ သဝိတက္ကာ ဓမ္မာ ။ ။ သဝိတက္ကာ၊ဝိတက်နှင့်တကွ ဖြစ်ကုန်သော။(ဝါ) ဝိတက်ရှိကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိကုန်၏။ * အရကား • သဝိတက္ကစိတ် ၅၅-ခု၊ ဝိတက်ကြဉ်သော စေတသိက် ဧကပညာသ (၅၁) ရ၏။ ၄× ၂× ၃× ၃)

ဒု။ အဝိတက္ကာ ဓမ္မာ ။ ။ အဝိတက္ကာ၊ဝိတက် မရှိကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား •အဝိတက္ကစိတ် ၆၆-ခု၊ဝိတက်ကြဉ်သော စေတသိက် သတ္တတိံသ(၃၇) သဝိတက္ကစိတ် ၅၅-ခု၌ရှိသော ဝိတက် ၅၅-ခု၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန်ရ၏။ (၅× ၁၂× ၁၇× ၃) | သနိဋ္ဌာန်မှတ် • မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၆-ခု၊ ဖိုလ် ပထမဈာန်စိတ် ၄-ခု၌ရှိသော ဝိတက်စေတသိက် ၄-ခု။].

## ၆။ သဝိစာရဒုက်

ပ။ သံပိစာရာ ဓမ္မာ ။ ။ သဝိစာရာ၊ဝိစာရနှင့်တကွဖြစ်ကုန်သော။(ဝါ) ဝိစာရ ရှိ

http://www.dhammadownload.com



ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။ *** အရကား** • သဝိစာရစိတ် ၆၆-ခု၊ ဝိစာရကြဉ်သော စေတသိက် ကေပညာသ ရ၏။ (၄× ၂× ၃× ၃)

ဒုး **အဝိစာရာ ဓမ္မာ** ။ ။ အဝိစာရာ၊ဝိစာရ မရှိကုန်သော။ဓမ္မာ။ သံဝိဇ္ဇန္တိ။

*** အရကား** • အဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ (၃၆)၊ သဝိစာရစိတ် ၆၆-ခု၌ရှိသော ဝိစာရ ၆၆-ခု၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၇× ၃) [ **သစ္စဝိမုတ်** • မဂ်စိတ္တုပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခု၊ လောကုတ္တရာ သဝိစာရစိတ် ၁၆-ခု၌ရှိသော ဝိစာရ စေတသိက် ၁၆-ခု။]

**၇။ သပ္ပီတိကဒုက်**

ပ။ **သပ္ပီတိကာ ဓမ္မာ** ။ ။ သပ္ပီတိကာ၊ပီတိနှင့် တကွဖြစ်ကုန်သော။(ဝါ) ပီတိ ရှိကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • ပီတိသဟဂုတ်စိတ် ၅၁-ခု၊ ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ(၄၆) ရ၏။ (၄× ၂× ၂× ၃)

ဒုး **အပ္ပီတိကာ ဓမ္မာ** ။ ။ အပ္ပီတိကာ၊ပီတိ မရှိကုန်သော။ ဓမ္မာ။ သံဝိဇ္ဇန္တိ။

*** အရကား** • အပ္ပီတိကစိတ်-၇၀၊ ပီတိကြဉ်သော စေတသိက် ကေပညာသ(၅၁) ပီတိသဟဂုတ်စိတ် ၅၁-ခု၌ရှိသော ပီတိ ၅၁-ခု၊ ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန်(၅-၁၂-၁၈-၄)

**၈။ ပီတိသဟဂတဒုက်**

ပ။ **ပီတိသဟဂတာ ဓမ္မာ** ။ ။ ပီတိသဟဂတာ၊ပီတိနှင့်တကွဖြစ်ကုန်သော။(ဝါ) ပီတိနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ) ပီတိနှင့်တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ရောက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** ။ ။ ပီတိသဟဂုတ်စိတ် ၅၁-ခု၊ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ(၄၆) ရ၏။ (၄× ၂× ၂× ၃)

ဒုး **န ပီတိသဟဂတာ ဓမ္မာ** ။ ။ န ပီတိသဟဂတာ၊ပီတိနှင့်တကွ မဖြစ်ကုန်သော။ (ဝါ) ပီတိနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် မနှီးနှောကုန်သော။(ဝါ) ပီတိနှင့်တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ မရောက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** • အပ္ပီတိကစိတ်-၇၀၊ ပီတိကြဉ်သော စေတသိက် ကေပညာသ(၅၁) ပီတိသဟဂုတ်စိတ် ၅၁-ခု၌ရှိသော ပီတိ ၅၁-ခု၊ ရုပ် အဋ္ဌဝီသ၊နိဗ္ဗာန်(၅-၁၂-၁၈-၄)

**၉။ သုခသဟဂတဒုက်**

ပ။ **သုခသဟဂတာ ဓမ္မာ** ။ ။ သုခသဟဂတာ၊သုခဝေဒနာနှင့် တကွဖြစ်ကုန်သော။ (ဝါ) သုခဝေဒနာနှင့် ကေုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ) သုခဝေဒနာနှင့်တကွ ကေုပ္ပါဒ အစရှိသော အဖြစ်သို့ရောက်ကုန်သော။ ဓမ္မာ--။

http://www.dhammadownload.com



ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။ * အရကား • မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ခု၊ စေတသိက် အဋ္ဌတိံသ(၃၈) နိဗ္ဗာန် ရ၏။ (၄× ၂× ၂× ၃)

၁၂။ ရူပါဝစရဒုက်

ပ။ ရူပါဝစရာ ဓမ္မာ ။ ။ ရူပါဝစရာ၊ရူပါဝစရ မည်ကုန်သော။ဓမ္မာ--။

* အရကား • ရူပစိတ် ၁၅-ခု၊ စေတသိက် ပဉ္စတိံသ ရ၏။(၄× ၂× ၂× ၁)

ဒု။ န ရူပါဝစရာ ဓမ္မာ ။ ။ န ရူပါဝစရာ၊ရူပါဝစရ မမည်ကုန်သော။ဓမ္မာ--။

* အရကား • ကာမစိတ် စတုပညာသ(၅၄)၊ အရူပစိတ် ၁၂-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။(၅× ၁၂× ၁၈× ၄)

၁၃။ အရူပါဝစရဒုက်

ပ။ အရူပါဝစရာ ဓမ္မာ ။ ။ အရူပါဝစရာ၊အရူပါဝစရ မည်ကုန်သော။ဓမ္မာ--။

* အရကား • အရူပစိတ် ၁၂-ခု၊ စေတသိက် တိံသ(၃၀) ရ၏။(၄-၂-၂-၁)

ဒု။ န အရူပါဝစရာ ဓမ္မာ ။ ။ န အရူပါဝစရာ၊အရူပါဝစရ မမည်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • ကာမစိတ် စတုပညာသ(၅၄)၊ ရူပစိတ် ၁၅-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။(၅× ၁၂× ၁၈× ၄)

၁၄။ ပရိယာပန္နဒုက်

ပ။ ပရိယာပန္နာ ဓမ္မာ ။ ။ ပရိယာပန္နာ၊ဝဋ်တရား၌ အကျုံးဝင်ကုန်သော။ဓမ္မာ-။

* အရကား • လောကီစိတ် ကောသီတိ (၈၁)၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ အပရိယာပန္နာ ဓမ္မာ ။ ။ အပရိယာပန္နာ၊ဝဋ်တရား၌ အကျုံး မဝင်ကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။ * အရကား • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)၊ နိဗ္ဗာန်ရ၏။ (၄× ၂× ၂× ၂)

၁၅။ နိယျာနိကဒုက်

ပ။ နိယျာနိကာ ဓမ္မာ ။ ။ နိယျာနိကာ၊ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* အရကား • မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ(၃၆) ရ၏။(၄-၂-၂-၁)

ဒု။ အနိယျာနိကာ ဓမ္မာ ။ ။ အနိယျာနိကာ၊ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • လောကီစိတ် ကောသီတိ(၈၁)၊ ဖိုလ်စိတ် ၄-ခု၊ စေတသိက် ဒွေပညာသ(၅၂)၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

http://www.dhammadownload.com



* အရကား ။ ။ သုခသဟဂုတ်စိတ် ၆၃-ခု၊ ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစ်စ္တာလီသ ရ၏။ (၃×.၂× ၃× ၃)

ဒု။ န သုခသဟဂတာ ဓမ္မာ ။ ။ န သုခသဟဂတာ၊သုခဝေဒနာနှင့်တကွ မဖြစ်ကုန်သော။ (ဝါ) သုခဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသော အစွမ်းဖြင့် မနှီးနှောကုန်သော။ (ဝါ) သုခ ဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ မရောက်ကုန်သော။ဓမ္မာ။

* အရကား ▫ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ ပီတိကြဉ်သော စေတသိက် ဧကပညာသ(၅၁)၊ သုခသဟဂုတ်စိတ် ၆၃-ခုဌ်ရှိသော သုခဝေဒနာ ၆၃-ခု၊ ရုပ် အဋ္ဌဝီသ(၂၈)၊ နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၄) [သစ္စဝိမုတ်▫မဂ် ၂၇-ခု ဖိုလ် ၃၄-ခု၊လောကုတ္တရာသုခသဟဂုတ်စိတ် ၃၂-ခုဌ်ရှိသော သုခဝေဒနာ ၃၂-ခု။]

### ၁၀။ ဥပေက္ခာသဟဂတဒုက်

ပ။ ဥပေက္ခာသဟဂတာ ဓမ္မာ ။ ။ ဥပေက္ခာသဟဂတာ၊ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်သော။ (ဝါ) ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသော အစွမ်းဖြင့် နှီးနှောကုန်သော။(ဝါ) ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ရောက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

အရကား ။ ။ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၊ဝေဒနာ, ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ဆစ်စ္တာလီသ ရ၏။ (၃× ၂× ၇× ၃)

ဒု။ န ဥပေက္ခာသဟဂတာ ဓမ္မာ ။ ။ န ဥပေက္ခာသဟဂတာ၊ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်သော။ (ဝါ) ဥပေက္ခာဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသော အစွမ်းဖြင့် မနှီးနှောကုန်သော။(ဝါ) ဥပေက္ခာဝေဒနာနှင့်တကွ ဧကုပ္ပါဒ အစရှိသော အဖြစ်သို့ မရောက်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား ▫ သုခသဟဂုတ်စိတ် ၆၃-ခု၊ ဒုက္ခသဟဂုတ်စိတ် ၃-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကပညာသ(၅၁)၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုဌ်ရှိသော ဥပေက္ခာဝေဒနာ ၅၅-ခု၊ ရုပ် အဋ္ဌဝီသ(၂၈) နိဗ္ဗာန် ရ၏။ (၅×၁၂× ၁၃× ၄)

[သစ္စဝိမုတ် ▫ မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု၊ လောကုတ္တရာ ဥပေက္ခာသဟဂုတ်စိတ် ၈-ခုဌ်ရှိသော ဥပေက္ခာဝေဒနာ ၈-ခု။]

### ၁၁။ ကာမာဝစရဒုက်

ပ။ ကာမာဝစရာ ဓမ္မာ ။ ။ ကာမာဝစရာ၊ကာမာဝစရ မည်ကုန်သော။ဓမ္မာ--။

* အရကား ▫ ကာမစိတ် စတုပညာသ(၅၄)၊ စေတသိက် ဒွေပညာသ(၅၂) ရုပ် အဋ္ဌဝီသ(၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ န ကာမာဝစရာ ဓမ္မာ ။ ။ န ကာမာဝစရာ၊ကာမာဝစရ မမည်ကုန်သော။

http://www.dhammadownload.com



## ၁၆။ နိယတဒုက်

ပ။ နိယတာ ဓမ္မာ ။ ။ နိယတာ၊စုတိ၏အခြားမဲ့၌ရင်း, မိမိ၏ အခြားမဲ့၌ရင်း အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု သတ္တမဇော၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ကေဝီသ(၂၁)၊ မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက သံဃဘေဒက-တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇော၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဗာဝီသ(၂၂) မဂ်စိတ် ၄-ခု၊ စေတသိက် ဆတ္တိံသ(၃၆) ရ၏။ (၄× ၂× ၂× ၃)

ဒု။ အနိယတာ ဓမ္မာ ။ ။ အနိယတာ၊နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန် သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု သတ္တမဇော၊ မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက သံဃဘေဒက-တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇော-မှတပါး အကုသိုလ် ဒွါဒသ(၁၂)၊ လောကီကုသိုလ် သတ္တရသ(၁၇)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ(၂၀) စေတသိက် ဒွေပဉ္ဉာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) နိဗ္ဗာန် ရ၏။ (၅× ၁၂× ၁၈× ၃)

## ၁၇။ သဥတ္တရဒုက်

ပ။ သဥတ္တရာ ဓမ္မာ ။ ။ သဥတ္တရာ၊မိမိထက် လွန်မြတ်သော တရားရှိကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • လောကီစိတ် ဧကာသီတိ (၈၁)၊ စေတသိက် ဒွေပဉ္ဉာသ(၅၂)၊ ရုပ် အဋ္ဌဝီသ (၂၈) ရ၏။ (၅× ၁၂× ၁၈× ၂)

ဒု။ အနုတ္တရာ ဓမ္မာ ။ ။ အနုတ္တရာ၊မိမိထက် လွန်မြတ်သော တရားမရှိကုန်သော။ ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ(၃၆)၊ နိဗ္ဗာန်ရ၏။ (၄× ၂× ၂× ၂)

## ၁၈။ သရဏဒုက်

ပ။ သရဏာ ဓမ္မာ ။ ။ သရဏာ၊ငိုကြွေးကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာနှင့်တကွ ဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား • အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။(၄-၂-၂-၂)

http://www.dhammadownload.com



ဒု။ အရဏာ ဓမ္မာ ။ ။ အရဏာဝို့ကြွေးကြောင်းဖြစ်သော ရာဂ အစရှိသော ကိလေသာ မရှိကုန်သော။ဓမ္မာ-နိယျာနိကမဂ်ဝိပဿနာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ-ရှိကုန်၏။

*** အရဏား** ॰ ကုသိုလ် ကာမဝီသ(၂၁)၊ ဝိပါက် ဆတ္တိံသ(၃၆)၊ ကြိယာစိတ် ဝီသ (၂၀)၊ စေတသိက် အဋ္ဌတိံသ(၃၈)၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။(၅× ၁၂× ၁၈× ၄)

---

**> သပ္ပစ္စယဒုက်** ॰ ၃၃-ဒုက်၊ *** နိပ္ပစ္စယဒုက်** ॰ ၆၇-ဒုက် ဖြစ်ပါသည်။

**> ဒုက်မည်ပုံ** ။ ။ ပရမတ္ထတရား ၄-ပါးကို နှစ်စုပြု၍ ဟောအပ်သောကြောင့် "ဒုက်" မည်ပါသည်။

**> ဂေါစ္ဆက မည်ပုံ** ။ ။ ပန်းချက် ပန်းလက်ကဲ့သို့ သဒ္ဒါ, အနက်အားဖြင့် အချင်းချင်း စပ်သည်ဖြစ်၍ တည်သည်၏အဖြစ်ကြောင့် "ဂေါစ္ဆက" မည်ပါသည်။

**> ဂေါစ္ဆကနှင့် ဒုက် အထူး** ။ ။ ဂေါစ္ဆက၌ ပါဝင်သော ဒုက်တို့သည် သဒ္ဒါ, အနက်အားဖြင့် အချင်းချင်း ဆက်သွယ်မှုရှိကြ၏၊ စူဠန္တရဒုက် စသည်တို့၌ ပါဝင်သော ဒုက်တို့သည်ကား သဒ္ဒါ, အနက်အားဖြင့် အချင်းချင်း ဆက်သွယ်မှု မရှိကြ၊ ဤသို့ ထူးပါသည်။

**> ဟေတုဂေါစ္ဆက မည်ပုံ** ။ ။ အဟေတုက, သဟေတုက အစရှိသော သဒ္ဒါ အားဖြင့်၎င်း၊ အဟိတ် သဟိတ် အစရှိသော အနက်အားဖြင့်၎င်း အချင်းချင်း စပ်သည် ဖြစ်၍ ပန်းတို့၏ အချက်ကဲ့သို့ ပန်းလက် အစရှိသည်တို့၌ ပန်းစသည်တို့၏ အပေါင်း ကဲ့သို့ဖြစ်၍ တည်သည်၏အဖြစ်ကြောင့် ဟေတုဒုက် အစရှိသော ၆-ဒုက်သည် "ဟေတု ဂေါစ္ဆက" မည်ပါသည်။

**> ဟေတု ၄-မျိုး** ။ ။ ၁။ ဟေတုဟေတု ॰ ဟိတ် ၆-ပါး၊ ၂။ ဥတ္တမဟေတု ॰ ကုသိုလ်, အကုသိုလ်၊ ၃။ ပစ္စယဟေတု ॰ ပစ္စည်း, အကြောင်းတရား ဟူသမျှ၊ ၄။ သာဓာရဏဟေတု ॰ အဝိဇ္ဇာ စသည်။

**> ဤ၌ ယူရမည့် ဟေတု** ॰ မူလ၏ အဖြစ်ကြောင့် ဟိတ် ၆-ပါးကို အရကောက် သော ဟေတုဟေတု-ကိုသာ ယူရပါမည်။

**> သဟေတုကဒုက်နှင့် အရကောက်ချင်း တူပါလျက် ဟေတုသမ္ပယုတ္တဒုက်ကို တစ်ဖန် ဟောတော်မူရခြင်းအကြောင်း** ။ ။ ဒေသနာဝိလာသအားဖြင့်၎င်း၊ ဝေနေ ယျဇ္ဈာသယအားဖြင့်၎င်း ဟောတော်မူရပါသည်။(အဋ္ဌကထာ)

တရားကိုယ်အားဖြင့် မထူးသော်လည်း ပုဒ်အနက်ထူးသောကြောင့် တစ်ဖန် ဟော တော်မူရပါသည်။ (ဋီကာ)

http://www.dhammadownload.com



➤ **သဟေတုကဒုက် ပထမပုစ်ဦ မောဟမူစွေ့ဦ မောဟကြဉ်ရခြင်းအကြောင်း**
ထိုမောဟ၌ ဟိတ်ယှဉ်ဖက် မရှိရကား အဟေတုက ဖြစ်သောကြောင့်--တည်း။

➤ **သစေတုကဒုက် ပထမပုစ်ဦ မောဟမူစွေ့ဦ မောဟကြဉ်ပါလျက် စေတသိက် မလျော့ခြင်းအကြောင်း** ။ ။ လောဘမူ, ဒေါသမူနှင့် ယှဉ်သည့် မောဟကြွင်းသော ကြောင့် စေတသိက် မလျော့ပါ။

➤ **စူဠန္တရ-ဦ စူဠ မည်ပုံ** ။ ။ တစ်ပါးသော ဒုက်တို့အောက် ငယ်သောကြောင့် "စူဠ" မည်ပါသည်။

➤ **အန္တရ မည်ပုံ** ။ ။ ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက ၂-ပါးတို့၏အကြား၌ ဖြစ်သောကြောင့် "အန္တရ" မည်ပါသည်။

➤ **စူဠန္တရ အဓိပ္ပါယ်** ။ ။ မဟန္တရဒုက်, ပိဋ္ဌိဒုက်တို့အောက် ငယ်ကုန်, နည်းကုန် သောကြောင့်ရင်း၊ ဟေတုဂေါစ္ဆကနှင့် အာသဝဂေါစ္ဆကတို့၏ အကြား၌ ဖြစ်သော ကြောင့် တစ်ဒုက်နှင့် တစ်ဒုက် ဆက်စပ်မှု မရှိဘဲ ဒုကသဘာဝအားဖြင့် ညီမျှသော ကြောင့်ရင်း သပ္ပစ္စယ-စသော ၇-ဒုက်တို့ကို "စူဠန္တရဒုက်"ဟု ခေါ်ပါသည်။

➤ **အပ္ပစ္စယာ, အသင်္ခတာ--ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူရခြင်းအကြောင်း**
မဆုံးဖြတ်အပ်သေးသော အနက် အပိုင်းအခြား ရှိသည်၏အစွမ်းအားဖြင့် မာတိကာ ထားကာမျှ ဖြစ်သောကြောင့် ဗဟုဝုစ်ဖြင့် ဟောတော်မူပါသည်။

➤ **ကေနစိ-အရ စက္ခုဝိညာဉ်စွေ့ကို ယူခဲ့သော် ဝိညေယျ-အရ ယူရမည့်တရား** ရူပါရုံ ဖြစ်ပါသည်။ ➤ **မယူရမည့် တရားကား** = စိတ်-၈၉၊ စေ-၅၂ ရူပါရုံကြဉ် ရုပ်-၂၇၊ နိဗ္ဗာန်-တို့ ဖြစ်ပါသည်။

➤ **ကေနစိ-အရ မနောဓာတ် ၃-ပါး ယူခဲ့သော် ဝိညေယျာ-အရ ယူရမည့်တရား** ဝိညေယျာ-အရ = ပဉ္စာရုံကို ယူရပါမည်။ ➤ **မယူရမည့်တရားကား** = စိတ်-၈၉ စေ-၅၂ ပဉ္စာရုံကြဉ် ရုပ် ၂၃-ပါး၊ နိဗ္ဗာန်-တို့ ဖြစ်ပါသည်။

➤ **သနိဒဿနာ-ဟု ဗဟုဝုစ်ဖြင့် ဟောရကြောင်း** ။ ။(သနိဒဿန၌ ရူပါရုံ တခု ပင် ဖြစ်သော်လည်း) အတိတ်, အနာဂတ်-စသော အပြားကို ငဲ့၍ ဗဟုဝုစ်ဖြင့် ဟော တော်မူပါသည်။

➤ **လောကုတ္တရာစိတ်, စေတသိက်တို့သည် ဘင်ခဏ၌ ပျက်စီးကြပါလျက် ယင်း တရားတို့ကို "လောကိယ"ဟု မခေါ် ဆိုရခြင်းအကြောင်း**

လောကုတ္တရာ စိတ်, စေတသိက်တို့သည် အရိယာတို့၏ အရာသာ ဖြစ်သည်၊ အရိယာတို့သည်လည်း မပျက်ဟု ယူခြင်းမှ ကင်းကုန်သောကြောင့် ဘင်ခဏ၌ ပျက် စီးကြပါသော်လည်း ယင်းတရားတို့ကို "လောကိယ"ဟု မခေါ် ဆိုရပါ။

http://www.dhammadownload.com



**➤ သင်္ဂြိုဟ်၌ "နဝ သံယောဇနာ မတာ" ဟူ၍ ဆိုထားပါလျက် ဒုကမာတိကာ သညောဇနဒုက်၌ သံယောဇဉ်တရား ၈-ပါးသာ ဟောတော်မူရခြင်းအကြောင်း**

သင်္ဂြိုဟ်၌ "သုတ္တန်နည်း အဘိဓမ္မာနည်း" ဟု ၂-ပါးပေါင်း၍ "နဝ သံယောဇနာ မတာ" ဟု ဆိုထားပါသော်လည်း ဤ ဒုကမာတိကာ၌ကား အဘိဓမ္မာဒေသနာ ဖြစ်သဖြင့် သုတ္တန် ဥဒ္ဓစ္စကို ချန်ထားကား အဘိဓမ္မာ သံယောဇဉ် ၈-ပါးကိုသာ ဟောတော်မူပါသည်။

**➤ အာသဝသမ္ပယုတ္တဒုက် ပထမပဒ၌ ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟကို ကြဉ်ရခြင်းအကြောင်း** ။ ။ ဒေါသမူဒွေ မောဟမူဒွေ၌ မောဟသည် တစ်ပါးတည်း ဖြစ်၍ ယှဉ်ဘက် အာသဝ မရှိသောကြောင့် ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟကို ကြဉ်ရပါသည်။ [ ဒေါသမူ မောဟမူစိတ်၌ မောဟမှတပါး အာသဝ မရှိ၍ ယှဉ်ဘက် သမ္ပယုတ် မရကောင်းသောကြောင့် --ကြဉ်ရပါသည်။]

**➤ နော အာသဝါ ဓေါပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ-ဟု ဟောတော်မူသင့်လျက် " အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ၊ အနာသဝါပိ" ဟု ဟောတော်မူရခြင်းအကြောင်း** ။ ။ သမ္ပယုတ်အားဖြင့် သာသဝ မဖြစ်၊ အာရုံ, အာရမ္မဏိကဖြစ်၍ ဝိပ္ပယုတ်အားဖြင့် သာသဝ ဖြစ်သည်ကို ပြတော်မူလိုသောကြောင့်--တည်း။

**➤ ပရာမာသဂေါစ္ဆက၌ ဒုက် ၅-ဒုက်သာ ဟောထားရခြင်းအကြောင်း**

ပရာမာသမည်သော ဒိဋ္ဌိသည် မိမိတစ်ပါးတည်းသာဖြစ်၍ ယှဉ်ဘက် ပရာမာသ မရှိရကား ပရာမာသလည်မည်, ပရာမာသနှင့်လည်း ယှဉ်သောတရား မရှိသောကြောင့် "ပရာမာသ ပရာမာသ သမ္ပယုတ္တ" ဒုက်ကို မဟော၊ ထို့ကြောင့် ပရာမာသဂေါစ္ဆက၌ ဒုက် ၅-ဒုက်သာ ဟောထားပါသည်။

**➤ ပရာမာသာ ဓမ္မာ-ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူရကြောင်း**

အတိတ်-စသောအားဖြင့် ပြားသည်ကို ရည်၍ ဟောတော်မူပါသည်။

**➤ ဩဃဒုက် ယောဂဒုက်တို့မှာ အာသဝဒုက်နှင့်တူပါလျက် ထပ်၍ဟောရခြင်းအကြောင်း** ။ ။ ပုဂ္ဂလဇ္ဈာသယ, ဒေသနာဝိလာသကြောင့် ထပ်၍ ဟောပါသည်။

**➤ မဟန္တရဒုက်၌ မဟန္တ မည်ပုံ** ။ ။ စူဠန္တရဒုက်ထက် ကြီးကုန်, များကုန်သောကြောင့် "မဟန္တ" မည်ပါသည်။

**➤ အန္တရ မည်ပုံ** ။ ။ ပရာမာသဂေါစ္ဆကနှင့် ဥပါဒါနဂေါစ္ဆက နှစ်ခုတို့၏ အကြား၌ ဖြစ်သောကြောင့် "အန္တရ" မည်ပါသည်။

**➤ ဒုက် မည်ပုံ** ။ ။ တစ်ဒုက်နှင့် တစ်ဒုက် ဆက်စပ်မှု မရှိဘဲ ဒုကသဘာဝအားဖြင့် ညီမျှသောကြောင့် "ဒုက်" မည်ပါသည်။

http://www.dhammadownload.com



➤ **မဟန္တရဒုက် အဓိပ္ပါယ်** ။ ။ စူဠန္တရဒုက်ထက် ကြီးကုန်, များကုန်သောကြောင့် ၎င်း၊ ပရာမာသဂေါစ္ဆကနှင့် ဥပါဒါနဂေါစ္ဆက နှစ်ခုတို့၏ အကြား၌ ဖြစ်သောကြောင့် ၎င်း၊ တဒုက်နှင့် တဒုက် ဆက်စပ်မှု မရှိဘဲ ဒုကသဘာဝအား ဖြင့် ညီမျှသောကြောင့် ၎င်း၊ သာရမ္မဏ-စသော ၁၄-ဒုက်တို့ကို "မဟန္တရဒုက်" ဟု ခေါ်ပါသည်။

➤ **နိဗ္ဗာန်သည် အဇ္ဈတ္တတရားလော? ဗဟိဒ္ဓတရားလော?** ဗာဟိယာ ဓမ္မာ-ကို ထောက်၍ နိဗ္ဗာန်သည် ဗဟိဒ္ဓတရား ဖြစ်ပါသည်။

➤ **အဇ္ဈတ္တ ၄-မျိုး** ။ ။ (၁) အာရုံ သာမညသည် ဂေါစရဇ္ဈတ္တ၊ (၂) မိမိသန္တာန်၌ ဖြစ်သော တရားဟူသမျှသည် နိယကဇ္ဈတ္တ၊ (၃) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန အဇ္ဈတ္တိကာယတန ၆-ပါးသည် အဇ္ဈတ္တဇ္ဈတ္တ (၄) ဖလသမာပတ်သည် ဝိသယဇ္ဈတ္တ။

ထို ၄-မျိုးတို့တွင်--- * အဇ္ဈတ္တတိက်၌ - နိယကဇ္ဈတ္တ-ကို အလိုရှိပါသည်။
* အဇ္ဈတ္တိကဒုက်၌ - အဇ္ဈတ္တဇ္ဈတ္တ-ကို အလိုရှိပါသည်။

➤ **အဇ္ဈတ္တတိက်နှင့် အဇ္ဈတ္တိကဒုက် အထူး** ။ ။ အဇ္ဈတ္တတိက်၌ နိယကဇ္ဈတ္တကို ရည်ရွယ်၍ မိမိသန္တာန်၌ စိတ်, စေတသိက်, ရုပ်အားလုံးကို ကောက်ပါသည်၊ အဇ္ဈတ္တိက ဒုက်၌ အဇ္ဈတ္တဇ္ဈတ္တကို လိုအပ်သောကြောင့် စိတ် ၈၉-ပါး၊ ပသာဒရုပ် ၅-ခုကို ကောက် ရပါသည်၊ ဤသို့ ထူးပါသည်။

➤ **အဇ္ဈတ္တတိက် ဟောပြီးပါလျက် ဒုကမာတိကာ၌ အဇ္ဈတ္တိကဒုက်ကို ဟောတော်မူရခြင်းအကြောင်း** ။ ။ အဇ္ဈတ္တတိက်၌ နိယကဇ္ဈတ္တကို ရည်ရွယ်၍ မိမိသန္တာန်၌ စိတ်, စေတသိက်, ရုပ်အားလုံးကို ကောက်ပါသည်၊ အဇ္ဈတ္တိက ဒုက်၌ အဇ္ဈတ္တဇ္ဈတ္တကို လိုအပ်သောကြောင့် စိတ် ၈၉-ပါး၊ ပသာဒရုပ် ၅-ခုကို ကောက် ရပါသည်၊ ဤသို့ အထူးကို ပြလိုသောကြောင့် အဇ္ဈတ္တိကဒုက်ကို ဘုရားရှင် ထပ်၍ ဟောတော်မူသည်။

➤ **ရုပ်ဟူသမျှကို *ကာမာဝစရဒုက်၌သာ* ကောက်ရခြင်းအကြောင်း**

ကာမတဏှာ၏ ကျင်လည်ရာသာ ဖြစ်သောကြောင့် ရူပဘုံ၌ ဖြစ်သော်လည်း ရုပ်ဟူသမျှကို ကာမာဝစရဒုက်၌သာ ကောက်ရသည်။(ရူပါဝစရဒုက်၌မကောက်ရ)

➤ **နိယျာနိက-အရ မဂ် ၄-ခုကိုသာ ကောက်ရခြင်းအကြောင်း**

ဝဋ္ဋမူလကို စင်စစ်ဖြတ်တတ်သောကြောင့် မဂ် ၄-ခုကိုသာ နိယျာနိက-အရ ကောက်ရပါသည်။

➤ **စိတ်ကိုသာ ဒုက်မှတ်ထုတ်ရသော ဒုက်** • ၁။ စိတ္တသမ္ပယုတ္တဒုက်၊ ၂။ စိတ္တသံသဋ္ဌဒုက် တို့ဖြစ်ပါသည်။

➤ **စေတသိက်ကိုသာ ဒုက်မှတ်ထုတ်ရသော ဒုက်** • ဟေတုဂေါစ္ဆက-မှ န ဟေတု သဟေတုကဒုက်၊ (ဟိတ် ၆-ပါးကို ဒုက်မှတ်ထုတ်ပါသည်။) ပရာမာသဂေါစ္ဆက-မှ

http://www.dhammadownload.com



ပရာမာသသမ္ပယုတ္တဒုက်၊ (ဒိဋ္ဌိစေတသိက်ကို ဒုက်မုတ်ထုတ်ပါသည်။)

➤ **စိတ်ကိုသာ အရကောက်သောဒုက်, ပဒ** ▪ မဟန္တရဒုက်မှ စိတ္တဒုက်၊ ပထမပဒ (စိတ္တာ ဓမ္မာ)

➤ **စေတသိက်ခွေပညာသ—ကိုသာ အရကောက်သော ဒုက်** ▪ (၁) စေတသိကဒုက်၊ (၂) စိတ္တသမ္ပယုတ္တဒုက်၊ (၃) စိတ္တသံသဋ္ဌဒုက်၊ (၄) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်၊ (၅) စိတ္တသံသဋ္ဌ သမုဋ္ဌာနသဟဘုဒုက်၊ (၆) စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်-တို့၌ ပထမပဒ ဖြစ်ပါသည်။

➤ **နိဗ္ဗာန်ကိုသာ အရကောက်သော/ခန္ဓာ မပွဲ့ရသော ဒုက်, ပဒ** ▪ သပ္ပစ္စယဒုက်-အပ္ပစ္စယာ ဓမ္မာ၊ သင်္ခတဒုက်-အသင်္ခတာ ဓမ္မာ-တို့ ဖြစ်ပါသည်။

➤ **ရုပ်ကိုသာ အရကောက်သော ဒုကပဒ** ▪ သနိဒဿနဒုက်▪သနိဒဿနာ ဓမ္မာ သပ္ပဋိဃဒုက်▪သပ္ပဋိဃာ ဓမ္မာ၊ ရူပီဒုက်▪ရူပိနော ဓမ္မာ၊ ဥပါဒါဒုက်▪ဥပါဒါ ဓမ္မာ။

➤ **ပရမတ္ထတရား ၄—ပါးလုံးအရကောက်သော ဒုကပဒ**▪ ကေနစိဝိညေယျဒုက် ပထမပဒ၊ ဒုတိယပဒ။

➤ **စေတသိကဒုက်နှင့် အတူကောက်ရသောဒုက်** ▪ စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်၊ စိတ္တသံသဋ္ဌ သမုဋ္ဌာနသဟဘုဒုက်၊ စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်

➤ **လောကိယဒုက်နှင့် အတူကောက်ရသော ဒုက** ▪ သာသဝဒုက်၊ သြယနိယဒုက်၊ ယောဂနိယဒုက်၊ သညောဇနိယဒုက်၊ ဂန္ထနိယဒုက်၊ နီဝရဏိယဒုက်၊ ပရာမဋ္ဌဒုက်၊ ဥပါဒါနိယဒုက်၊ သံကိလေသိကဒုက်၊ ပရိယာပန္နဒုက်၊ သဥတ္တရဒုက်။

➤ **ပီတိထိက်ကို ဟောတော်မူရကျိုး** ။ ။ နိပ္ပီတိကသုခ, သပ္ပီတိကသုခ နှစ်ပါးကွဲသည်၏အဖြစ်ကို ပြခြင်းငှာ ပီတိတိက်ကို ဟောတော်မူပါသည်။ (အဋ္ဌကထာ)

ပီတိကား နှစ်သက်သည်၊ ဝေဒနာကား ခံစားသည်၊ ဤသို့ ပီတိ ဝေဒနာ တရား ၂-ပါးတို့၏ သိနိုင်ခဲသည်၏အဖြစ်ကို ပြတော်မူခြင်းငှာ ပီတိတိက်ကို ဟောတော်မူပါသည်။ (မူလဋီကာ) အတိပဏီတ သုခ, ဩဠာရိကသုခ ၂-ပါး ကွဲသည်၏အဖြစ်ကို ပြတော်မူခြင်းငှာ ပီတိက်ကို ဟောတော်မူပါသည်။ (အနုဋီကာ)

➤ **နိပ္ပီတိကသုခ** ။ ။ စတုတ္ထဈာန် ၁၁-ပါး၊ သုခသဟဂုတ်ကာယဝိညာဉ်၌ရှိသော သုခဝေဒနာ ၁-ပါး၊ ပေါင်း ၁၂-ပါးသည် နိပ္ပီတိကသုခ ဖြစ်ပါသည်။

➤ **သပ္ပီတိကသုခ** ။ ။ သောမနဿ ၆၂-ခုတွင် စတုတ္ထဈာန်ကြဉ်သော သောမနဿ၌ရှိသော သုခဝေဒနာ ၅၁-ခုသည် သပ္ပီတိကသုခ ဖြစ်ပါသည်။

**ဒုကမာတိကာ အရကောက်နှင့် အခ်ိပ္ပါယ် ပြီး၏။**

http://www.dhammadownload.com



# သုတ္တန္တိက ဒုကမာတိကာ အရကောက်

➢ သုတ္တန္တိကမာတိကာကို-- အဘိဓမ္မာကိုသင်သော မထေရ်တို့အား သုတ္တန်သို့ ရောက်လျှင် မပင်ပန်းစိမ့်သောငှာ အင်္ဂုတ္တရနိကာယ်၌ ဧကနိပါတ်, ဒုကနိပါတ်, သင်္ဂီတိသုတ်, ဒသုတ္တရသုတ်တို့မှ ပေါင်း၍ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာ ထားတော်မူသည်။ ထို သုတ္တန္တိကမာတိကာကို တစ်ခုသော နိက္ခေပကဏ္ဍ၌သာလျှင် အပြီးရောက်စေ၍ အကျယ်ဝေဖန်သည်။ ကြွင်းသော စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, အဋ္ဌကထာကဏ္ဍနှင့် တကွ အဘိဓမ္မာ ၇-ကျမ်းတို့၌ မဝေဖန်။ ကုသလာ ဓမ္မာ-အစ အရဏာ ဓမ္မာ အဆုံးရှိသော အဘိဓမ္မာမာတိကာကိုသာ ဝေဖန်သည်။

တရားစစ်သူကြီး ရှင်သာရိပုတ္တရာသည် မိမိမှ အသီးထုတ်အပ်သော မိမိဉာဏ်၏ အစွမ်းဖြင့် မထား၊ ဘုရားဟောတော်မူအပ်သော အင်္ဂုတ္တရနိကာယ်မှ ယူ၍ ထားအပ်သော သုတ္တန္တိကဒုက်သည် ဝိဇ္ဇာဘာဂီဒုက်(ပ) ခယေဉာဏဒုက်အားဖြင့် (၄၂) ပါး အပြားရှိ၏။

*** သုတ္တန္တိကမာတိကာကို ထားသူ** = တရားစစ်သူကြီး ရှင်သာရိပုတ္တရာ။

*** ထားသူ၏ ရည်ရွယ်ချက်** = အဘိဓမ္မာကိုသင်သော မထေရ်တို့အား သုတ္တန်သို့ ရောက်လျှင် မပင်ပန်းစိမ့်သောငှာ ရည်ရွယ်ပါသည်။

မေး ။ ။ သုတ္တန္တိကမာတိကာကို အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မည်သည့် နိပါတ်, သုတ်တို့ကို ပေါင်း၍ ထားတော်မူပါသနည်း။

ဖြေ ။ ။ သုတ္တန္တိကမာတိကာကို အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဧကနိပါတ်, ဒုကနိပါတ်နှင့် သင်္ဂီတိသုတ်, ဒသုတ္တရသုတ်တို့ကို ပေါင်း၍ ထားတော်မူပါသည်။

မေး ။ ။ သုတ္တန္တိကဒုကမာတိကာကို အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားသည်ကို ဖြေဆိုပါ။

ဖြေ ။ ။ သုတ္တန္တိကဒုကမာတိကာကို အဘိဓမ္မာကိုသင်သော မထေရ်တို့အား သုတ္တန်သို့ ရောက်လျှင် မပင်ပန်းစိမ့်သောငှာ အင်္ဂုတ္တရနိကာယ်၌ ဧကနိပါတ်, ဒုကနိပါတ် သင်္ဂီတိသုတ် ဒသုတ္တရသုတ်တို့မှ ပေါင်းမှ ဟောတော်မူပါသည်။

မေး ။ ။ တရားစစ်သူကြီး အရှင်သာရိပုတြာသည် သုတ္တန္တိကမာတိကာ၌ အဘယ် ပုဂ္ဂိုလ်တို့ အကျိုးအတွက် အဘယ်တရားများကို ထားပါသနည်း?

* တရားစစ်သူကြီး အရှင်သာရိပုတြာသည် သုတ္တန္တိကမာတိကာ၌ အဘိဓမ္မာကို သင်သော မထေရ်တို့အား သုတ္တန်သို့ရောက်လျှင် မပင်ပန်းစိမ့်သောငှာ အင်္ဂုတ္တရနိကာယ် ၌ ဧကနိပါတ်, ဒုကနိပါတ်, သင်္ဂီတိသုတ်, ဒသုတ္တရသုတ်တို့မှ တရားများကို ပေါင်း၍ ထားပါသည်။

http://www.dhammadownload.com



➤ **မိမိမှ အသီးထုတ်အပ်သော မိမိဉာဏ်စွမ်းဖြင့် ထားပါသလော?**

* မိမိမှ အသီးထုတ်အပ်သော မိမိဉာဏ်၏ အစွမ်းဖြင့် မထား၊ ဘုရားဟောတော်မူအပ်သော အင်္ဂုတ္တရနိကာယ်မှ ယူ၍ ထားပါသည်။

➤ **သဗ္ဗလဒ္ဒအမည်ရ သုတ္တန္တိက ဒုကနာမများ** ။ ။ နာမရူပဒုက်, သတိသမ္ပဇညဒုက်, သမထဝိပဿနာဒုက်-တို့ ဖြစ်ပါသည်။

➤ **အာဒိလဒ္ဒနာမဒုက်ကား** = ကြွင်း ၃၉-ဒုက် ဖြစ်ပါသည်။

➤ **နိပ္ပဒေသဒုက်ကား** = အဝိဇ္ဇာဒုက်, နိရုတ္တိဒုက်, ပညတ္တိဒုက်, နာမရူပဒုက်တို့ ဖြစ်ပါသည်။ ကြွင်း (၃၈)ဒုက်ကား သပ္ပဒေသဒုက် ဖြစ်ပါသည်။

➤ **သဒ္ဒပညတ် ၆-ပါး** ။ ။ (၁) သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော (ဝါ) အနက်၌ ညွတ်တတ်သော အမည်သည် နာမ၊ (၂) အနက်၌ ညွတ်သည်ဖြစ်၍ ပြုအပ်သော အမည်သည် နာမကမ္မ၊ (၃) အနက်၌ ညွတ်သည်ဖြစ်၍ ထားအပ်သည်ဟုဆိုအပ်သော အမည်သည် နာမဓေယျ၊ (၄) အနက်၌ ညွတ်သည်ဖြစ်၍ ထုတ်၍ဆိုအပ်သော အမည်သည် နာမနိရုတ္တိ၊ (၅) အနက်၌ ညွတ်သည်ဖြစ်၍ ပြတတ်သောဝါကျဟု ဆိုအပ်သော အမည်သည် နာမဗျဉ္ဇန၊ (၆) အနက်၌ ညွတ်သည်ဖြစ်၍ ရှေ့ရှုလာတတ်သော သဒ္ဒါဟု ဆိုအပ်သော အမည်သည် နာမာဘိလာပ။

## ၁။ ဝိဇ္ဇာဘာဂိဒုက်

ပ။ ဝိဇ္ဇာဘာဂိနော ဓမ္မာ ။ ။ ဝိဇ္ဇာဘာဂိနော၊သမ္ပယုတ်၏ အစွမ်းဖြင့် ဝိဇ္ဇာ ၈-ပါးသို့ ဆည်းကပ်တတ်ကုန်သော။(ဝါ) ဝိဇ္ဇာ ၈-ပါးအစု၌ ဖြစ်ကုန်သော။ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ရှိကုန်၏။

* **အရကား** = ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတဉာဏ်, အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာ ၈-ပါးနှင့်ယှဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ်စိတ် ၁-ခု၊ အမောဟကြဉ်သော စေတသိက် သတ္တတိံသ ရ၏။(၄× ၂× ၂× ၂) (ဝိဇ္ဇာဉာဏ် ၈-ပါး)

ဒုါ အဝိဇ္ဇာဘာဂိနော ဓမ္မာ ။ ။ အဝိဇ္ဇာဘာဂိနော၊သမ္ပယုတ်၏ အစွမ်းဖြင့် သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်ကုန်သော မောဟ ၄-ပါးသို့ ဆည်းကပ်တတ်ကုန်သော။(ဝါ) သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်ကုန်သော မောဟ အစု၌ ဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* **အရကား** - အကုသိုလ်စိတ် ဒွါဒသ၊ မောဟကြဉ်သော စေတသိက် ဆဗ္ဗီသ (၂၆) ရ၏။ (၄× ၂× ၂× ၂)

http://www.dhammadownload.com



➤ ခုက်မှတ် ။ ။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ်စိတ်မှတပါး ကုသိုလ်စိတ် သောဠသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် သောဠသ၊ စေတသိက် အဋ္ဌတိံသ၊ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေ၊ အရဟတ္တမဂ်စိတ်၌ရှိသော အမောဟ၊ အကုသိုလ်စိတ် ဒွါဒသ၌ရှိသော မောဟ၊ ဝိပဿနာဉာဏ်ကိစ္စမတစ်ခိုက် မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်၊ စေတသိက် အဋ္ဌတိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

၂။ ဝိဇ္ဇူပမာဒုက်

ပ။ ဝိဇ္ဇူပမာ၊လျှပ်စစ် ဥပမာ ရှိကုန်သော။ (ဝါ) လျှပ်စစ်နှင့် တူကုန်သော။ဓမ္မာ။

* အရကား • အောက်မဂ်စိတ် ၃-ခု၌ရှိသော ပညာ ရ၏။

ဒု။ ဝဇိရူပမာ၊မိုးကြိုးစက် ဥပမာ ရှိကုန်သော။ (ဝါ) မိုးကြိုးစက်နှင့် တူကုန်သော ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား • အရဟတ္တမဂ်စိတ်၌ရှိသော ပညာ ရ၏။

➤ ခုက်မှတ် ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

၃။ ဗာလဒုက်

ပ။ ဗာလာ၊မိုက်ကုန်သော။ (ဝါ) သူမိုက်တို့၌ တည်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား • အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ဒု။ ပဏ္ဍိတာ၊ပညာရှိကုန်သော။ (ဝါ) ပညာရှိတို့၌ တည်ကုန်သော။ဓမ္မာ--။

* အရကား • ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

➤ ခုက်မှတ် ။ ။ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

၄။ ကဏှဒုက်

ပ။ ကဏှာ၊မည်းညစ်ကုန်သော။ (ဝါ) အပါယ်ဆင်းရဲ ဘုန်းနည်းခြင်းဟု ဆိုအပ်သော မည်းညစ်သော ဇာတ်၏ အကြောင်းဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား • အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ဒု။ သုက္ကာ၊ဖြူစင်ကုန်သော။ (ဝါ) သုဂတိချမ်းသာ ဘုန်းကြီးခြင်းဟု ဆိုအပ်သော ဖြူစင်သော ဇာတ်၏ အကြောင်းဖြစ်ကုန်သော။ဓမ္မာ၊ သံဝိဇ္ဇန္တိ။

* အရကား • ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

➤ ခုက်မှတ် ။ ။ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

၅။ တပနီယဒုက်

ပ။ တာပနီယာ၊ပစ္စုပ္ပန်, သံသရာ နှစ်ပါး၌ ပူပန်စေတတ် ဆင်းရဲစေတတ်သော

http://www.dhammadownload.com



အကုသိုလ်ဟု ဆိုအပ်ကုန်သော။မွော၊ သံဝိဇ္ဇန္တိ။

* အရကား - အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ဒု။ အတာပနီယာ၊ပစ္စုပ္ပန်၊ သံသရာနှစ်ပါး၌ မပူပန်စေတတ် ချမ်းသာစေတတ်သော ကုသိုလ်ဟုဆိုအပ်ကုန်သော။မွော၊ သံဝိဇ္ဇန္တိ။

* အရကား - ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

➤ ခုက်မှတ် ။ ။ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

### ၆။ အဓိဝစနဒုက်

ပ။ အဓိဝစနာ၊သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော။ (ဝါ) နာမ, နာမကမ္မ, နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟုဆိုအပ်ကုန်သော။ (ဝါ) အနက်၌ ညွတ်တတ်သော အမည်ဟု ဆိုအပ်သော **နာမ**၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြုအပ်သော **နာမကမ္မ**၊ အနက်၌ ညွတ်သည်ဖြစ်၍ ထားအပ်သည်ဟု ဆိုအပ်သော **နာမဓေယျ**၊ အနက်၌ ညွတ်သည် ဖြစ်၍ ထုတ်၍ဆိုအပ်သော **နာမနိရုတ္တိ**၊ အနက်၌ ညွတ်သည်ဖြစ်၍ ပြတတ်သော ဝါကျ-ဟု ဆိုအပ်သော **နာမဗျဉ္ဇန**၊အနက်၌ ညွတ်သည်ဖြစ်၍ ရေးရှုဟောတတ်သော သဒ္ဒါဟုဆိုအပ်သော **နာမာဘိလာပ** တည်းဟူသော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - သုဏာန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော သဒ္ဒပညတ်ရ၏။ ထိုသဒ္ဒပညတ်ဟူသည် အစိတ်သဒ္ဒါနှင့် မကင်းရကား သဝိညတ္တိက ဝစီဘေဒသဒ္ဒတည်း။

ဒု။ အဓိဝစနပထာ၊ သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ဖြစ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

* အရကား - သုဏာန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော အတ္ထပညတ်ရ၏ ထို အတ္ထပညတ်ဟူသည် အကြောင်းအနက်နှင့် မကင်းရကား စိတ်-၈၉၊ စေ-၅၂ ရုပ်-၂၈၊ နိဗ္ဗာန်တည်း။

### ၇။ နိရုတ္တိဒုက်

ပ။ နိရုတ္တိဓမ္မာ၊ထုတ်၍ဆိုအပ်သော သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။ (ဝါ) နာမ, နာမကမ္မ, နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ တည်းဟူသော သဒ္ဒပညတ်ဟုဆို အပ်ကုန်သော သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့ သည်။(ဝါ) အနက်၌ (လ) သဒ္ဒပညတ်ဟု ဆိုအပ်ကုန်သော သတ္တလည်း မဟုတ်, ဇီဝ လည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

http://www.dhammadownload.com



*** အရကား** • သုဏန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော သဒ္ဒပညတ်ရ၏။

ဒု။ နိရုတ္တိပထာ၊ထုတ်၍ ဆိုအပ်ကုန်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • သုဏန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော အတ္ထပညတ်ရ၏

## ၈။ ပညတ္တိဒုက်

ပ။ ပညတ္တိဓမ္မာ၊အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်(လ) သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ရှိကုန်၏။

*** အရကား** • သုဏန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော သဒ္ဒပညတ်ရ၏။

ဒု။ ပညတ္တိပထာ၊အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်တို့၏ အကြောင်းဖြစ်ကုန်သော။ဓမ္မာ၊တို့သည်။သံဝိဇ္ဇန္တိ၊ကုန်၏။

*** အရကား** • သုဏန္တပုဂ္ဂိုလ်တို့၏ အသိဉာဏ်အား တပ်သော အတ္ထပညတ်ရ၏

## ၉။ နာမရူပဒုက်

ပ။ နာမဥ္စ၊ ညွတ်ခြင်းကို ပြုတတ်သော တရားသည်လည်း (ဝါ) ညွတ်တတ်သော တရားသည်လည်း (ဝါ) ညွတ်စေတတ်သော တရားသည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** • စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်-၅၂ နိဗ္ဗာန်ရ၏။

ဒု။ ရူပဥ္စ၊ဖောက်ပြန်တတ်သော တရားသည်လည်း။ (ဝါ) အချမ်း အပူ-စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်တတ်သော တရားသည်လည်း။ (ဝါ) အချမ်း အပူ-စသော ဆန့်ကျင်ဘက်အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေအပ်သော တရားသည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** • ရုပ် အဌဝီသ ရ၏။

## ၁၀။ အဝိဇ္ဇာဒုက်

## (မောဟ ၄-ပါး)

ပ။ အဝိဇ္ဇာစ၊သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော **မောဟသည်လည်း**။(ဝါ) သစ္စာ ၄-ပါးတို့၌ မသိခြင်း **မောဟသည်လည်း**။(ဝါ) သိအပ်သည်ကို မသိတတ်သော **မောဟသည်လည်း**။(ဝါ) မသိအပ်သည်ကို သိတတ်သော **မောဟသည်လည်း**။အတ္ထိ၊ရှိ၏။

*** အရကား** • သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော မောဟ ရ၏။

ဒု။ ဘဝတဏှာစ၊ဘဝကို တောင့်တသော လောဘသည်လည်း။(ဝါ) ဘဝတို့၌ တပ်မက်မောသော လောဘသည်လည်း။အတ္ထိ၊ရှိ၏။ **(လောဘ ၂-မျိုး)**

*** အရကား** • ဘဝကို တပ်မက်မောသော လောဘ ရ၏။

➤ ဒုက်မှတ် ။ ။ စိတ်-၈၉၊ အဝိဇ္ဇာ ဘဝတဏှာကြဉ်သော စေ-၅၁၊ရုပ်-၂၈၊နိဗ္ဗာန်။

http://www.dhammadownload.com



### ၁၁။ ဘဝဒိဋ္ဌိဒုက်

ပ။ ဘဝဒိဋ္ဌိ၊ မြဲသည်၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း။(ဝါ) မိမိ ကိုယ်သည်ရှင်း, လောကသည်ရှင်း ဖြစ်လတ္တံ့ဟု ဖောက်ပြန်သော အယူသည်လည်း။အတ္ထိ၊ ရှိ၏။ ＊ အရကား ＝ ဘဝဒိဋ္ဌိ ရ၏။

ဒု။ ဝိဘဝဒိဋ္ဌိ၊ ပြတ်သည်၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း။(ဝါ) မိမိ ကိုယ်သည်ရှင်း, လောကသည်ရှင်း မဖြစ်လတ္တံ့ဟု ဖောက်ပြန်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။ ＊ အရကား ＝ ဝိဘဝဒိဋ္ဌိ ရ၏။

➤ ဒုက်မှတ် ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

### ၁၂။ သဿတဒိဋ္ဌိဒုက်

ပ။ သဿတဒိဋ္ဌိ၊ မိမိကိုယ်သည်ရှင်း, လောကသည်ရှင်း မြဲ၏ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။အတ္ထိ၊ ရှိ၏။ ＊ အရကား ＝ သဿတဒိဋ္ဌိ ရ၏။

ဒု။ ဥစ္ဆေဒဒိဋ္ဌိ၊ မိမိကိုယ်သည်ရှင်း, လောကသည်ရှင်း ပြတ်လတ္တံ့ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။အတ္ထိ၊ ရှိ၏။ ＊ အရကား ＝ ဥစ္ဆေဒဒိဋ္ဌိ ရ၏။

➤ ဒုက်မှတ် ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

### ၁၃။ အန္တဝါဒိဋ္ဌိဒုက်

ပ။ အန္တဝါဒိဋ္ဌိ၊ မိမိကိုယ်သည်ရှင်း, လောကသည်ရှင်း အဆုံးရှိ၏ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။အတ္ထိ၊ ရှိ၏။ ＊ အရကား ＝ အန္တဝါဒိဋ္ဌိ ရ၏။

ဒု။ အနန္တဝါဒိဋ္ဌိ၊ မိမိကိုယ်သည်ရှင်း, လောကသည်ရှင်း အဆုံးမရှိဟုဖြစ်သော မိစ္ဆာ အယူသည်လည်း။အတ္ထိ၊ ရှိ၏။ ＊ အရကား ＝ အနန္တဝါဒိဋ္ဌိ ရ၏။

➤ ဒုက်မှတ် ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ အန္တဝါဒိဋ္ဌိ, အနန္တဝါဒိဋ္ဌိကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

### ၁၄။ ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်

ပ။ ပုဗ္ဗန္တာနုဒိဋ္ဌိ၊ ရှေ့အဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း။ (ဝါ) ရှေ့အဖို့ကို အာရုံပြု၍ ဖြစ်သော မိစ္ဆာအယူသည်လည်း။အတ္ထိ၊ ရှိ၏။

＊ အရကား ＝ ပုဗ္ဗန္တာနုဒိဋ္ဌိ ရ၏။

ဒု။ အပရန္တာနုဒိဋ္ဌိ၊ နောက်အဖို့သို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း။ (ဝါ) နောက်အဖို့ကို အာရုံပြု၍ ဖြစ်သော မိစ္ဆာအယူသည်လည်း။အတ္ထိ၊ ရှိ၏။

＊ အရကား ＝ အပရန္တာနုဒိဋ္ဌိ ရ၏။

http://www.dhammadownload.com



➢ **ဒုက်မှတ်** ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနုဒိဋ္ဌိကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

➢ **ဒိဋ္ဌိ သရုပ်** ။ ။ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အန္တဝါဒိဋ္ဌိ, အနန္တဝါဒိဋ္ဌိ, ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနုဒိဋ္ဌိ-တို့ ဖြစ်ပါသည်။

**၁၅။ အဟိရိကဒုက်**

ပ။ အဟိရီကဥ္စ၊စက်ဆုပ်အပ်သော ကာယဒုစရိုက် စသည်ကို မစက်ဆုပ်တတ်သော သဘောတရားသည်လည်း။(ဝါ) ရှက်အပ်သော ကာယဒုစရိုက် စသည်မှ မရှက်တတ်သော သဘောတရားသည်လည်း။အတ္ထိ၊ရှိ၏။ *** အရကား** - အဟိရိက ရ၏။

ဒု။ အနောတ္တပ္ပဥ္စ၊လန့်အပ်သော ကာယဒုစရိုက် စသည်မှ မလန့်တတ်သော သဘောတရားသည်လည်း။အတ္ထိ၊ရှိ၏။ *** အရကား** - အနောတ္တပ္ပ ရ၏။

➢ **ဒုက်မှတ်** ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ အဟိရိက, အနောတ္တပ္ပကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၁၆။ ဟိရိဒုက်**

ပ။ ဟိရီစ၊စက်ဆုပ်အပ်သော ကာယဒုစရိုက် စသည်ကို စက်ဆုပ်တတ်သော သဘောတရားသည်လည်း။(ဝါ) ရှက်အပ်သော ကာယဒုစရိုက် စသည်မှ ရှက်တတ်သော သဘောတရားသည်လည်း။အတ္ထိ၊ရှိ၏။ *** အရကား** - ဟိရိ ရ၏။

ဒု။ ဩတ္တပ္ပဥ္စ၊လန့်အပ်သော ကာယဒုစရိုက် စသည်မှ လန့်တတ်သော သဘောတရားသည်လည်း။အတ္ထိ၊ရှိ၏။ *** အရကား** - ဩတ္တပ္ပ ရ၏။

➢ **ဒုက်မှတ်** ။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဟိရိ, ဩတ္တပ္ပကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၁၇။ ဒေါဝစဿတာဒုက်**

ပ။ ဒေါဝစဿတာစ၊ဆိုဆုံးမခက်သော စကားရှိသော သူ၏ အမှု၏အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရို မသေပြုသောအခါ ဒေါသမူဒွေ၊ စေတသိက် ဗာဝီသ ရ၏။

ဒု။ ပါပမိတ္တတာစ၊ယုတ်မာသော အဆွေခင်ပွန်းရှိသောသူ၏ အဖြစ်သည်လည်း အတ္ထိ၊ရှိ၏။ *** အရကား** - အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူစိတ် ၈-ခု၊ မောဟမူဒွေ၊ စေတသိက် တေဝီသ ရ၏။[**မိတ်ဆွေဆိုးယုတ်၊ ဂုဏ်ညှိုးပုပ်**]

➢ **ဒုက်မှတ်** ။ ။ ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရို မသေပြုသောအခါ ဒေါသမူဒွေ၊ အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သော

http://www.dhammadownload.com



အခါ လောဘမူ၊ မောဟမူမှတပါး စိတ်-၈၉၊စေ-၅၂ရုပ်-၂၈၊ နိဗ္ဗာန်။

**၁၈။ သောဝစဿတာဒုက်**

ပ။ သောဝစဿတာ၊ဆိုဆုံးမလွယ်သော စကားရှိသောသူ၏ အမူ၏ အဖြစ်သည် လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရိုသေစွာ နားထောင်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ဒု။ ကလျာဏမိတ္တတာ၊ကောင်းသော အဆွေခင်ပွန်း ရှိသောသူ၏ အဖြစ်သည် လည်း။အတ္ထိ၊ရှိ၏။ [ မိတ်ဆွေကောင်းလျှင်၊ နိဗ္ဗာန်ဝင် ]

*** အရကား** - အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေ-တေတ္တိံသ ရ၏။

**➤ ခုက်မှတ် ။ ။** ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရိုသေစွာ နားထောင်သောအခါ အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်, မဟာကြိယာ-မှတပါး စိတ်-၈၉၊စေ-၅၂ရုပ်-၂၈၊နိဗ္ဗာန်။

**၁၉။ အာပတ္တိကုသလတာဒုက်**

ပ။ အာပတ္တိကုသလတာ၊အာပတ်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ ရှိ၏။ *** အရကား** - အာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ဒု။ အာပတ္တိဝုဋ္ဌာနကုသလတာ၊အာပတ်မှ ထခြင်း၌ လိမ္မာသောသူ၏ အဖြစ် သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - အာပတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

**➤ ခုက်မှတ် ။ ။** အာပတ်, အာပတ်မှ ထခြင်း ၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာ-မှတပါး စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၂၀။ သမာပတ္တိကုသလတာ ဒုက်**

ပ။ သမာပတ္တိကုသလတာ၊ရူပဈာန်, အရူပဈာန်တည်းဟူသော သမာပတ် ၈-ပါး, သမာပတ် ၉-ပါးတို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - သမာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

http://www.dhammadownload.com



ဒု။ သမာပတ္တိဝုဋ္ဌာနကုသလတာစ၊သမာပတ်မှ ထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* အရကား - သမာပတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

➤ ခုက်မှတ် ။ ။သမာပတ်, သမာပတ်မှ ထခြင်း ၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာ-မှတပါး စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ခွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်။

## ၂၁။ ဓာတုကုသလတာခုက်

ပ။ ဓာတုကုသလတာစ၊တဆယ့်ရှစ်ပါးသော ဓာတ်တို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* အရကား - တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ခွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ဒု။ မနသိကာရကုသလတာစ၊တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို နှလုံးသွင်းခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* အရကား - တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို နှလုံးသွင်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ခွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

➤ ခုက်မှတ် ။ ။ ဓာတ်တဆယ့်ရှစ်ပါးကို သိစွမ်းနိုင်, နှလုံးသွင်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ခွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာမှ တပါး စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ခွေပညာသ၊ရုပ် အဌဝီသ၊ နိဗ္ဗာန်။

## ၂၂။ အာယတနကုသလတာခုက်

ပ။ အာယတနကုသလတာစ၊တဆယ့်နှစ်ပါးသော အာယတနတို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* အရကား - တဆယ့်နှစ်ပါးသော အာယတနကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ခွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ဒု။ ပဋိစ္စသမုပ္ပါဒကုသလတာစ၊တဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ်၌ လိမ္မာသော သူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* အရကား - တဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋိစ္စသမုပ္ပါဒ်ကို သိစွမ်းနိုင်သော

http://www.dhammadownload.com



မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

➤ **ခုက်မှတ်** ။ ။ အာယတန ၁၂-ပါး, ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခု၌ရှိသော ပညာ-မှ တပါး စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၂၃။ ဌာနကုသလတာခုက်**

ပ။ ဌာနကုသလတာ၊အကြောင်းဟုတ်သည်၌ လိမ္မာသော သူ၏ အဖြစ်သည် လည်း။အတ္ထိ၊ရှိ၏။ **[အကြောင်းဟုတ်ရာ လှူလိမ္မာ]**

*** အရကား** - စက္ခုပသာဒသည် စက္ခုဝိညာဉ်၏ အကြောင်းတည်း၊ သရက်စေ့ သည် သရက်ပင်၏ အကြောင်းတည်း စသည်ဖြင့် အကြောင်းဟုတ်သည်ကို သိစွမ်း နိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ-၌ရှိသော ပညာ ရ၏။

ဒု။ အဋ္ဌာနကုသလတာ၊အကြောင်း မဟုတ်သည်၌ လိမ္မာသော သူ၏ အဖြစ်သည် လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - စက္ခုပသာဒသည် သောတဝိညာဉ်၏ အကြောင်းမဟုတ်၊ သရက်စေ့ သည် ထန်းပင်၏ အကြောင်းမဟုတ် စသည်ဖြင့် အကြောင်း မဟုတ်သည်ကို သိစွမ်း နိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ-၌ရှိသော ပညာ ရ၏။

➤ **ခုက်မှတ်** ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော မဟာ ကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ-၌ရှိသော ပညာ-မှ တပါး စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၂၄။ အဇ္ဇဝခုက်**

ပ။ အဇ္ဇဝေါ၊ဖြောင့်မတ်သောသူ၏ အဖြစ်သည်လည်း။(ဝါ) ဖြောင့်မတ်သော စိတ်၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - ကာယုဇုကတာ, စိတ္တုဇုကတာ ရ၏။

ဒု။ မဒ္ဒဝေါ၊နူးညံ့သောသူ၏ အဖြစ်သည်လည်း။(ဝါ) နူးညံ့သော စိတ်၏ အဖြစ် သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** - ကာယမုဒုတာ, စိတ္တမုဒုတာ ရ၏။

➤ **ခုက်မှတ်** ။ ။ စိတ်တခုယုတ် ကိုးဆယ်၊ ကာယုဇုကတာ, စိတ္တုဇုကတာ, ကာယမုဒုတာ, စိတ္တမုဒုတာကြဉ်သော စေ-၄၈၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

http://www.dhammadownload.com



## ၂၅။ ခန္တိဒုက်

ပ။ ခန္တိစ၊သည်းခံခြင်းသည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** = သည်းခံခြင်း အဒေါသ ပြဓာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဌတိံသ ရ၏။

ဒု။ သောရစ္စဥ္စ၊ကောင်းသောအမှု၌ မွေ့လျော်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ရှိ၏။ **[ ကောင်းသော အမှု မွေ့လျော်ပြု ]**

* **အရကား** = သီလစေတနာ ပြဓာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ အပ္ပမညာကြဉ်သော စေ-၃၆ ရ၏။

➤ **ခုက်မှတ်** ။ ။ သည်းခံခြင်း အဒေါသ၊ သီလစေတနာ ပြဓာန်းသော မဟာကုသိုလ်, မဟာကြိယာ-မှတပါး လောကီစိတ်-၈၁၊စေ-၅၂ရုပ်-၂၈၊နိဗ္ဗာန်။

## ၂၆။ သာခဇ္ဇဒုက်

ပ။ သာခလျဉ္စ၊နူးညံ့ပြေပြစ် ချစ်ဖွယ်သော စကားရှိသောသူ၏ အဖြစ်သည်လည်း အတ္ထိ၊ရှိ၏။ **[ နူတ်ချိုလျှင် သျှိုတစ်ပါး ]**

* **အရကား** = ချစ်ဖွယ်သော စကားကို ဆိုသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဌတိံသ ရ၏။

ဒု။ ပဋိသန္ထာရောစ၊အာမိသ ပဋိသန္ထာရ, ဓမ္မ ပဋိသန္ထာရတို့ဖြင့် ပဋိသန္ထာရလောကဝတ် အစေ့အစပ် ပြုခြင်းသည်လည်း။အတ္ထိ၊ရှိ၏။ **[လောကဝတ် ကျေပွန်သူ]**

* **အရကား** = ပဋိသန္ထာလောကဝတ် အစေ့အစပ် ပြုသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဌတိံသ ရ၏။

➤ **ခုက်မှတ်** ။ ။ ချစ်ဖွယ်သော စကားကို ဆိုသောအခါ ပဋိသန္ထာလောကဝတ် အစေ့ အစပ်ပြုသောအခါ မဟာကုသိုလ်, မဟာကြိယာ-မှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်။

## ၂၇။ ဣန္ဒြိယေသု အဂုတ္တဒွါရတာဒုက်

ပ။ ဣန္ဒြိယေသု၊ဣန္ဒြေ ၆-ပါးတို့၌။အဂုတ္တဒွါရတာ၊မစောင့်အပ်သော တံခါးရှိသော သူ၏ အဖြစ်သည်လည်း။(ဝါ) တံခါးကို မစောင့်သောသူ၏ အဖြစ်သည်လည်း။အတ္ထိ ရှိ၏။ * **အရကား**= လောဘမူစိတ် ၈-ခု၊ ဒေါသမူဒွေ၊ စေတသိက် ဆဗ္ဗီသ ရ၏။

ဒု။ ဘောဇနေ၊ဘောဇဉ်၌။အမတ္တညုတာစ၊အတိုင်းအရှည်ကို မသိသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** = လောဘမူစိတ် ၈-ခု၊ မောဟမူဒွေ၊ စေတသိက် တေဝီသ ရ၏။

➤ **ခုက်မှတ်** ။ ။ ကု-၂၁၊ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

http://www.dhammadownload.com



## ၂၈။ ဏ္ကန္တြိယေသု ဝုတ္တဒွါရတာဒုက်

ပ။ ဣန္ဒြိယေသု၊ဣန္ဒြေ ၆-ပါးတို့၌။ဂုတ္တဒွါရတာ၊မစောင့်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။(ဝါ) တံခါးကို စောင့်သောသူ၏ အဖြစ်သည်လည်း။(ဝါ) ပိတ်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။(ဝါ) တံခါးကို ပိတ်သောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** ▪ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် အဋ္ဌတိံသ ရ၏။

ဒု။ ဘောဇနေ၊ဘောဇဉ်၌။မတ္တညုတာ၊အတိုင်းအရှည်ကို သိသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** ▪ ဘောဇဉ်ကို ဆင်ခြင်၍ သုံးဆောင်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် ၃၃-ရ၏။

➤ **ခုက်မှတ်** ။ ။ မဟာကုသိုလ် မဟာကြိယာမှ တပါး လောကီစိတ် ၆၅-ခု၊ ဝိရတီကြဉ်သော စေတသိက် ဧကူနပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

## ၂၉။ မုဋ္ဌဿစ္စဒုက်

ပ။ မုဋ္ဌဿစ္စဉ္စ၊လွတ်သော သတိရှိသော သူ၏အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** ▪ သတိ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။ [သတိလွတ်ကင်း လွှဲဖျောင်း]

ဒု။ အသမ္ပဇညဉ္စ၊ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ မရှိသောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** ▪ ပညာ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

➤ **ခုက်မှတ်** ။ ။ ကု-၂၁၊ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၃၀။ သတိသမ္ပဇညဒုက်

ပ။ သတိစ၊အောက်မေ့တတ်သော သတိသည်လည်း။အတ္ထိ၊ရှိ၏။

*** အရကား** ▪ သတိ ရ၏။

ဒု။ သမ္ပဇညဉ္စ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာသည်လည်း။ အတ္ထိ၊ရှိ၏။ *** အရကား** ▪ ပညာ ရ၏။

➤ **ခုက်မှတ်** ။ ။ စိတ်-၈၉၊သတိ ပညာကြဉ်သော စေ-၅၀၊ ရုပ်-၂၈၊ နိဗ္ဗာန်။

## ၃၁။ ပဋိသင်္ခါနဗလဒုက်

ပ။ ပဋိသင်္ခါနဗလဉ္စ၊ဆင်ခြင်ခြင်း၌ မတုန်မလှုပ်သည်ဖြစ်၍ ဆင်ခြင်သော ပညာ

http://www.dhammadownload.com



သည်လည်း။အတ္ထို၊ရှိ၏။ * အရကား • ပညာ ရ၏။

ဒု။ ဘာဝနာဗလဥ္စ၊ဝီရိယကို အရင်းမူသဖြင့် ဗောဇ္ဈင် ၇-ပါးကို ပွားစေသော ပုဂ္ဂိုလ်အား ဖြစ်သော မတုန်မလှုပ်ခြင်းသည်လည်း။အတ္ထို၊ရှိ၏။

* အရကား • ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

➤ ခုက်မှတ် ။ ။ အကု-၁၂ ဝိ-၃၆၊ ကြိ-၂၀၊ပညာကြဉ်သော စေ-၅၁၊ရုပ်-၂၈၊နိဗ္ဗာန်

## ၃၂။ သမထဝိပဿနာဒုက်

ပ။ သမထောစ၊ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကို ငြိမ်းစေတတ်သော သမာဓိသည်လည်း။အတ္ထို၊ရှိ၏။ * အရကား • သမ္မာသမာဓိ ရ၏။

ဒု။ ဝိပဿနာစ၊သင်္ခါရတရားတို့ကို အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် အထူးထူးသော အခြင်းအရာဖြင့် ရှုတတ်သော ပညာသည်လည်း။အတ္ထို၊ရှိ၏။

* အရကား • ပညာ ရ၏။

➤ ခုက်မှတ် ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ သောဘနစိတ်၌ရှိသော ဧကဂ္ဂတာ ပညာကြဉ်သော စေတသိက် ဧကပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

## ၃၃။ သမထနိမိတ္တဒုက်

ပ။ သမထနိမိတ္တဥ္စ၊ရှေးသမထသည်ပင် နောက်သမထ၏ အကြောင်းသည်လည်း။ (ဝါ) နောက်သမထ၏ အကြောင်းဖြစ်သော ရှေးသမထသည်လည်း။အတ္ထို၊ရှိ၏။

* အရကား • နောက်နောက်သော သမထ၏ အကြောင်းဖြစ်သော ရှေးရှေးသော သမထ-ဟု ဆိုအပ်သော သမ္မာသမာဓိ ရ၏။

ဒု။ ပဂ္ဂါဟနိမိတ္တဥ္စ၊ရှေးလုံ့လသည်ပင် နောက်လုံ့လ၏ အကြောင်းသည်လည်း။ (ဝါ) နောက်လုံ့လ၏ အကြောင်းဖြစ်သော ရှေးလုံ့လသည်လည်း။အတ္ထို၊ရှိ၏။

* အရကား • နောက်နောက်သော လုံ့လ၏ အကြောင်းဖြစ်သော ရှေးရှေးသော လုံ့လ-ဟုဆိုအပ်သော သမ္မာဝါယာမ ရ၏။

➤ ခုက်မှတ် ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ သမ္မာသမာဓိ, သမ္မာဝါယာမကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

## ၃၄။ ပဂ္ဂါဟဒုက်

ပ။ ပဂ္ဂါဟောစ၊သမ္ပယုတ်တရားတို့ကို ချီးမြှောက်တတ်သော လုံ့လသည်လည်း။ အတ္ထို၊ရှိ၏။ * အရကား • သမ္မာဝါယာမ ရ၏။

ဒု။ အဝိက္ခေပေါစ၊မပျံ့လွင့် တည်ကြည်သော သမာဓိသည်လည်း။အတ္ထို၊ရှိ၏။

* အရကား • သမ္မာသမာဓိ ရ၏။

➤ ခုက်မှတ် ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ သမ္မာဝါယာမ, သမ္မာသမာဓိကြဉ်

http://www.dhammadownload.com



သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၃၅။ သီလဝိပတ္တိဒုက်**

ပ။ **သီလဝိပတ္တိစ၊** သီလ၏ ပျက်စီးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ဒု။ **ဒိဋ္ဌိဝိပတ္တိစ၊** ကောင်းသော အယူ၏ ပျက်စီးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ မိစ္ဆာဒိဋ္ဌိ ရ၏။

➤ **ခုက်မှတ်** ။ ။ ကု-၁၂၊ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိဗ္ဗာန်။

**၃၆။ သီလသမ္ပဒါဒုက်**

ပ။ **သီလသမ္ပဒါစ၊** သီလ၏ ပြည့်စုံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေ-၃၈ ရ၏။

ဒု။ **ဒိဋ္ဌိသမ္ပဒါစ၊** အယူပညာ၏ ပြည့်စုံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ သမ္မာဒိဋ္ဌိ ရ၏။

➤ **ခုက်မှတ်** ။ ။ အကု-၁၂ အဟိတ်-၁၈၊ မဟာဝိ-၈၊ မဟဂ္ဂုတ် လောကုတ္တရာ စိတ်-၃၅၊ ပညာကြဉ်သော စေ-၅၁၊ ရုပ်-၂၈၊ နိဗ္ဗာန်။

**၃၇။ သီလဝိသုဒ္ဓိဒုက်**

ပ။ **သီလဝိသုဒ္ဓိစ၊** သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ (ဝါ) အထူး သဖြင့် စင်ကြယ်သော သီလသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ ရ၏။

ဒု။ **ဒိဋ္ဌိဝိသုဒ္ဓိစ၊** အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ (ဝါ) အထူး သဖြင့် စင်ကြယ်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ ကမ္မဿကတဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

➤ **ခုက်မှတ်** ။ ။လောကီစိတ်-၈၁၊ ကမ္မဿကတဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာဉာဏ် ကြဉ်သော စေ-၅၂ ရုပ်-၂၈၊ နိဗ္ဗာန်။

**၃၈။ ဒိဋ္ဌိဝိသုဒ္ဓိခေါပနဒုက်**

ပ။ **ဒိဋ္ဌိဝိသုဒ္ဓိခေါပန၊** အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။(ဝါ) အထူး သဖြင့် စင်ကြယ်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

* **အရကား** ▪ ကမ္မဿကတဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

ဒု။ **ယထာဒိဋ္ဌိဿစ ပဓာနံ၊** အထူးသဖြင့် စင်ကြယ်သော ဉာဏ်အားလျော်သော

http://www.dhammadownload.com



လွဲလသည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** - ထိုဉာဏ် ၄-ပါးနှင့်ယှဉ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ ရ၏။

➤ **ခုက်မှတ်** ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ နှစ်ပုဒ်အရ ဉာဏ်, ဝီရိယကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**၃၉။ သံဝေဇနီယဋ္ဌာနခုက်**

ပ။ သံဝေဇနီယေသု ဌာနေသု၊ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိ, ဇရာ ဗျာဓိ, မရဏ-တည်းဟူသော အကြောင်းတို့ကြောင့်။(ဝါ) တို့မှ။သံဝေဂေါစ၊ထိတ်လန့်ခြင်းသည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** - ဇာတိ, ဇရာ, ဗျာဓိ, မရဏ-တို့မှ ထိတ်လန့်သောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာ ရ၏။

ဒု။ သံဝိဂ္ဂဿ၊ဇာတိ, ဇရာ, ဗျာဓိ, မရဏ-တို့မှ ထိတ်လန့်သော ပုဂ္ဂိုလ်၏။ယောနိသော ပဓာနဥ္စ၊အသင့်အားဖြင့် လုံ့လပြုခြင်းသည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** - ကုသိုလ် ဇောဝီသ၊ဖိုလ်စိတ် ၄-ခု၌ရှိသော သမ္မာဝါယာမ ရ၏။

➤ **ခုက်မှတ်** ။ ။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ သံဝေဂပညာ၊ ကုသိုလ် ဇောဝီသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော သမ္မာဝါယာမကြဉ်သော စေ-၅၂ ရုပ်-၂၈၊ နိဗ္ဗာန်။

**၄၀။ အသန္တုဋ္ဌိတာကုသလဓမ္မခုက်**

ပ။ ကုသလေသု ဓမ္မေသု၊ကုသိုလ်တရားတို့၌။အသန္တုဋ္ဌိတာစ၊မရောင့်ရဲသော သူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** - ကုသိုလ် ဇောဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

ဒု။ ပဓာနသ္မိံ၊ကုသိုလ်တရားကို ပွားစေခြင်းအကျိုးငှာ အားထုတ်ခြင်း၌။အပ္ပဋိဝါနိတာစ၊မဆုတ်နစ်သောသူ၏ အဖြစ်သည်လည်း။အတ္ထိ၊ရှိ၏။

* **အရကား** - ကုသိုလ်စိတ် ဇောဝီသ၌ရှိသော သမ္မာဝါယာမ ရ၏။

➤ **ခုက်မှတ်** ။ ။ အကု-၁၂ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၅၂ ရုပ်-၂၈၊ နိဗ္ဗာန်။

**၄၁။ ဝိဇ္ဇာခုက်**

ပ။ ဝိဇ္ဇာစ၊မောဟကို ဖျက်ဆီး၍ ထင်စွာပြုတတ်သော ပညာသည်လည်း။အတ္ထိ။

* **အရကား** - ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ် ရ၏။

ဒု။ ဝိမုတ္တိစ၊ဆန့်ကျင်ဘက် နီဝရဏတို့မှ ကောင်းစွာလွတ်သော သမာပတ် ၈-ပါးသည်လည်း။(ဝါ) အလုံးစုံသော ကိလေသာတို့မှ စင်စစ်လွတ်သော နိဗ္ဗာန်သည်လည်း။အတ္ထိ၊ရှိ၏။

http://www.dhammadownload.com



* **အရကား** • မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ခု၊ ကြိယာစိတ် ၉-ခု၊ စေတသိက် ပဋ္ဌတိသ၊ နိဗ္ဗာန် ရ၏။

➤ **ဒုက်မှတ်** ။ ။ ကာမစိတ် စတုပညာသ၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု၊ လောကုတ္တရာစိတ် ၈-ခု၊ ဝိဋ္ဌာ ၃-ပါးကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ။

**၄၂။ ခယေဉာဏဒုက်**

ပ။ ခယေ၊ကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သော အရိယာမဂ် ၄-ခု၌။ဉာဏံ၊ ဉာဏ်သည်။အတ္ထိ၊ရှိ၏။

* **အရကား** • မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ထို ပညာသည် သဒ်ိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ မဂ္ဂသစ္စာတည်း။

ဒု။ အနုပ္ပါဒေ၊ထိုထိုသို့သော မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့၏ မဖြစ်ခြင်းအဆုံးရှိသော အရိယာဖိုလ် ၄-ခု၌။ဉာဏံ၊ဉာဏ်သည်။အတ္ထိ၊ရှိ၏။

* **အရကား** • ဖိုလ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ထို ပညာသည် သဒ်ိရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စဝိမုတ်တည်း။

➤ **ဒုက်မှတ်** ။ ။ စိတ်-၈၉၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကြဉ်သော စေ-၅၂ရုပ်-၂၈၊နိဗ္ဗာန်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

➤ **အတိပဏီတသုခ** ။ ။ စတုတ္ထစျာန် ၁၁-ခု၌ရှိသော သုခဝေဒနာသည် အတိပဏီတသုခ ဖြစ်ပါသည်။ * စတုတ္ထစျာန် သောမနဿကြဉ်သော သောမနဿ ၅၁-ခု၊ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော သုခ ၁-ပါး၊ ပေါင်း သုခဝေဒနာ ၅၂-ခုကို " **ဩဠာရိကသုခ**" ဟု ဆိုပါသည်။

➤ **အာသဝလည်း မည်, အာသဝ၏ အာရုံလည်း ဖြစ်, အာသဝနှင့်လည်း ယှဉ်သော ဆရား /အာသဝလည်း မည်, အာသဝ၏ အာရုံလည်း မဖြစ်, အာသဝနှင့်လည်း မယှဉ်သော ဆရား /မ (၃) လုံးကျေသော တရား** • လောဘမူစိတ် ၈-ခု၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ-ဟု ဆိုအပ်သော အာသဝတရားကိုယ် ၃-ပါး ဖြစ်ပါသည်။

➤ **အာသဝလည်း မမည်, အာသဝ၏ အာရုံလည်း မဖြစ်, အာသဝနှင့်လည်း မယှဉ်သော တရား/ အာသဝလည်းမည်, အာသဝ၏ အာရုံလည်းဖြစ်, အာသဝနှင့်လည်းယှဉ် ဟူသော စကား၌ " မ (၃) လုံးလော တရား"** • လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်-တို့ ဖြစ်ပါသည်။

➤ **တိက်မှတ်** ။ ။ ပရမတ္ထတရား လေးပါးကို သုံးစုပြု၍ ဟောသော်လည်း မကုန်သော တရားကို တိက်မှ လွတ်သောကြောင့် "တိက်မှတ်" ဟု ဆိုပါသည်။

သုတ္တန္တိက ဒုကမာတိကာ အရကောက်ပြီး၏။

http://www.dhammadownload.com



# ဓာတုကထာ အောင်ပန်း

➤ ဓာတုကထာ ဥဒ္ဒေသ–လာ မာတိကာ ၅–မျိုး ။ ။ (၁) နယမာတိကာ၊ (၂) အဗ္ဘန္တရမာတိကာ၊ (၃) နယမုခမာတိကာ၊(၄) လက္ခဏမာတိကာ၊(၅) ဗာဟိရ မာတိကာ တို့ ဖြစ်ပါသည်။

## နယမာတိကာ (၁၄-ပါး)

➤ နယမာတိကာ ခေါ်ဆိုရခြင်းအကြောင်း ။ ။ သုံးပါးကုန်သော ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် ရေတွက်အပ်သောနည်း, မရေတွက်အပ်သော နည်းကိုရင်း၊ လေးပါးကုန်သော နာမက္ခန္ဓာတို့နှင့် ယှဉ်သောသဘော, မယှဉ်တတ်သော သဘောကိုရင်း နယမုခမာတိကာ-ဟု ခေါ်ပါသည်။

၁။ ➤ ပဌမနယမာတိကာ ॰ သင်္ဂဟော အသင်္ဂဟော

သင်္ဂဟော၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း။ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်၏။ ✽ အသင်္ဂဟော၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်။

၂။ ➤ ဒုတိယနယ မာတိကာ॰ သင်္ဂဟိတေန အသင်္ဂဟိတံ။

သင်္ဂဟိတေန၊စက္ခာယတန အစရှိသည်သည် ခန္ဓာဖြင့်သာ ရေတွက်အပ်သည်ဖြစ်၍။အသင်္ဂဟိတံ၊အာယတန, ဓာတ်တို့ဖြင့် မရေတွက်အပ်သော စက္ခာယတနကြဉ်သော ရုပ်သတ္တဝီသ အစရှိသည်ကို။အသင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်။

တစ်နည်း- သင်္ဂဟိတေန၊စက္ခုဝိညာဏဓာတ် အစရှိသည်သည် ခန္ဓာ, အာယတန တို့ဖြင့်သာ ရေတွက်အပ်သည်ဖြစ်၍။ အသင်္ဂဟိတံ၊ဓာတ်ဖြင့် မရေတွက်အပ်သော စက္ခုဝိညာဏဓာတ်ကြဉ်သော ဆဝိညာဏဓာတ် အစရှိသည်ကို။အသင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ (ပ) မရေ တွက်အပ်။

၃။ ➤ တတိယနယ မာတိကာ॰ အသင်္ဂဟိတေန သင်္ဂဟိတံ။

အသင်္ဂဟိတေန၊ဝေဒနာက္ခန္ဓာ အစရှိသည်သည် ခန္ဓာဖြင့်သာ မရေတွက်အပ်သည် ဖြစ်၍။သင်္ဂဟိတံ၊အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သော သညာ, သင်္ခါရ, သုခုမ ရုပ် သောဠသ, နိဗ္ဗာန် အစရှိသည်ကို။သင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ

http://www.dhammadownload.com



ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်၏။

၄။ ▶ စတုတ္ထနယ မာတိကာ-သင်္ဂဟိတေန သင်္ဂဟိတံ။

သင်္ဂဟိတေန၊သမုဒယသစ္စာ အစရှိသည်သည် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-ခု အစရှိသည်သည်။ သင်္ဂဟိတံ၊ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ အစရှိသည်ကို။သင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ (ပ) ရေတွက်အပ်၏။

၅။ ▶ ပဉ္စမနယ မာတိကာ- အသင်္ဂဟိတေန အသင်္ဂဟိတံ

အသင်္ဂဟိတေန၊ရူပက္ခန္ဓာ အစရှိသည်သည် ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သော ဝိညာဏက္ခန္ဓာ အစရှိသည်သည်။အသင်္ဂဟိတံ၊ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန် အစရှိသည်ကို။ အသင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း။ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်။

၆။ ▶ ဆဋ္ဌနယ မာတိကာ- သမ္ပယောဂေါ ဝိပ္ပယောဂေါ

သမ္ပယောဂေါ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် ယှဉ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့နှင့် ယှဉ်၏။ * ဝိပ္ပယောဂေါ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် မယှဉ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့နှင့် မယှဉ်။

၇။ ▶ သတ္တမနယမာတိကာ - သမ္ပယုတ္တေန ဝိပ္ပယုတ္တံ

သမ္ပယုတ္တေန၊ယှဉ်သော တရားနှင့်။ဝိပ္ပယုတ္တံ၊မယှဉ်သော တရားသည်။ဝိပ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် မယှဉ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့နှင့် မယှဉ်။

၈။ ▶ အဋ္ဌမနယမာတိကာ- ဝိပ္ပယုတ္တေန သမ္ပယုတ္တံ

ဝိပ္ပယုတ္တေန၊မယှဉ်သော တရားနှင့်။သမ္ပယုတ္တံ၊ယှဉ်သော တရားသည်။သမ္ပယုတ္တံ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် ယှဉ်သနည်း။နတ္ထိ၊ယှဉ်သောတရားကား မရှိ။

၉။ ▶ နဝမနယ မာတိကာ - သမ္ပယုတ္တေန သမ္ပယုတ္တံ

သမ္ပယုတ္တေန၊ယှဉ်သောတရားနှင့်။သမ္ပယုတ္တံ၊ယှဉ်သောတရားသည်။သမ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် ယှဉ်

http://www.dhammadownload.com



သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့နှင့် ယှဉ်၏။

၁၀။ ➢ **ဒုသမနယ မာတိကာ** - ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ

ဝိပ္ပယုတ္တေန၊မယှဉ်သောတရားနှင့်။ဝိပ္ပယုတ္တံ၊မယှဉ်သော တရားသည်။ဝိပ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် မယှဉ်သနည်း။ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့နှင့် မယှဉ်။

၁၁။ ➢ **ကောဒသမနယမာတိကာ**- သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ

သင်္ဂဟိတေန၊ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သည်ဖြစ်၍။သမ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် ယှဉ်သနည်း။ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့နှင့် ယှဉ်၏။ ဝိပ္ပယုတ္တံ၊အဘယ်မျှသော ခန္ဓာ (ပ) မယှဉ်။

➢ **ဒွါဒသမနယ မာတိကာ**- သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ

သမ္ပယုတ္တေန၊ယှဉ်သည်ဖြစ်၍။သင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်၏။အသင်္ဂဟိတံ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်။

➢ **တေရသမနယ မာတိကာ** - အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ

အသင်္ဂဟိတေန၊ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သည်ဖြစ်၍။

[ ကြွင်း ကောဒသမနယ-နှင့်တူ၏။]

➢ **စုဒ္ဒသမနယ မာတိကာ** - ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ

ဝိပ္ပယုတ္တေန၊မယှဉ်သည်ဖြစ်၍။ [ ကြွင်း ဒွါဒသမနယနှင့်တူ၏။]

* **အဗ္ဗန္တရမာတိကာ-၌ ဟောသောပုဒ်ပေါင်း** - (၁၂၅) ပုဒ် ဖြစ်ပါသည်။

➢ **နယမုခ မာတိကာ** ။ ။ တီဟိ သင်္ဂဟော တီဟိ အသင်္ဂဟော။ စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ။

တီဟိ၊၃-ပါးကုန်သော ခန္ဓာ အာယတန ဓာတ်တို့ဖြင့်။သင်္ဂဟော၊ရေတွက်အပ်သော နည်းရင်း။တီဟိ၊၃-ပါးကုန်သော ခန္ဓာ အာယတန ဓာတ်တို့ဖြင့်။အသင်္ဂဟော၊ မရေတွက်အပ်သော နည်းရင်း။စတူဟိ၊၄-ပါးကုန်သော နာမက္ခန္ဓာတို့နှင့်။သမ္ပယောဂေါ ယှဉ်တတ်သော သဘောရင်း။စတူဟိ၊၄-ပါးကုန်သော နာမက္ခန္ဓာတို့နှင့်။ဝိပ္ပယောဂေါ၊ မယှဉ်တတ်သော သဘောရင်း။ဣတိ၊ဤသို့။စတူဟိ၊၄-ပါးကုန်သော။ပဒေဟိ၊ပုဒ်တို့ဖြင့်။

http://www.dhammadownload.com



နိက္ခိတ္တာ၊ထားအပ်သော။အယံ၊ဤမာတိကာသည်။နယမုခမာတိကာ၊မည်၏။

**➤ လက္ခဏမာတိကာ** ။ ။ သဘာဂေါ ဝိသဘာဂေါ။

သဘာဂေါ၊သမ္ပယောဂနည်း သင်္ဂဟနည်းတို့နှင့် သင့်တင့်သော လက္ခဏာရှင်း။ ဝိသဘာဂေါ၊သမ္ပယောဂနည်း သင်္ဂဟနည်းတို့နှင့် မသင့်တင့်သော လက္ခဏာရင်း။ ဣတိ ဤသို့။ဒွိပဟိ၊နှစ်ပါးကုန်သော။ပဒေဟိ၊ပုဒ်တို့ဖြင့်။နိက္ခိတ္တာ၊ထားအပ်သော။အယံ၊ဤ မာတိကာသည်။လက္ခဏမာတိကာ၊လက္ခဏမာတိကာ မည်၏။

**➤ လက္ခဏမာတိကာ၌ လက္ခဏာ ၂-မျိုး** ။ ။ ၁။ သမ္ပယောဂနည်း သင်္ဂဟနည်း တို့နှင့် သင့်တင့်သော လက္ခဏာ၊ ၂။ သမ္ပယောဂနည်း သင်္ဂဟနည်းတို့နှင့် မသင့်တင့် သော လက္ခဏာ-တို့ ဖြစ်ပါသည်။

**➤ လက္ခဏမာတိကာမည်ပုံ** ။ ။ သမ္ပယောဂနည်း သင်္ဂဟနည်းတို့နှင့် သင့်တင့် သော လက္ခဏာ, မသင့်တင့်သော လက္ခဏာ ဤနှစ်ပုဒ်တို့ဖြင့် ထားအပ်သော လက္ခ ဏာ-သည် "လက္ခဏမာတိကာ" မည်ပါသည်။

**➤ ဗာဟိရမာတိကာ** ။ ။ သဗ္ဗာပိ ဓမ္မသင်္ဂဏီ ဓာတုကထာယ မာတိကာ။

သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်သော။ဓမ္မသင်္ဂဏီ၊ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော်မူအပ် သော မာတိကာသည်။ဓာတုကထာယ၊ဓာတုကထာကျမ်း၏။မာတိကာ၊မာတိကာတည်း ဣတိ၊ဤသို့။ဆသဋ္ဌိ တိကပဒါနိစ၊၆၆-ပါးသော တိက်ပုဒ်တို့ကိုရင်း။ဒွေဒုကပဒ သတာ နိစ၊(၂၀၀)သော ဒုက်ပုဒ်တို့ကိုရင်း။သဩပိတွာ၊ချုံး၍။နိက္ခိတ္တာ၊ထားအပ်သော။အယံ၊ ဤမာတိကာသည်။ဗာဟိရမာတိကာ၊ဗာဟိရမာတိကာ မည်၏။

*** ဗာဟိရမာတိကာ၌ ဟောသောပုဒ်ပေါင်း** - တိက်ပုဒ် ၆၆-ပုဒ်နှင့် ဒုက်ပုဒ် ၂၀၀၊ ပေါင်း (၂၆၆)ပုဒ် ဖြစ်ပါသည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxx

**➤ ပဉ္စမနယနိဒ္ဒေသ အစရှိသော ၁၄–နယတို့၏ ပုဒ်တို့၏အပေါင်းပြ**

၁။ ဒုမှိ ရဋ္ဌိ နဋ္ဌာ တမှိ၊ စမှိ ဓူတာ သမာရာပေ။
ဒေဝရာ ဆ နိမက္ခာ ဝါ၊ သဂ္ဂါ သမှိ ဝိရာဂါ'ဋ္ဌ။
၂။ နဝါရိယာ ဒသာဒိသု၊ ကမာ ဆ စ နဝေသွိဝ။
တေ နဂ္ဂိယာ ဘက္ခိလာ ဩ၊ သမ္ဗဟာ ပန ကောသလာ။

***** ဒုမှိ၊ဒုတိယနယ၌။ရဋ္ဌိ၊(၄၂)ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။တမှိ၊**တတိယနယ** ၌။နဋ္ဌာ၊ (၉၀) သော ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။စမှိ၊**စတုတ္ထနယ**၌။ဓူတာ၊ (၆၉) ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။ပေ၊ပဉ္စမနယ၌။သမာရာ၊ (၂၅၇) ပုဒ်တို့ကို။ဝုတ္တာ၊ ဟောအပ်ကုန်၏။ဆ၊ဆဋ္ဌနယ၌။ဝါ၊အဋ္ဌကထာ၌ လာသောနည်းဖြင့်။ဒေဝရာ၊ (၂၄၈)

http://www.dhammadownload.com



ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။ဝါ။ငိုကာ၍လာသောနည်းဖြင့်။နိမက္ခာ၊(၂၅၀) သော ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။သမ္မိ၊သတ္တမနယ၌။သဂ္ဂါ၊ (၃၇) ပုဒ်တို့ကို။ဝုတ္တာ၊ ဟောအပ်ကုန်၏။အဌ၊အဌမနယ၌။ဝိရာဂါ၊ (၃၂၄) ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။

* နဝ၊နဝမနယ၌။အရိယာ၊ (၁၂၀) သော ပုဒ်တို့ကို။ဝုတ္တာ၊ဟောအပ်ကုန်၏။ ဒသာ ဒီသု၊ဒသမနယ အစရှိသည်တို့၌။ဝါ။ဒသမနယ, ဧကာဒသမနယ, ဒွါဒသမနယတို့၌။ ကမာ၊အစဉ်အတိုင်း။ဆစ နဝေသွိ၀၊ဆဌနယ, စတုတ္ထနယ, နဝမနယတို့၌ကဲ့သို့။ဝုတ္တာ၊ ဖှောအပ်ကုန်၏။တေ၊တေရသမနယ၌။နဂ္ဂိယာ၊(၁၃၀) သောပုဒ်တို့ကို။ဝုတ္တာ၊ဟော အပ်ကုန်၏။ဩ၊ဩသာနနယ၌။ဝါ။အဆုံးဖြစ်သော စုဒ္ဒသမနယ၌။ဘက္ခိလာ၊ (၃၂၄) ပုဒ်တို့ကိုဝုတ္တာ၊ဟောအပ်ကုန်၏။သမ္ဗဟာပန၊ပဋ္ဌမနယ၌ ဟောတော်မူအပ်သော ပုဒ် အပေါင်းတို့သည်ကား။ကောသလာ၊ (၃၇၁) ပုဒ်တို့သည်။ဟောဋ္ဌိ၊ဖြစ်ကုန်၏။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

ခန္ဓာ ၅-ပါး

၁။ ဧကေန ခန္ဓေန
၂။ ဒွီဟိ ခန္ဓေဟိ
၃။ တီဟိ ခန္ဓေဟိ
၄။ စတူဟိ ခန္ဓေဟိ
၅။ ပဉ္စဟိ ခန္ဓေဟိ

အာယတန ၁၂-ပါး

၁။ ဧကေနာယတနေန
၂။ ဒွီဟာယတနေဟိ
၃။ တီဟာယတနေဟိ
၄။ စတူဟာယတနေဟိ
၅။ ပဉ္စဟာယတနေဟိ
၆။ ဆဟာယတနေဟိ
၇။ သတ္တဟာယတနေဟိ
၈။ အဋ္ဌဟာယတနေဟိ
၉။ နဝဟာယတနေဟိ
၁၀။ ဒသဟာယတနေဟိ
၁၁။ ဧကာဒသဟာယတနေဟိ
၁၂။ ဒွါဒသဟာယတနေဟိ

ဓာတ် ၁၈-ပါး

၁။ ဧကာယ ဓာတုယာ
၂။ ဒွီဟိ ဓာတူဟိ
၃။ တီဟိ ဓာတူဟိ
၄။ စတူဟိ ဓာတူဟိ
၅။ ပဉ္စဟိ ဓာတူဟိ
၆။ ဆဟိ ဓာတူဟိ
၇။ သတ္တဟိ ဓာတူဟိ
၈။ အဋ္ဌဟိ ဓာတူဟိ
၉။ နဝဟိ ဓာတူဟိ
၁၀။ ဒသဟိ ဓာတူဟိ
၁၁။ ဧကာဒသဟိ ဓာတူဟိ
၁၂။ ဒွါဒသဟိ ဓာတူဟိ
၁၃။ တေရသဟိ ဓာတူဟိ
၁၄။ စုဒ္ဒသဟိ ဓာတူဟိ
၁၅။ ပန္နရသဟိ ဓာတူဟိ
၁၆။ သောဠသဟိ ဓာတူဟိ
၁၇။ သတ္တရသဟိ ဓာတူဟိ
၁၈။ အဋ္ဌာရသဟိ ဓာတူဟိ

http://www.dhammadownload.com



## ပဌမနယ ဖော်ပုံ နယ္မုခေသ

| ရူပက္ခန္ဓော (ရုပ်-၂၈) | ကတိဟိ သင်္ဂဟိတော၊ (ရေတွက်အပ်) | ကတိဟိ အသင်္ဂဟိတော (မရေတွက်အပ်) |
|---|---|---|
| ခန်- ရူ | ၁ | ၄ (နာမက္ခန္ဓာ) |
| အာ- ဩဠာရိကာယတန၊ဓမ္မ | ၁၁ | ၁ (မနာယတန) |
| ဓာ- ဩဠာရိကဓာတ်၊ဓမ္မ | ၁၁ | ၇ (သတ္တဝိညာဏ) |

* ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော?။ ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတော။ | ရူပက္ခန္ဓော၊ရူပက္ခန္ဓာကို။ကတိဟိ၊အဘယ်မျှကုန်သော။ခန္ဓေဟိ၊ခန္ဓာတို့ဖြင့်။ကတိဟိ၊ကုန်သော။အာယတနေဟိ၊တို့ဖြင့်။ကတိဟိ၊ကုန်သော။ဓာတူဟိ၊ဓာတ်တို့ဖြင့်။သင်္ဂဟိတော၊ရေတွက်အပ်သနည်း။? ဣတိ ပုစ္ဆာယ၊ဤသို့သော အမေးတော်သည်။ သတိ၊ရှိသော်။ * ရူပက္ခန္ဓော၊ကို။ဧကေန၊တပါးသော။ခန္ဓေန၊ ရူပက္ခန္ဓာဖြင့်။ဧကာဒသဟိ၊ ၁၁-ပါးကုန်သော။အာယတနေဟိ၊ဩဠာရိကာယတန ၁၀-ပါး, ဓမ္မာယတနတို့ဖြင့်။ ဧကာဒသဟိ၊၁၁-ပါးကုန်သော။ဓာတူဟိ၊ဩဠာရိကဓာတ် ၁၀-ပါး, ဓမ္မဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ရေတွက်အပ်၏။ဣတိ ဝိသဇ္ဇနာ၊ဤသို့ ဖြေတော်မူသည်။ဟောတိ၊ဖြစ်၏။

### ဓာတုကထာ ဥဒ္ဒေသ (ပဌမနယ၌ ဟောပုဒ်ပေါင်း-၃၇၁)

| ဟောပုဒ်နှင့် | တရားကိုယ်အရကောက် (ခန်×အာ×ဓာ) | သင်္ဂဟိတ | | | အသင်္ဂဟိတ | | |
|---|---|---|---|---|---|---|---|
| ရူပက္ခန္ဓော- | ရုပ်-၂၈ပါးသည် (ရူ× ဩ၊ဓ× ဩ၊ဓ) | ၁ | ၁၁ | ၁၁ | ၄ | ၁ | ၇ |
| ဝေဒနာက္ခန္ဓော- | ဝေဒနာစေတသိက် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သညာက္ခန္ဓော- | သညာစေတသိက် (သဉ်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သင်္ခါရက္ခန္ဓော- | ဝေဒနာ, သညာကြဉ် စေတသိက် ပညာသသည် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝိညာဏက္ခန္ဓော- | စိတ် ၈၉-ပါး (ဝိ× မန×သတ္တဝိ) | ၁ | ၁ | ၇ | ၄ | ၁၁ | ၁၁ |
| * စက္ခာယတနံ= | စက္ခုပသာဒ (ရူ× စ× စ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သောတာယတနံ- | သောတပသာဒ (ရူ× သော× သော) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဃာနာယတနံ- | ဃာနပသာဒ (ရူ× ဃာ× ဃာ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဇိဝှါယတနံ - | ဇိဝှါပသာဒ (ရူ× ဇိ× ဇိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ကာယာယတနံ- | ကာယပသာဒ (ရူ× ကာ× ကာ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ရူပါယတနံ - | ရူပါရုံ (ရူ× ရူပါ× ရူပ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သဒ္ဒါယတနံ - | သဒ္ဒါရုံ (ရူ× သဒ္ဒါ× သဒ္ဒ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

http://www.dhammadownload.com



| ဟောပုဒ်နှင့် တရားကိုယ်အရကောက် (ခန်×အာ×ဓာ) | သင်္ဂဟိတ် | | | အသင်္ဂဟိတ် | | |
|---|---|---|---|---|---|---|
| ဂန္ဓာယတန် ▪ ဂန္ဓာရုံ (ရူ× ဂန္ဓာ× ဂန္ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ရသာယတန် ▪ ရသာရုံ (ရူ× ရသာ× ရသ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဖောဋ္ဌဗ္ဗာယတန်]▪ ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ] (ရူ× ဖော× ဖော) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မနာယတန် ▪ စိတ် ၈၉-ပါး (ဝိ×မန×သတ္တဝိ) | ၁ | ၁ | ၇ | ၄ | ၁၁ | ၁၁ |
| ဓမ္မာယတန် ▪ စေတသိက်-၅၂ သုခုမရုပ်-၁၆၊ နိဗ္ဗာန် (ရူ,ဝေ,သဉ်,သင်×ဓ×ဓ) [အသင်္ခတ် ခန္ဓတော ဋ္ဌပေတွာ] | ၄ | ၁ | ၁ | ၁ | ၁၁ | ၁၇ |
| ✻ အသင်္ခတ်၊နိဗ္ဗာန်ကို၊ခန္ဓတော၊ခန္ဓာမှဟူသောအရေအတွက်မှ၊ဋ္ဌပေတွာ၊ထား၍။ | | | | | | |
| [စက္ခုဓာတု ▪ စက္ခုပသာဒရုပ် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သောတဓာတု ▪ သောတပသာဒရုပ် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဃာနဓာတု ▪ ဃာနပသာဒရုပ် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဇိဝှါဓာတု ▪ ဇိဝှါပသာဒရုပ် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ကာယဓာတု ▪ ကာယပသာဒရုပ် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ရူပဓာတု ▪ ရူပါရုံ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သဒ္ဒဓာတု ▪ သဒ္ဒါရုံ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဂန္ဓဓာတု ▪ ဂန္ဓာရုံ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ရသဓာတု ▪ ရသာရုံ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဖောဋ္ဌဗ္ဗဓာတု]▪ ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ] | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| စက္ခုဝိညာဏဓာတု▪စက္ခုဝိညာဉ်ခွေး (ဝိ×မန×စဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သောတဝိညာဏ▪သောတဝိညာဉ်ခွေး (ဝိ×မန×သောဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဃာနဝိညာဏဓာတု▪ဃာနဝိညာဉ်ခွေး (ဝိ×မန×ဃာဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဇိဝှါဝိညာဏဓာတု ▪ဇိဝှါဝိညာဉ်ခွေး (ဝိ×မန×ဇိဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ကာယဝိညာဏဓာတု▪ကာယဝိညာဉ်ခွေး (ဝိ×မန×ကာဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မနောဓာတု ▪ ပဉ္စဒွါရာဝဇ္ဇန်း၊သမ္ပဋိစ္ဆိုင်းခွေ (ဝိ×မ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မနောဝိညာဏဓာတု▪ခွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခုကြဉ် စိတ် ၇၆-ခု (ဝိ×မန×မနောဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဓမ္မဓာတု▪စေတသိက်-၅၂ သုခုမရုပ်-၁၆၊ နိဗ္ဗာန် (ရူ,ဝေ,သဉ်,သင်×ဓ×ဓ) [အသင်္ခတ် ခန္ဓတော ဋ္ဌပေတွာ] | ၄ | ၁ | ၁ | ၁ | ၁၁ | ၁၇ |

— ဝိဘင်္ဂပါဠိတော် (၈)

http://www.dhammadownload.com



| ဟောပုဒ်နှင့် တရားကိုယ်အရကောက် | သင်္ဂဟိတံ | | | အသင်္ဂဟိတံ | | |
|---|---|---|---|---|---|---|
| ဒုက္ခသစ္စ ▪ လောကီစိတ်-၈၁၊ လောဘကြဉ် စေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါး | ၅ | ၁၂ | ၁၈ | × | × | × |
| သမုဒယသစ္စ ▪လောဘစေတသိက်(သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| နိရောဓသစ္စ ▪ နိဗ္ဗာန် [န ကေဟိစိ ခန္ဓေဟိ] | × | ၁ | ၁ | ၅ | ၁၁ | ၁၇ |
| မဂ္ဂသစ္စ ▪ မဂ်စိတ် ၄-ခု၌ရှိသော မဂ္ဂင် တရားကိုယ် ၈-ပါး ၇-ပါးသည် (သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

✱ ဒုက္ခသစ္စံ န ကေဟိစိ ခန္ဓေဟိ န ကေဟိစိ အာယတနေဟိ န ကာဟိစိ ဓာတူဟိ အသင်္ဂဟိတံ။[ဒုက္ခသစ္စံ၊ဒုက္ခသစ္စာကို။ကေဟိစိ၊တစုံတစ်ခုကုန်သော။ခန္ဓေဟိ၊ခန္ဓာတို့ဖြင့် အသင်္ဂဟိတံ၊မရေတွက်အပ်သည်ကား။န၊မဟုတ်။သင်္ဂဟိတံဧဝ၊ရေတွက်အပ်သည် သာလျှင်တည်း။အာယတနေဟိ၊အာယတနတို့ဖြင့်။ဓာတူဟိ၊ဓာတ်ကို့ဖြင့်။]

ဣန္ဒြေ ၂၂-ပါးနှင့် တရားကိုယ် အရကောက် (သင်္ဂဟိတံ/အသင်္ဂဟိတံ)

| | | | | | | |
|---|---|---|---|---|---|---|
| ဓာဝိသတိန္ဒြိယာနိ ရူ,ဝေ,သင်,ဝိ× စ,သော,ဃာ,ဇိ,ကာ, မနာ,ဓမ္မာ× စ,သော,ဃာ,ဇိ,ကာ,သတ္တဝိ,ဓမ္မ | ၄ | ၇ | ၁၃ | ၁ | ၅ | ၅ |
| စက္ခုန္ဒြိယံ ▪စက္ခုပသာဒရုပ် (ရူ×စ×စ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သောတိန္ဒြိယံ ▪သောတပသာဒရုပ် (ရူ×သော×သော) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဃာနိန္ဒြိယံ ▪ဃာနပသာဒရုပ် (ရူ×ဃာ×ဃာ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဇိဝှိန္ဒြိယံ ▪ဇိဝှါပသာဒရုပ် (ရူ×ဇိ×ဇိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ကာယိန္ဒြိယံ ▪ကာယပသာဒရုပ် (ရူ×ကာ×ကာ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဣတ္ထိန္ဒြိယံ ▪ဣတ္ထိဘာဝရုပ် (ရူ× ဓ× ဓ ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပုရိသိန္ဒြိယံ ▪ပုရိသဘာဝရုပ် (ရူ× ဓ× ဓ ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဇီဝိတိန္ဒြိယံ ▪ရုပ်ဇီဝိတ, နာမ်ဇီဝိတ(ရူ,သင်× ဓ× ဓ) | ၂ | ၁ | ၁ | ၃ | ၁၁ | ၁၇ |
| မနိန္ဒြိယံ ▪စိတ် ၈၉-ပါး (ဝိ×မန×သတ္တဝိ) | ၁ | ၁ | ၇ | ၃ | ၁၁ | ၁၇ |
| သုခိန္ဒြိယံ ▪သုခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဒုက္ခိန္ဒြိယံ ▪ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သောမနဿိန္ဒြိယံ ▪ သောမနဿသဟဂုတ်စိတ်-၆၂ ခု၌ရှိသော ဝေဒနာစေတသိက် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဒေါမနဿိန္ဒြိယံ ▪ဒေါသမွေး၌ရှိသော ဝေဒနာ(ဝေ၊ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

http://www.dhammadownload.com



| ဟောပုဒ်နှင့် တရားကိုယ်အရကောက် (ခန်×အာ×ဓာ) | သင်္ဂဟိတ် | | | အသင်္ဂဟိတ် | | |
|---|---|---|---|---|---|---|
| ဥပေက္ခိန္ဒြိယံ ▪ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ရှိသော<br>ဝေဒနာစေတသိက်သည် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သဒ္ဓိန္ဒြိယံ ▪သောဘနစိတ် ၅၉-ခု၌ရှိသော<br>သဒ္ဓါ စေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝီရိယိန္ဒြိယံ ▪ဒွေးပဉ္စဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခု၊<br>သန္တီရဏ ၃-ခုကြဉ် စိတ် ၇၃-ခု၌ရှိသော<br>ဝီရိယစေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သတိန္ဒြိယံ ▪သောဘနစိတ် ၅၉-ရှိ သတိစေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမာဓိန္ဒြိယံ ▪ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ဒွေးပဉ္စ<br>ဝိညာဉ်-၁၀၊ မနောဓာတ် ၃-ခုကြဉ် စိတ် ၇၂-ခု၌<br>ရှိသော ဧကဂ္ဂတာစေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပညိန္ဒြိယံ ▪ လောကီတိဟိတ်စိတ် ၃၉-ခု၌ရှိသော<br>ပညာ စေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| အနညာတညဿာမီတိန္ဒြိယံ ▪သောတာပတ္တိမဂ်၌<br>ရှိသော ပညာ စေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| အညိန္ဒြိယံ ▪ အထက်မဂ် ၃-ခု၊ အောက်ဖိုလ် ၃-ခု၌<br>ရှိသော ပညာစေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| အညာတာဝိန္ဒြိယံ ▪အရဟတ္တဖိုလ်၌ရှိသော ပညာ- | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

* **သေက္ခဏ္ဍေ** ▪ အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ၊

* **အသေက္ခဏ္ဍေ**▪ အညာတာဝိန္ဒြေ။

➢ **အင်္ဂါအားဖြင့် ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးကား ။ ။** အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ။

➢ **ဓမ္မအားဖြင့် ပဋိစ္စသမုပ္ပါဒ် ၁၈-ပါးကား ။ ။** အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တို့ ဖြစ်ပါသည်။

➢ **ပဋိစ္စသမုပ္ပါဒ် ဟောပုဒ် ၂၈-ပုဒ် ။ ။** အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဥပပတ္တိဘဝ, ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ , ဧကဝေါ

http://www.dhammadownload.com



ကာရဘဝ, စတုဝေါကာရဘဝ ,ပဉ္စဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တို့ ဖြစ်ပါသည်။

*** ဥပပတ္တိဘဝအပြား/အကြီး ၉-ပါး** ။ ။ (၁) ကာမဘဝ (၂) ရူပဘဝ (၃) အရူပဘဝ (၄) သညီဘဝ (၅) အသညီဘဝ (၆) နေဝသညီနာသညီဘဝ (၇) ဧကဝေါကာရဘဝ (၈) စတုဝေါကာရဘဝ (၉) ပဉ္စဝေါကာရဘဝ-တို့ ဖြစ်ပါသည်။

*** ဘဝကြီး ၉-ပါးတို့တွင် ရုပ်သက်သက် ဘဝကား** - အသညီဘဝ, ဧကဝေါကာရဘဝ-တို့ ဖြစ်ပါသည်။ *** နာမ်သက်သက် ဘဝကား**- အရူပဘဝ, နေဝသညီနာသညီဘဝ, စတုဝေါကာရဘဝ-တို့ ဖြစ်ပါသည်။

**➤ ပဋိစ္စသမုပ္ပါဒ်အင်္ဂါအားဖြင့် ရေတွက်ရာ၌ သောက,စသော တရားငါးပါးတို့ကို အသီးအခြား မရေတွက်ခြင်းအကြောင်း** ။ ။ အင်္ဂါအားဖြင့် ရေတွက်ရာ၌ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တို့ကို ဇရာမရဏနှင့် အနိဋ္ဌလက္ခဏာ တူသောကြောင့်ရင်း, ဇာတိ၏ အကျိုးဆက်ဖြစ်ခြင်းကြောင့်ရင်း ဇရာမရဏ၌ အကျုံးဝင်သည်ဖြစ်၍ သီးခြား မရေတွက်ရပါ။

(တစ်နည်း) သောက စသည်သည် ဇာတိ၏မုချအကျိုးမဟုတ်၊ အကျိုးဆက်မျှသာ ဖြစ်သောကြောင့်ရင်း၊ ဇရာမရဏလျှင် အကြောင်းရင်းရှိသော ဒုက္ခ၏အဖြစ်ဖြင့် ဇရာမရဏ၌ အကျုံးဝင်သောကြောင့်ရင်း သောက-စသော ငါးပါးကို အင်္ဂါအားဖြင့် အသီးအခြား မရေတွက်ရပါ။

**ပဋိစ္စသမုပ္ပါဒ်**

| ဟောပုဒ်နှင့် တရားကိုယ်အရကောက် | သင်္ဂဟိတ | | | အသင်္ဂဟိတ | | |
|---|---|---|---|---|---|---|
| | ခန် | အာ | ဓာ | ခန် | အာ | ဓာ |
| အဝိဇ္ဇာ- သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော မောဟ(သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သင်္ခါရ - အကုသိုလ်စိတ် ၁၂-ပါး၊ လောကီကုသိုလ် ၁၇-ပါး၌ရှိသော စေတနာ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝိညာဏ်- စိတ် ၈၉-ပါး (ဝိ×မန×သတ္တဝိ) | ၁ | ၁ | ၇ | ၄ | ၁၁ | ၁၁ |
| နာမ ရူပံ- စေတသိက်-၅၂ ရုပ်-၂၈ (ရူ,ဝေ,သဉ်,သင်×ဩ၊ဓ×ဩ၊ဓ) | ၄ | ၁၁ | ၁၁ | ၁ | ၁ | ၇ |
| သဠာယတန - စိတ်-၈၉၊ ပသာဒရုပ် ၅-ပါး (ရူဝိ× စ,သော,ဃာ,ဇိ,ကာ,မန× စ,သော,ဃာ,ဇိ,ကာ,စဝိ,သောဝိ,ဃာဝိ,ဇိဝိ,ကာဝိ,မနော,မနောဝိ) | ၂ | ၆ | ၁၂ | ၃ | ၆ | ၆ |
| ဖဿော -စိတ် ၈၉-ပါး၌ရှိသော ဖဿ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

http://www.dhammadownload.com



| ဟောပုဒ်နှင့် တရားကိုယ်အရကောက် (ခန်×အာ×ဓာ) | သင်္ဂဟိတ | | | အသင်္ဂဟိတ | | |
|---|---|---|---|---|---|---|
| ဝေဒနာ • စိတ် ၈၉-ပါး၌ရှိသော ဝေဒနာ(ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| တဏှာ • လောဘမူ ၈-ခု၌ရှိ လောဘ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဥပါဒါန် • လောဘမူ ၈-ခု၌ရှိသော လောဘ၊ ဒိဋ္ဌိဂတ သမ္ပယုတ် ၄-ခု၌ရှိသော ဒိဋ္ဌိ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ကမ္မဘဝေါ• အကုသိုလ်စိတ် ၁၂-ပါး၊ လောကီကုသိုလ် ၁၇-ပါး ၌ရှိသော စေတနာ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဥပပတ္တိဘဝေါ•လောကီဝိပါက် ဘတ္တိံသ၊ ဝိရတီကြဉ် စေတသိက် ပဉ္စတိံသ၊ကမ္မဇရုပ် ဝီသ-သည် | ၅ | ၁၁ | ၁၇ | × | ၁ | ၁ |
| ကာမဘဝေါ• ကာမဝိပါက် ၂၃-ပါး၊ဝိရတီ,အပ္ပမညာ ကြဉ် စေတသိက်-၃၃၊ ကမ္မဇရုပ် ၂၀-ပါး၊ | ၅ | ၁၁ | ၁၇ | × | ၁ | ၁ |
| ရူပဘဝေါ• ရူပဝိပါက်-၅၊ စက္ခုဝိညာဉ်ဒွေ,သောတ ဝိညာဉ်ဒွေ,သမ္ပဋိစ္ဆိုင်းဒွေ,သန္တီရဏ-၃၊ ဝိရတီကြဉ် စေ-၃၅၊ကုက္ကုစ္စဗ္ဗော,ပုမ္ဘော, ယာန, ဇိဝှါ, ကာယကြဉ် ကမ္မဇရုပ်ပန္နရသသည် (စ, သော, ရူ, မ, ဓ× စ, သော, ရူ, စဝိ, သောဝိ, မနော, မနောဝိ, ဓ | ၅ | ၅ | ၈ | × | ၇ | ၁၀ |
| အရူပဘဝေါ •အရူပဝိပါက် ၄-ခု၊ စေတသိက် တိံသ (နာမက်×မန,ဓ× မနောဝိ, ဓ) | ၄ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| သညီဘဝေါ •နေဝသညာနာသညာယတန ဝိပါက်ကြဉ် .လောကီဝိပါက်-၃၁၊ စေတသိက်-၃၅၊ ကမ္မဇရုပ်-၂၀ | ၅ | ၁၁ | ၁၇ | × | ၁ | ၁ |
| အသညီဘဝေါ•ဇီဝိတနဝက ကလာပ်ရုပ် ၉-ခုသည် (ရူ× ရူ,ဓ× ရူ,ဓ) | ၁ | ၂ | ၂ | ၄ | ၁၀ | ၁၆ |
| နေဝသညီနာသညီဘဝေါ•နေဝသညာနာသညာယတန ဝိပါက်စိတ် ၁-ခု၊ စေ-၃၀ (နာမက်×မ,ဓ×မနောဝိ,ဓ) | ၄ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| ဧကဝေါကာရဘဝ•ဇီဝိတနဝကကလာပ် ၉-ခုသည် (ရူ× ရူ,ဓ× ရူ,ဓ) | ၁ | ၂ | ၂ | ၄ | ၁၀ | ၁၆ |
| စတုဝေါကာရဘဝ •အရူပဝိပါက်-၄၊ စေ-၃၀ | ၄ | ၂ | ၂ | ၁ | ၁၀ | ၁၆ |
| ပဉ္စဝေါကာရဘဝ • ကာမဝိပါက် ၂၃-ခု၊ရူပဝိပါက် ၅-ခု စေတသိက်-၃၅၊ ကမ္မဇရုပ်-၂၀၊ | ၅ | ၁၁ | ၁၇ | × | ၁ | ၁ |
| ဇာတိ [ဇာတိ ၂-မျိုး] (ရူ,သင်× ဓ×ဓ) | ၂ | ၁ | ၁ | ၃ | ၁၁ | ၁၁ |

http://www.dhammadownload.com



ရေတွက်/မရေတွက်

| | | | | | | |
|---|---|---|---|---|---|---|
| ရုပ်၏ ဇာတိ =နိပ္ဖန္နရုပ် ၁၈-ခုတို့၏ဖြစ်ဆဲ (ရူ×ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| နာမ်၏ ဇာတိ=နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်ဆဲ (သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဇရာ [ဇရာ-၂-မျိုး] (ရူ,သင်×ဓ×ဓ) | ၂ | ၁ | ၁ | ၃ | ၁၁ | ၁၇ |
| ရုပ်၏ဇရာ=နိပ္ဖန္နရုပ် ၁၈-ပါးတို့၏ ရင့်ဆဲသည် (ရူ×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| နာမ်၏ဇရာ=နာမက္ခန္ဓာ ၄-ပါးတို့၏ ရင့်ဆဲ (သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မရဏ [မရဏ ၂-မျိုး] (ရူ, သင်× ဓ × ဓ) | ၂ | ၁ | ၁ | ၃ | ၁၁ | ၁၇ |
| ရုပ်၏ မရဏ =နိပ္ဖန္နရုပ် ၁၈-ပါးတို့၏ ပျက်ဆဲ (ရူ×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| နာမ်၏ မရဏ=နာမက္ခန္ဓာ ၄-ပါးတို့၏ ပျက်ဆဲ (သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သောကော=ဒေါသမူဒွေး၌ရှိသော ဒေါမနဿ ဝေဒနာ-သည် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပရိဒေဝေါ=ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသသဒ္ဒ (ရူ× သဒ္ဒါ× သဒ္ဒ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဒုက္ခံ = ဒုက္ခသဟဂုတ် ကာယဝိညာဉ်ရှိသော ဝေဒနာ စေတသိက်သည် (ဝေ× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဒေါမနဿံ = ဒေါသမူဒွေး၌ရှိသော ဝေဒနာ (ဝေ×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဥပါယာသော = ဉာတိဗျသန အစရှိသည်တို့ဖြင့် တွေ့သော သူအား လွန်စွာဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပင်ပန်းခြင်း၏အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒွေး၌ရှိသော ဒေါသ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သတိပဋ္ဌာနံ = လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိ စေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မပ္ပဓာနံ=လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ ( ။ ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

*** ကိစ္စအားဖြင့် သတိပဋ္ဌာန် ၄-ပါးကား** = ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်။

*** စတ္တာရော သမ္မပ္ပဓာနာ-အရ ကိစ္စအားဖြင့် သမ္မပ္ပဓာန် ၄-ပါးကား** ။ ။ ၁။ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း၊ ၂။ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ ၃။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း၊ ၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို လွန်စွာပွားစေခြင်းငှာ လုံ့လပြုခြင်း။

http://www.dhammadownload.com



| ဟောပုဒ်နှင့် တရားကိုယ်အရကောက် (ခန်×အာ×ဓာ) | သင်္ဂဟိတ | | | အသင်္ဂဟိတ | | |
|---|---|---|---|---|---|---|
| ဣဒ္ဓိပါဒေါ (သင်,ဝိ× မ,ဓ× မနောဝိ,ဓ) | ၂ | ၂ | ၂ | ၃ | ၁၀ | ၁၆ |
| ဆန္ဒိဒ္ဓိပါဒေါ၊ လောကုတ္တရာစိတ် ၈-ခုရှိ ဆန္ဒ (သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝီရိယိဒ္ဓိပါဒေါ၊လောကုတ္တရာ ၈-ခုရှိ ဝီရိယ (သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| စိတ္တိဒ္ဓိပါဒေါ၊လောကုတ္တရာစိတ် ၈-ခု (ဝိ×မ×မနောဝိ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝီမံသိဒ္ဓိပါဒေါ၊လောကုတ္တရာစိတ် ၈-ခုရှိ ပညာ(သင်×ဓ×ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဈာနံ (ဝေ, သင်× ဓမ္မ× ဓမ္မ) | ၂ | ၁ | ၁ | ၃ | ၁၁ | ၁၇ |
| အပ္ပမညာ (သင်× ဓမ္မ× ဓမ္မ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မေတ္တာ ။ ရူပါဝစရ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၌ရှိသော အဒေါသ (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ကရုဏာ ။ (လ) ကရုဏာ စေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မုဒိတာ ။ (လ) မုဒိတာ စေတသိက် (သင်× ဓ× ဓ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဥပေက္ခာ ။ ရူပါဝစရ ပဉ္စမဈာန်၌ရှိသော တတြမဇ္ဈတ္တတာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပဉ္စိန္ဒြိယာနိ (သင်× ဓမ္မ× ဓမ္မ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သဒ္ဓိန္ဒြိယံ၊လောကုတ္တရာစိတ် ၈-ခု၌ရှိသော သဒ္ဓါ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝီရိယိန္ဒြိယံ၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သတိန္ဒြိယံ ။ လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမာဓိန္ဒြိယံ၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဧကဂ္ဂတာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပညိန္ဒြိယံ ။လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပဉ္စ ဗလာနိ (သင်× ဓမ္မ× ဓမ္မ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သဒ္ဓါဗလံ၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော သဒ္ဓါ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝီရိယဗလံ ။ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သတိဗလံ ။ လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမာဓိဗလံ၊ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဧကဂ္ဂတာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပညာဗလံ ။ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

➤ ဈာန် ၄-ပါးကား ။ ။ ၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅-ပါးသည် ပဌမဈာန်မည်၏။ ၂။ ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၃-ပါးသည် ဒုတိယဈာန်မည်၏။ ၃။ သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးသည် တတိယဈာန်မည်၏။ ၄။ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးသည် စတုတ္ထဈာန်မည်၏။

http://www.dhammadownload.com



| | | | | | | |
|---|---|---|---|---|---|---|
| သတ္တ ဗောဇ္ဈင်္ဂါ (သင်× ဓမ္မ× ဓမ္မ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သတိသမ္ဗောဇ္ဈင်္ဂါ• လောကုတ္တရာစိတ် ၈-ခု၌ သတိ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါ • (ပ) ပညာစေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝီရိယသမ္ဗောဇ္ဈင်္ဂါ• (ပ) ဝီရိယစေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပီတိသမ္ဗောဇ္ဈင်္ဂါ • (ပ) ပီတိစေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ • (ပ) ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမာဓိသမ္ဗောဇ္ဈင်္ဂါ • (ပ) ဧကဂ္ဂတာစေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂါ • လောကုတ္တရာစိတ် ၈-ခု၌ ရှိသော တတြမဇ္ဈတ္တတာ စေတသိက် (သင်×ခ×ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာဒိဋ္ဌိ• လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာသင်္ကပ္ပ• လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝိတက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာဝါစာ• လောကုတ္တရာစိတ် ၈-ခု၌ရှိ-သမ္မာဝါစာ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာကမ္မန္တ• လောကုတ္တရာစိတ် ၈-ခု၌ရှိ-သမ္မာကမ္မန္တ | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာအာဇီဝ • (လ) သမ္မာအာဇီဝ စေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာဝါယာမ • (လ) ဝီရိယ စေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာသတိ • (လ) သတိ စေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သမ္မာသမာဓိ • (လ) ဧကဂ္ဂတာ စေတသိက် | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ (သင်× ဓမ္မ× ဓမ္မ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

[အရိယော။မြတ်သော။(ဝါ) ဖြူစင်သော။(ဝါ) ကိလေသာတည်းဟူသော အညစ်အကြေး မရှိသော။အဋ္ဌင်္ဂိကော၊၈-ပါးသော အင်္ဂါရှိသော။(ဝါ) ၈-ပါးသော အင်္ဂါနှင့် ပြည့်စုံသော။မဂ္ဂေါ၊မဂ်သည်။]

**ပဉ္စသဗ္ဗတ္ထကရာသိ (၅)ပါး [ပါဠိ] (သင်္ဂဟိတ/အသင်္ဂဟိတ)**

| | | | | | | |
|---|---|---|---|---|---|---|
| ဖဿော• စိတ် ၈၉-ပါး၌ရှိသော ဖဿ (သင်×ခ×ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| ဝေဒနာ • စိတ် ၈၉-ပါး၌ရှိသော ဝေဒနာ (ဝေ×ခ×ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| သညာ • စိတ် ၈၉-ပါး၌ရှိသော သညာ (သညာ×ခ×ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| စေတနာ• စိတ် ၈၉-ပါး၌ရှိသော စေတနာ (သင်×ခ×ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| စိတ္တံ • စိတ် ၈၉-ပါး (ဝိ×မန×သတ္တဝိ) | ၁ | ၁ | ၇ | ၄ | ၁၁ | ၁၁ |
| အဓိမောက္ခော •ဒွေးပဉ္စဝိညာဉ်-၁၀၊ ဝိစိကိစ္ဆာသဟဂုတ် ကြဉ် စိတ် ၇၈-ခု၌ရှိသော အဓိမောက္ခ (သင်× ခ× ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |
| မနသိကာရော •စိတ် ၈၉-ပါး၌ရှိ မနသိကာရ (သင်×ခ×ခ) | ၁ | ၁ | ၁ | ၄ | ၁၁ | ၁၇ |

http://www.dhammadownload.com



➢ ဒုတိယနယ၌ အကျဉ်းဥဒါန်းစဉ်ဂါထာ (ဟောပုဒ်ပေါင်း ၄၂-ပုဒ်)

ဒသာယတနာ သတ္တရသ ဓာတုယော၊ သတ္တိန္ဒြိယာ အသညာဘဝေါ ဧကဝေါကာရဘဝေါ။ ပရိဒေဝေါ သနိဒဿနသပ္ပဋိဃံ၊ အနိဒဿနံ ပုနဒေဝ သပ္ပဋိဃံ ဥပါဒါတိ။

ဒသ၊၁၀-ပါးကုန်သော။အာယတနာစ၊ဩဠာရိကာယတနတို့ရင်း။သတ္တရသ၊၁၇-ပါးကုန်သော။ဓာတုယောစ၊ဩဠာရိကဓာတ်, သတ္တဝိညာဏဓာတ်တို့ရင်း။သတ္တ၊၇-ပါးကုန်သော။ဣန္ဒြိယာစ၊ရုပ်ဣန္ဒြေတို့ရင်း။အသညာဘဝေါစ၊အသညာဘဝရင်း။ဧကဝေါကာရဘဝေါစ၊ဧကဝေါကာရဘဝရင်း။ပရိဒေဝေါစ၊ပရိဒေဝရင်း။သနိဒဿနသပ္ပဋိဃဥ္စ၊သနိဒဿနသပ္ပဋိဃရင်း။အနိဒဿနဥ္စ၊အနိဒဿနရင်း။ပုနဒေဝ၊သနိဒဿနရင်း။သပ္ပဋိဃဥ္စ၊သပ္ပဋိဃရင်း။ဥပါဒါ၊ဥပါဒါရုပ်ရင်း။ဣတိ၊ဤသို့။ဧတာနိ၊ ဤ(၄၂)ပုဒ်တို့ကို။ ဣမသ္မိံ ဝါရေ၊ဤဒုတိယနယဝါရ၌။ဘဂဝတာ၊သည်။ဝုတ္တာနိ၊ဟောအပ်ကုန်၏။

➢ အကျဉ်းဆောင်။ ။ စ၊ ဖော၊ စ၊ ဣ၊ အ၊ အ၊ သ၊ ဥ။

စ–အရ = ၂၆–ပါးကား ။ ။ ဖောဋ္ဌဗ္ဗာယတနကြဉ်သော ဩဠာရိကာယတန ၉-ပါး၊ ဖောဋ္ဌဗ္ဗဓာတ်ကြဉ်သော ဩဠာရိကဓာတ် ၉-ပါး၊ ပသာဒိန္ဒြေ ၅-ပါး၊ ပရိဒေဝ ၁-ပါး၊ သနိဒဿနသပ္ပဋိဃ ၁-ပါး၊ သနိဒဿန ၁-ပါး-တို့ ဖြစ်ပါသည်။

* ဖော–အရ ၂–ပါးကား ။ ။ ဖောဋ္ဌဗ္ဗာယတန, ဖောဋ္ဌဗ္ဗဓာတ် ဖြစ်ပါသည်။

* စ–အရ ၇–ပါးကား ။ ။ သတ္တဝိညာဏဓာတ် ၇-ပါး ဖြစ်ပါသည်။

* ဣ–အရ ၂–ပါးကား ။ ။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ-တို့ ဖြစ်ပါသည်။

* အ–အရ ၂–ပါးကား ။ ။ အသညာဘဝ, ဧကဝေါကာရဘဝ-တို့ ဖြစ်ပါသည်။

* အ–အရ • အနိဒဿနသပ္ပဋိဃ ၁-ပါး။ * သ–အရ • သပ္ပဋိဃ ၁-ပါး၊

* ဥ–အရ • ဥပါဒါ ၁-ပါး ဖြစ်ပါသည်။

➢ ဒုတိယနယ၌ ဟောသောတရား ။ ။ ခန္ဓာတူ, အာယတနကွဲ, ဓာတ်ကွဲတရားများကို ဟောပါသည်။ (တစ်နည်း) ခန္ဓာတူ, အာယတနတူ, ဓာတ်ကွဲတရားများကို ဟောပါသည်။ (တစ်နည်း) စက္ခာယတန စသည်တို့ကဲ့သို့ နာမ်တရားနှင့် မရောမယှက် ရုပ်တချို့တဝက်သာ ရသောပုဒ်မျိုး၊ စက္ခုဝိညာဏဓာတု စသည်တို့ကဲ့သို့ အခြားတရားတို့နှင့် မရောမယှက် စိတ်တချို့တဝက်ကိုသာ ရသောပုဒ်မျိုးတို့ကို ဟောပါသည်။

➢ ဒုတိယနယ–၌ မဟောသော ပုဒ်အမျိုးအစား ။ ။ စေတသိက်ရသောပုဒ်, နိဗ္ဗာန်ရသောပုဒ်, ရူပက္ခန္ဓာ-စသော ရုပ်အကုန်ရသောပုဒ်, ဝိညာဏက္ခန္ဓာ မနာယတန မနိန္ဒြေ စိတ္တုပ္ပါဒမ္ဗော-စသော စိတ်အကုန်ရသောပုဒ်တို့ကို မဟောပါ။

➢ ဒုတိယနယ၌ ဟောပုဒ်တရားသည် ရုပ်တစိတ်ကိုဟောလျှင် ယေ ဗေ္ဘာ–အရ ဟောသင့်သောတရား ။ ။ ဩဠာရိကရုပ်တစ်စိတ်ကို ဟောလျှင် ယေ ဗေ္ဘာ-အရ

http://www.dhammadownload.com



ကြွင်းသော ရုပ်တရားကို ဟောသင့်ပါသည်။ သုခုမရုပ်တစ်စိပ်ကို ဟောလျှင် ယေ ဓမ္မာ-အရ ဩဠာရိကရုပ်တရားများကို ဟောသင့်ပါသည်။

➤ **ဒုတိယနယ-လာ ယေ-၏ အင်္ဂါလက္ခဏာ** ။ ။ (၁) ဟောပုဒ်က ရုပ်တစ်စိတ်ကို ဟောလျှင် ခန္ဓာတူ အာယတနကွဲ ဓာတ်ကွဲတရားကို ကောက်ရမည်။ ထိုတွင် (က) ဩဠာရိကကို ဟောပုဒ်လုပ်လျှင် ကြွင်းသော ရုပ်ကို ယေစွဲရပါမည်၊ (ခ) သုခုမရုပ်ကို ဟောပုဒ်လုပ်လျှင် ဩဠာရိကရုပ်ကို ယေစွဲရပါမည်၊ (ဂ) ဩဠာရိကရုပ် သုခုမရုပ် ရော၍ ဟောပုဒ်လုပ်လျှင် ကြွင်းသော ဩဠာရိကရုပ်ကိုသာ ယေစွဲရပါမည်။

၂။ စိတ်တစ်စိတ်ကို ဟောလျှင် ခန္ဓာတူ အာယတနတူ ဓာတ်ကွဲတရားကို ယေ ဓမ္မာ အရ ကောက်ရပါသည်။ ထိုတွင် သတ္တဝိညာဏဓာတ်ကို ဟောပုဒ်လုပ်လျှင် ကြွင်းသော ဆဝိညာဏဓာတ်ကို ယေစွဲရပါမည်။

➤ **ဒုတိယ, တတိယနယတို့၌ ကတ္တားပြန်၍ ဟောတော်မမူရခြင်းအကြောင်း**

သင်္ဂဟိတ အသင်္ဂဟိတ-တို့ဖြင့် အထူးမှတ်အပ်လေပြီးဖြစ်၍ နာဝိဘတ်သည် ဝိသေသနအနက်၌ ဖြစ်သည်အားလျော်စွာ ကတ္တားပြန်၍ ဟောတော်မမူပါ။

➤ **ဆောင်** ။ ။ ✱ ဩဠာရိကာ၊ ဟောသောခါ၊ သေသာ ရုပ်ကုန်စွဲ။(၂၇/၂၅)

✱ ရုပ်သုခုမာ၊ ဟောသောခါ၊ ဩဠာရိက ကိုသာစွဲ။ (ဩဠာရိကရုပ်-၁၂)

✱ သုခုမောဠာ၊ ရောသောခါ၊ ကြွင်းဩဠာရိက ကိုသာစွဲ။

✱ သတ္တဝိညာဏ်၊ ဟောတုံပြန်၊ ကြွင်း ဆဝိညာဏ် အကုန်စွဲ။

၁။ ဟောပုဒ်သည် ဩဠာရိကရုပ် အမျိုးအစားဖြစ်ပါက ဟောပုဒ်မှတစ်ပါး ကျန်ရုပ်တရားများကို "ယေဓမ္မာ" အရ စွဲပါ။ [ ယေ ဓမ္မာ၊အကြင် စက္ခာယတနကြဉ် ရုပ် သတ္တဝီသ(၂၇) တို့ကို။ ယေဓမ္မာ၊အကြင်ဖောဋ္ဌဗ္ဗာယတနကြဉ် ရုပ် ပဉ္စဝီသတို့ကို။]

၂။ ဟောပုဒ်သည် သုခုမရုပ်အမျိုးအစားဖြစ်ပါက ဩဠာရိကရုပ်ကိုသာ "ယေ ဓမ္မာ" အရ စွဲပါ။ [ယေ ဓမ္မာ၊အကြင်ဩဠာရိကရုပ် ဒွါဒသ(၁၂) တို့ကို။]

၃။ ဟောပုဒ်သည် ဩဠာရိကရုပ်, သုခုမရုပ် ရောနှောနေပါက ကျန်ဩဠာရိကရုပ်များကိုသာ "ယေဓမ္မာ" အရ စွဲပါ။ [ ယေဓမ္မာ၊အကြင် ရူပါရုံကြဉ်သော ဩဠာရိက ရုပ် ဧကာဒသ (၁၁) တို့ကို။ ယေဓမ္မာ၊အကြင် ရူပါရုံ သုခုမရုပ် သောဠသတို့ကို]

၄။ စက္ခုဝိညာဏဓာတ်ကို ဟောပုဒ်လုပ်ပါက ကြွင်းဆဝိညာဏဓာတ်ကို "ယေ ဓမ္မာ" အရ စွဲပါ။

➤ **သနိဒဿနသပ္ပဋိဃေဟိ**၊မြင်ခြင်းနှင့်တကွ ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော /**သနိဒဿနေဟိ**၊မြင်ခြင်းနှင့်တကွဖြစ်ကုန်သော။ဓမ္မေဟိ၊ရူပါရုံတို့သည်။ ✱ [ဒုတိယ ·ယ-အလို] ယေ ဓမ္မာ၊အကြင် ရူပါရုံကြဉ်သော ရုပ် သတ္တဝီသတို့ကို။

http://www.dhammadownload.com



➤ ပရိဒေဝေန၊ပရိဒေဝသည်။[ဒုတိယနယ–အလို] ယေ ဓမ္မာ၊အကြင် ပရိဒေဝ (သဒ္ဒါယတန)ကြဉ် ရုပ် ၂၇-ပါးတို့ကို။ [စတုတ္ထ/ဧကာဒသမနယ–အလို] ပရိဒေဝေန၊ ပရိဒေဝသည်။(ဝါ) ပရိဒေဝစိတ္တဇဝိပလ္လာသ သဒ္ဒသည်။ ယေ ဓမ္မာ၊အကြင် အပရိဒေဝ စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒတို့ကို။ * တေဟိ ဓမ္မေဟိ၊ထို အပရိဒေဝ စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒတို့ သည်။ * ယေ ဓမ္မာ၊အကြင် ပရိဒေဝစိတ္တဇဝိပလ္လာသ သဒ္ဒတို့ကို။ [ပဥ္စမ/တေရသမ နယ–အလို] ယေ ဓမ္မာ၊အကြင် နာမက္ခန္ဓာ ၄-ပါး နိဗ္ဗာန်တို့ကို။ * တေဟိ ဓမ္မေဟိ၊ထို နာမက္ခန္ဓာ ၄-ပါး နိဗ္ဗာန်တို့သည်။ * ယေ ဓမ္မာ၊ အကြင် သြဠာရိကရုပ် ၁၂-ပါးတို့ကို။ [အဋ္ဌမ/ဒသမ/စုဒ္ဒသမနယများ–အလို] (စက္ခာယတနနှင့် နည်းတူ။)

➤ အသညာဘဝေန၊အသညာဘဝသည်။[ဒုတိယနယ–အလို] ယေ ဓမ္မာ၊အကြင် ရုပ်ပါရုံကြဉ်သော သြဠာရိကရုပ် ဧကာဒသတို့ကို။ [ပဥ္စမ/တေရသမနယ–အလို] ယေ ဓမ္မာ၊အကြင်စိတ် ၈၉-ပါးတို့ကို။ * တေဟိ ဓမ္မေဟိ၊ထိုစိတ် ၈၉-ပါးတို့သည်။ * ယေ ဓမ္မာ၊အကြင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်တို့ကို။

[အဋ္ဌမ/ဒသမ/စုဒ္ဒသမနယ–အလို] အသညာဘဝေန၊နှင့်။ယေ ဓမ္မာ၊အကြင် နာမက္ခန္ဓာ ၄-ပါးတို့သည်။(ဝိပ္ပယုတ္တာ၊မယှဉ်ကုန်) * တေဟိ ဓမ္မေဟိ၊ထိုနာမက္ခန္ဓာ ၄-ပါးတို့နှင့်။ * ယေ ဓမ္မာ၊အကြင် ရုပ်-၂၈၊ နိဗ္ဗာန်တို့သည်။(ဝိပ္ပယုတ္တာ၊မယှဉ်ကုန်)။

➤ ဧကဝေါကာရဘဝေန ယေ ဓမ္မာ (အသညာဘဝေန-နှင့် နည်းတူ)

**ဒုတိယနယ ဟောပုံနယ္ပပဓေသ**

| | | |
|---|---|---|
| စက္ခာယတနေန | ယေဓမ္မာ/ သင်္ဂဟိတာ၊ | တေဓမ္မာ/ ကတိဟိ အသင်္ဂဟိတာ။ |
| (စက္ခုပသာဒ) | စက္ခာယတနကြဉ် ရုပ်-၂၇ | (မရေတွက်အပ်ကုန်) |
| ခန်း ရူ ------------ ရူ | (၁) | ၄ (နာမက္ခန္ဓာ) |
| အာ• စက္ခာ --------- စက္ခာကြဉ် သြ-၉၊၀ (၁၀) | | ၂ (စက္ခာ၊မနာယတန) |
| ဓာ• စက္ခု ---------- စက္ခုကြဉ် သြ-၉၊၀ (၁၀) | | ၈ (စက္ခု၊သတ္တဝိညာဏ) |

➤ ဟောပုဒ်အရနှင့် ယေဓမ္မာ-အရ တရားတို့ကို ခန္ဓာ အာယတန ဓာတ် ဖွဲ့ထားပါ။ ဟောပုဒ်နှင့် ယေစွဲထားသည့်တရားတို့ ခန္ဓာ စသည်တူလျှင် သင်္ဂဟိတာ၊ မတူလျှင် အသင်္ဂဟိတာ-ဟု ဆိုပါ။ ဟောပုဒ်အရ ဖွဲ့ထားသော ခန္ဓာ အာယတန ဓာတ်တို့ကိုကြည့်ကာ ခန္ဓသင်္ဂဟေန• ရူပက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။အာယတနသင်္ဂဟေန• စက္ခာယတန-ဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊မရေတွက်အပ်ကုန်။ဓာတုသင်္ဂဟေန၊စက္ခု ဓာတ်ဟူသော ရေတွက်ခြင်း ဖြင့်။အသင်္ဂဟိတာ၊မရေတွက်အပ်ကုန်-ဟု အနက်ပေးပါ။ယေ ဓေ–အရ တရားတို့ မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကို ကြည့်၍ ပုစ္ဆာ ဝိသဇ္ဇနာ ပြုပါ။

➤ စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတနသင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ အသင်္ဂဟိတာ? တေ ဓမ္မာ စတူဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာ။ [စက္ခာယတနေန၊သည်။(ပ) ခန္ဓသင်္ဂဟေန၊ရူပက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။သင်္ဂဟိတာ၊ရေတွက်အပ်ကုန်၏။]

| ဟော ပုဒ် | ယေဝမ္မာ (အကြောင်း--တို့ကို) | သင်္ဂဟိတာ | | အသင်္ဂဟိတာ | | တေဝမ္မာ (တို့ကို) | ကတိဟိ အသင်္ဂဟိတာ(မရေတွက်အပ်ကုန်) | | |
|---|---|---|---|---|---|---|---|---|---|
| | | ခန္ဓ | အာ | အာ | ဓာ | | ခန္ဓေဟိ(တို့ဖြင့်) | အာ-ဟိ(တို့ဖြင့်) | ဓာ-ဟိ (တို့ဖြင့်) |
| စ | စက္ခာယတနကြဉ် ရုပ်-၂၇ | ရူ | × | စ | စ | ☜ | နာမက်+ ၄ | စ,မ+ ၂ | စ,သတ္တဝိ+၈ |
| ဖော | ဖော-ကြဉ် ရုပ်-၂၅ | ရူ | × | ဖော | ဖော | ☜ | နာမက်+ ၄ | ဖော,မ+ ၂ | ဖော,သတ္တဝိ+၈ |
| စ | စ-ဝိကြဉ် ဆဝိညာဏဓာတ် | ဝိ | မန | | စ-ဝိ | ☜ | ရူ,ဝေ,သညာ,သင်+၄ | ဩ,ဓ+ ၁၁ | ဩ,စဝိ,ဓ+၁၂ |
| ဣ | ဩဋ္ဌာရိကရုပ်-၁၂ | ရူ | × | ဓမ္မ | ဓမ္မ | ☜ | နာမက်+ ၄ | မ, ဓ+ ၂ | သတ္တဝိ, ဓ+၈ |
| အ | ရူပါရုံကြဉ် ဩဋ္ဌာရိကရုပ်-၁၁ | ရူ | × | ရူ ဓမ္မ | ရူ ဓမ္မ | ☜ | နာမက်+ ၄ | ရူ, မ, ဓ+ ၃ | ရူ, သတ္တဝိ, ဓ+ ၉ |
| အ | ရူပါရုံသုခုမရုပ်-၁၆ | ရူ | ရူကြဉ်-ဩ-၉ | | ဩ-၉ | ☜ | နာမက်+ ၄ | ရူ-ကြဉ်ဩ-၉, မ+၁၀ | ဩ-၉၊သတ္တဝိ+၁၆ |
| သ | သုခုမရုပ်-၁၆ | ရူ | × | ဩ-၁၀ | ဩ-၁၀ | ☜ | နာမက်+ ၄ | ဩ, မ+ ၁၁ | ဩ, သတ္တဝိ+၁၇ |
| ဥ | ပ-တေ-ဝါ-ဟုဆိုအပ်သော မဟာဘုတ် ၃-ပါး | ရူ | ဖောကြဉ်-ဩ-၉ × | ဓမ္မ | ဩ-၉ ဓမ္မ | ☜ | နာမက်+ ၄ | ဖော-ကြဉ်ဩ-၉ မ, ဓ+ ၁၁ | ဖောကြဉ် ဩ-၉ သတ္တဝိ,ဓ+ ၁၇ |

စ-စက္ခာယတနေန+၂၆၊ ဖော-ဖောဋ္ဌဗ္ဗာယတနေန+၂။ စ-စက္ခုဝိညာဏဓာတုယာ+၇၊ ဣ-ဣတ္ထိန္ဒြိယေန+၂။ အ-အသညီဘဝေန+၂။ အ-အနိဒဿန သပ္ပဋိဃေဟိ ဓမ္မေဟိ+၁၊ သ-သပ္ပဋိဃေဟိ ဓမ္မေဟိ+၁၊ ဥ-ဥပါဒါဓမ္မေဟိ+၁။ * အနိဒဿနသပ္ပဋိဃေဟိ-မြင်ခြင်းကားမရှိ ထိပါးခြင်းနှင့်သာ တကွဖြစ်ကုန်သော။ဓမ္မေဟိ၊ရူပါရုံကြဉ်သော ဩဋ္ဌာရိကရုပ် ၁၁-ပါးတို့သည်။ * သပ္ပဋိဃေဟိ၊ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော။ဓမ္မေဟိ၊ ဩဋ္ဌာရိကရုပ် ၁၂ပါးတို့သည်။* ဥပါဒါဓမ္မေဟိ၊မဟာဘုတ် ၄-ပါးကိုစွဲ၍ဖြစ်ကုန်သော ဥပါဒါရုပ် ၂၄ပါးတို့သည်။

http://www.dhammadownload.com

http://www.dhammadownload.com



## တတိယနယနိဒ္ဒေသ/အကျဉ်းဥဒါန်းစဉ် ဂါထာ (ဟောပုဒ်ပေါင်း-၉၀)

၁။ တယော ခန္ဓာ တထာ သစ္စာ၊ ဣန္ဒြိယာနိစ သော‌ဠသ။
ပဒါနိ ပစ္စယာကာရေ စုဒ္ဒသူပရိ စုဒ္ဒသ။

၂။ သမတိံသ ပဒါ ဟောန္တိ၊ ဂေါစ္ဆကေသု ဒသသွထ။
ဒုဝေ စူဠန္တရဒုကာ၊ အဋ္ဌ ဟောန္တိ မဟန္တရာတိ။

၁။ တယော၊၃-ပါးကုန်သော။ခန္ဓာ၊စေတသိက်ခန္ဓာတို့သည်ငင်း။တထာ၊ထို့အတူ။ သစ္စာ၊သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့သည်ငင်း။သောဠသ၊၁၆-ပါးကုန်သော ဣန္ဒြိယာနိစ၊ပသာဒိန္ဒြေ, မနိန္ဒြေကြဉ်သော ဣန္ဒြေတို့သည်ငင်း။ပစ္စယာကာရေပဋိစ္စ သမုပ္ပါဒ်၌။စုဒ္ဒသ၊၁၄-ပါးကုန်သော။ပဒါနိ၊အဝိဇ္ဇာ, သင်္ခါရ, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ဒုက္ခ, ဒေါမနဿ, ဥပါယာသပုဒ်တို့ သည်ငင်း။ဥပရိပဋိစ္စသမုပ္ပါဒ်မှ အထက်၌။စုဒ္ဒသ၊၁၄-ပါးကုန်သော။ပဒါနိ၊ဣဒ္ဓိပါဒ, စိတ္တု ပ္ပါဒ်နှစ်ပုဒ်သည် ကြဉ်အပ်ကုန်သော ပုဒ်တို့သည်ငင်း။

၂။ ဒသသု၊၁၀-ပါးကုန်သော။ဂေါစ္ဆကေသု၊ဂေါစ္ဆကတို့၌။သမတိံသ၊အမျှ ၃၀-ကုန် သော။ပဒါ၊တရားကိုယ်သာ ရကောင်းသော ပုဒ်တို့သည်ငင်း။ဟောန္တိ၊ဖြစ်ကုန်၏။အထ၊ ထို့မှို့။စူဠန္တရဒုကာ၊စူဠန္တရဒုက်မှ။ဒုဝေ၊အပ္ပစ္စယ, အသင်္ခတ ၂-ပုဒ်တို့သည်ငင်း။ မဟန္တ ရာ၊မဟန္တရဒုက်မှ။အဋ္ဌ၊၈-ပါးကုန်သော။ပဒါ၊စေတသိက်ကိုသာ ရကောင်းသောပုဒ်, စေတသိက်နှင့်တကွ ဝိညာဏ်ခွဲကို ရသောပုဒ်တို့သည်ငင်း။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ ဤသို့။တောနိ နဝုတိပဒါနိ၊ဤ(၉၀) သောပုဒ်တို့ကို။ဣမသ္မိံ ဝါရေ၌၊တတိယနယ နိဒ္ဒေသဝါရ၌။ဘဂဝတာ၊မြတ်စွာဘုရားသည်။ဝုတ္တာနိ၊ဟောတော်မူအပ်ကုန်၏။

➤ တတိယနယ/အကျဉ်းဆောင် ။ ။ ဝေ၊ သဉ်၊ သင်၊ နိ၊ ဣ၊ ဇီ၊ ဈာ၊ စေ၊ စိ။

* ဝေ–အရ (၁၁)ပါးကား • ဝေဒနာက္ခန္ဓာ ၁-ပါး၊ဝေဒနိန္ဒြေ ၅-ပါး၊ဖဿပစ္စယာ ဝေဒနာ, သောက, ဒုက္ခ, ဒေါမနဿ ပဋိစ္စသမုပ္ပါဒ်၌ ၄-ပါး၊ ဖဿသတ္တကရာသီ၌ ဝေဒနာ ၁-ပါး တို့ဖြစ်ပါသည်။

* သဉ်–အရ ၂–ပါးကား • သညာက္ခန္ဓာ ၁-ပါး၊ ဖဿသတ္တကရာသီ၌ သညာ။

* သင်–အရ ၅၉–ပါးကား • သင်္ခါရက္ခန္ဓာ ၁-ပါး၊ သမုဒယ, မဂ္ဂသစ္စာ ၂-ပါး၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေအားဖြင့် ၈-ပါး၊ အဝိဇ္ဇာ, သင်္ခါရ, ဖဿ, ဝေဒနာ, တဏှာ ဥပါဒါန်, ကမ္မဘဝ, ဥပါယာသ ပဋိစ္စသမုပ္ပါဒ်၌ ၇-ပါး၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, အပ္ပ မညာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ဖဿ စေတနာ, အဓိမောက္ခ, မနသိကာရ အထက် ၌ ၁၁-ပါး၊ ဂေါစ္ဆက၌ တရားကိုယ်သာ ရကောင်းသောပုဒ် ၃၀-အားဖြင့် ၅၉-ပါး။

http://www.dhammadownload.com



* **နိ–အရ ၃–ပါးကား** • နိရောဓသစ္စာ၊ စူဠန္တရဒုက်၌ အပ္ပစ္စယ, အသင်္ခတ ၂-ပါး

* **ဣ–အရ ၂–ပါးကား** • ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ-တို့ ဖြစ်ပါသည်။

* **ဇီ–အရ ၄–ပါးကား** • ဇီဝိတိန္ဒြေ ၁-ပါး၊ ပဋိစ္စသမုပ္ပါဒ်၌ ဇာတိ, ဇရာ, မရဏ ၃-ပါး-တို့ ဖြစ်ပါသည်။

* **ဈာ–အရကား** • ဈာန ၁-ပါး ဖြစ်ပါသည်။

* **စေ–အရ ၆–ပါးကား** • စေတသိက, စိတ္တသမ္ပယုတ္တ, စိတ္တသံသဋ္ဌ, စိတ္တသံသဋ္ဌ သမုဋ္ဌာန, စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူ, စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိ-တို့ဖြစ်သည်။

* **စိ–အရ ၂–ပါးကား** • စိတ္တသဟဘူ, စိတ္တာနုပရိဝတ္တိ-တို့ ဖြစ်ပါသည်။

➤ **တတိယနယ–လာ ယေ–၏ အင်္ဂါလက္ခဏာများ** ။ ။ (၁) ဓမ္မာယတန တချို့ တဝက်သာ ရသောတရားဖြစ်ခြင်း လက္ခဏာ၊ (၂) ခန္ဓာကွဲ အာယတနတူ ဓာတ်တူ တရားဖြစ်ခြင်း လက္ခဏာ-တို့ဖြစ်ပါသည်။

➤ **တတိယနယ၌ ဟောသော တရား ၅–မျိုး** ။ ။ (၁) ဝေဒနာ၊ (၂) သညာ၊ (၃) သင်္ခါရ (၄) သုခုမရုပ် (၅) နိဗ္ဗာန်-တို့ ဖြစ်ပါသည်။

➤ **တတိယနယ၌ ဟောသောတရား** ။ ။ ခန္ဓာကွဲ, အာယတနတူ, ဓာတ်တူတရား များကို ဟောပါသည်။[တစ်နည်း] ဝိညာဉ်(စိတ်)နှင့် မရောမယှက် ဓမ္မာယတန တချို့ တဝက်ကိုသာ ရသောပုဒ်မျိုး၊ ဩဠာရိကရုပ်နှင့် မရောမယှက် ဓမ္မာယတန တချို့တဝက် ကိုသာ ရသောပုဒ်မျိုးတို့ကို ဟောပါသည်။

➤ **တတိယနယ၌ မဟောသော တရား** ။ ။ ဝိညာဏက္ခန္ဓာကဲ့သို့ စိတ်အားလုံးကို အရကောက်ရသော ပုဒ်မျိုး၊ ရူပက္ခန္ဓာကဲ့သို့ ရုပ်အားလုံးကို အရကောက်ရသော ပုဒ် မျိုး၊ စက္ခာယတန စသည်ကဲ့သို့ ဩဠာရိကရုပ်ကို အရကောက်ရသော ပုဒ်မျိုး၊ စေတ သိက် ဒွေပညာသ, သုခုမရုပ် သောဠသ, နိဗ္ဗာန် တရားတို့ကို အရကောက်ရသော ဓမ္မာယတန, ဓမ္မဓာတ်-စသော ပုဒ်မျိုးတို့ကို မဟောပါ။

* **ကျက်မှတ်ရန်** ။ ။ ဝေ သဉ် သင် သု၊ နိဗ္ဗာန်ဟု၊ ငါးစု ခွဲပုံပါ။ ထိုငါးပုံတွင်၊ ဟော ပုဒ်ကြည်၊ ကျန်လျှင် ယေစွဲရာ။ [ ဝေဒနာ, သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန် ]

**တတိယနယ ဖော်ပုံနယူပဓေသ**

| ဝေဒနာက္ခန္ဓေန (ဝေ) | ယေ ဓမ္မာ/ တေ ဓမ္မာ သဉ် သင် သု နိ | ကတိဟိ/အသင်္ခတံ ခန္ဓတော သင်္ဂဟိတာ ဌပေတွာ | (ရေတွက်အပ်) |
|---|---|---|---|
| ခန်• ဝေ | ရှ သဉ် သင် | [အသင်္ခတံ၊နိဗ္ဗာန်ကို။ခန္ဓတော၊ | ၃ |
| အာ• ဓ | ဓ | ခန္ဓာဟူသော အရေအတွက်မှ။ | ၁ |
| ဓာ• ဓ | ဓ | ဌပေတွာ၊ထား၍။ ဝါ၊လွှတ်၍။] | ၁ |

http://www.dhammadownload.com

# တတိယနယနိဒ္ဒေသ

အကျဉ်းဆောင် ။ ။ ဝေ၊ သဉ်၊ သင်၊ နိ၊ ဣ၊ ဝိ၊ ဈာ၊ စေ၊ စိ။

➤ ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊ အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ? တေ ဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ တီဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။[ဝေ--နှင့် စန္ဒာကွဲ အာဓာ ဓာတ်ဘူတရေး။ ယေ အစွဲကိုကြည့်၍ သညာ,သင်္ခါရ,သုခုမရုပ်,နိဗ္ဗာန်ဟု ဖြေလေ။]

| ဟော ပုဒ် | ယေ ဓမ္မာ (အကြောင်း--တို့ကို) | အသင်္ဂဟိတာ ခန္ဓ | သင်္ဂဟိတာ အာ | သင်္ဂဟိတာ ဓာ | တေ ဓမ္မာ (ထို-တို့ကို) | အသင်္ခတံ ခန္ဓတော ဌပေတွာ | ကတိဟိ/သင်္ဂဟိတာ (ရေတွက်အပ်) ခန္ဓေဟိ (တို့ဖြင့်) | အာ | ဓာ |
|---|---|---|---|---|---|---|---|---|---|
| ဝေ | သညာ,သင်္ခါရ,သုခုမရုပ်,နိဗ္ဗာန် | ဝေ | ဓမ္မ | ဓမ္မ | ☜ | ။ [illegible] | ရူ,သဉ်,သင်+ ၃ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| သဉ် | ဝေဒနာ, သင်, သု, နိ | သဉ် | ဓမ္မ | ဓမ္မ | ☜ | ။ | ရူ,ဝေ,သင်+ ၃ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| သင် | ဝေဒနာ,သညာ,သုခုမရုပ်, နိ | သင် | ဓမ္မ | ဓမ္မ | ☜ | ။ | ရူ,ဝေ,သဉ်+ ၃ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| နိ | ဝေဒနာ,သညာ,သင် သု | ခန္ဓာ | ဓမ္မ | ဓမ္မ | ☜ | × | ရူ,ဝေ,သဉ်,သင်+၄ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| ဣ | ဝေဒနာ,သညာ,သင်,နိ | ရူ | ဓမ္မ | ဓမ္မ | ☜ | ။ | ဝေ,သဉ်,သင်+ ၃ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| ဝိ | ဝေဒနာ,သညာ,နိဗ္ဗာန် | ရူ-သင် | ဓမ္မ | ဓမ္မ | ☜ | ။ | ဝေ,သဉ်+ ၂ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| ဈာ | သညာ,သုခုမရုပ်,နိဗ္ဗာန် | ဝေ-သင် | ဓမ္မ | ဓမ္မ | ☜ | ။ | ရူ,သဉ်+ ၂ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| စေ | သုခုမရုပ်,နိဗ္ဗာန် | ဝေ-သဉ်-သင် | ဓမ္မ | ဓမ္မ | ☜ | ။ | ရူ+ ၁ | ဓမ္မ+၁ | ဓမ္မ+ ၁ |
| စိ | နိဗ္ဗာန် | ခန္ဓာ | ဓမ္မ | ဓမ္မ | ☜ | ။ | န ကေဟိစိ ခန္ဓေဟိ | ဓမ္မ+၁ | ဓမ္မ+ ၁ |

➤ ဝေ-ဝေဒနာက္ခန္ဓေန+၁၁၊ သဉ်-သညာက္ခန္ဓေန+၂ သင်-သင်္ခါရက္ခန္ဓေန+၅၉၊ နိ-နိရောဓ သစ္စေန+၃၊ ဣ-ဣတ္ထိန္ဒြိယေန+၂ ဝိ-ဝိဝိတိန္ဒြိယေန+၄၊ ဈာ-ဈာနေန+၁၊ စေ-စေတသိကေဟိ ဓမ္မေဟိ+၆၊ စိ-စိတ္တသဟဘူဟိ ဓမ္မေဟိ+၂။ [စေတသိကေဟိ၊စေတသိက်ဖြစ်ကုန်သော။

* စိတ္တသဟဘူဟိ၊ စိတ်နှင့်တကွဖြစ်ကုန်သော။ဓမ္မေဟိ၊စေတသိက်ဒွေပညာသ, ဝိညတ်ဒွေတို့သည်။]

http://www.dhammadownload.com



**စတုတ္ထနယနိဒ္ဒေသ/ကောဒသမနယနိဒ္ဒေသ အကျဉ်းဥဒါန်းစဉ် ဂါထာ**

ဒွေ သစ္စာ ပန္နရသိန္ဒြိယာ၊ ဧကာဒသ ပဋိစ္စပဒါ။ (ဟောပုဒ်ပေါင်း-၆၉)

ဥဒ္ဒံ ပုန ဧကာဒသ၊ ဂေါစ္ဆကပဒမေတ္ထ တိံသဝိဓာတိ။

ဒွေ၊ ၂-ပါးကုန်သော။သစ္စာ၊သမုဒယသစ္စာ, မဂ္ဂသစ္စာတို့ရင်း။ပန္နရသ၊၁၅-ပါးကုန်သော။ဣန္ဒြိယာ၊ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ,အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့ရင်း။ဧကာဒသ၊၁၁-ပါးကုန်သော။ပဋိစ္စပဒါ၊အဝိဇ္ဇာ, သင်္ခါရ, ဖဿ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တို့ရင်း။ပုန၊တဖန်။ဥဒ္ဒံ၊အထက်၌။ဧကာဒသ၊၁၁-ပါးကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန်, အပ္ပမညာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ဖဿ စေတနာ, အဓိမောက္ခ, မနသိကာရ-တို့ရင်း။ တိံသဝိဓံ၊ ၃၀- အပြားရှိသော။ဂေါစ္ဆကပဒံ၊တရားကိုယ်သာ ရကောင်းသော ဂေါစ္ဆကပုဒ်ရင်း။ဣတိ ဣမိနာ ပဘေဒေန၊ဤသို့သော အပြားအားဖြင့်။ဧကူနသတ္တတိပဒါနိ၊တခုယုတ် (၇၀) သော ပုဒ်တို့ကို။ဝေဋ္ဌားဤစတုတ္ထနယနိဒ္ဒေသ၌။ဘဂဝတာ၊သည်။ဝုတ္တာနိ၊ဟောအပ်ကုန်၏

➢ အကျဉ်းချုပ် ॥ ॥ သ၊ မ၊ ဣ၊ သု၊ ပ+ ၅-ပါး

* **သ-အရ ၄၃-ပါးကား** ॥ ॥ သမုဒယသစ္စာ ၁-ပါး၊ ဣန္ဒြေ၌ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေအားဖြင့် ၃-ပါး၊ ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ, ဖဿ, တဏှာ, ဥပါဒါန်, ဥပါယာသ အားဖြင့် ၅-ပါး၊ ဖဿသတ္တကရာသိ၌ ဖဿ, စေတနာ, အဓိမောက္ခ, မနသိကာရ အားဖြင့် ၄-ပါး။ ဂေါစ္ဆက၌ တရားကိုယ်သာ ရကောင်းသော ပုဒ်ပေါင်း ၃၀+ ၄၃

